# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၂၅၆)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်

၂၀၁၄ ခုနှစ်၊ ဇွန် ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့။


**လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း**

စာမျက်နှာ-၉

ပြည်သူ့လွှတ်တော်အစည်းအဝေး

## ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးတွဲတုံ့ပြန်ရေး အာဆီယံကြေညာစာတမ်း လက်မှတ်ရေးထိုးခဲ့ပြီး ပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဇွန် ၁၇**

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မေးခွန်းများ မေးမြန်းဖြေကြားခြင်းကဏ္ဍတွင် ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို၏ **“ရာသီဥတုပြောင်းလဲမှုနှင့် အပူချိန်မြင့်မားလာမှုတို့ကြောင့် ရေရှားပါးမှုဒဏ် ကြုံတွေ့နိုင်သည့်အတွက် ရာသီဥတုဆိုင်ရာ အမျိုးသားရေးမူဝါဒတစ်ရပ်ရေးဆွဲရန် အစီအစဉ် ရှိ၊မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်က မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကွန်ဗင်းရှင်း ( United Nations Framework Convention on Climate Change-UNFCCC)အား ၁၉၉၂ ခုနှစ် ဇွန် ၁၁ ရက်တွင် လက်မှတ်ရေးထိုး၍ အဖွဲ့ဝင်အဖြစ်ပါဝင်ကာ ကွန်ဗင်းရှင်းနှင့် ယင်း၏နောက်ဆက်တွဲ စာချုပ်ပါ လိုက်နာဆောင်ရွက်ရန် အချက်များကို မိမိနိုင်ငံ အတိုင်းအတာဖြင့် လိုက်နာဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါကြောင်း။

*စာမျက်နှာ ၇ ကော်လံ ၁* ❖

အမျိုးသားလွှတ်တော်အစည်းအဝေး

## ချင်းပြည်နယ်အပါအဝင် ဝေးလံခေါင်သီဒေသများမှ ဘွဲ့ရလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေး

**နေပြည်တော် ဇွန် ၁၇**

ဝန်ထမ်းတစ်ဦးကို ဖွဲ့စည်းပုံပါရာထူးတစ်ခု၌ အတည်ပြုခန့်ထားရာတွင် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအရ ဝန်ထမ်းသည် အသက်(၁၈)နှစ်ပြည့်ပြီးဖြစ်ရမည်ဟု သတ်မှတ်ပြဋ္ဌာန်းထားခြင်းမှတစ်ပါး အမှုထမ်းအဆင့်ကိုဖြစ်စေ၊ အရာထမ်းအဆင့်ကိုဖြစ်စေ အသက်ကိုမည်ရွေ့မည်မျှကန့်သတ်ပြီး ရွေးချယ်ခန့်ထားရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိပါကြောင်းဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက ယနေ့အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ဖြေကြားခဲ့သည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်၏ **“ဝန်ထမ်းခန့်ထားရန် အခွင့်အလမ်းပေါ်လာသည့်အချိန်တွင် အသက်သတ်မှတ်ချက်ကျော်လွန်သော ဘွဲ့ရလူငယ်များ၏အသက်ကို ပြန်လည်လျှော့ပေါ့ပေးရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာ၌ အထက်ပါအတိုင်း ထည့်သွင်းရှင်းလင်းခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက ဝန်ကြီးဌာနများ၏ ဖွဲ့စည်းပုံပါ ရာထူးတွင်

*စာမျက်နှာ ၇ ကော်လံ ၁* ✽

## ဘုရင့်နောင်တံတားအမှတ် (၂) တည်ဆောက်ရေးလုပ်ငန်း သံပေါင်တပ်ဆင်နိုင်ရေးဆောင်ရွက်

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၅)က တာဝန်ယူဆောင်ရွက်နေသည့် ဘုရင့်နောင်တံတားအမှတ်(၂) တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

စိုးဝင်း (SP)

**ရန်ကုန် ဇွန် ၁၇**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၅)က တာဝန်ယူဆောက်လုပ်နေသော ဘုရင့်နောင်တံတား အမှတ်(၂)တည်ဆောက်ရေးလုပ်ငန်းအတွက် သံပေါင်များရောက်ရှိနေပြီဖြစ်ရာ တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်းသိရသည်။

ဘုရင့်နောင်တံတား အမှတ် (၂) တည်ဆောက်ရေးလုပ်ငန်း၏ ဘုရင့်နောင်ဘက်ကမ်းတွင် ချဉ်းကပ်တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးလျက်ရှိနေပြီး ပင်မတံတား သံပေါင်တပ်ဆင်ရန်အတွက် Temporary Support လုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။ ထို့အပြင် ပင်မတံတား သံပေါင်များတပ်ဆင်ပြီးသည်နှင့် Decking Slub ခင်းခြင်းလုပ်ငန်းများအတွက် ဆောင်ရွက်မှုအဆင့်ဆင့်လုပ်ဆောင်နေကြောင်း၊ လှိုင်သာယာဘက်ခြမ်း ချဉ်းကပ်တံတားပေါ်တွင် ပင်မတံတားအတွက် သံပေါင်များသယ်ချနေပြီး နှစ်ဖက်စလုံးတွင် တစ်ပြိုင်တည်း တပ်ဆင်နိုင်ရန်လုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။


နီဘာရာစကာပြည်နယ်၌ အင်အားပြင်း လေဆင်နှာမောင်းနှစ်ခု တိုက်ခတ် စာ-၄

ဥရုဂွေးကို အနိုင်ကစားမယ်ဆိုတဲ့ စတာရစ် စာ-၅

ဂျပန်နိုင်ငံအထောက်အပံ့ဖြင့် ဆောက်လုပ်သော ကျောင်းဆောင်သစ်ဖွင့် စာ-၁၁

ကမ္ဘာနှင့်အဝန်းတိုးလာနေသော အဝလွန်ရောဂါဘေး စာ-၁၇


ကြော်ငြာအချပ်ပိုလေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

99 အချိုမှုန့်

ငွေသားဖြင့်ကံစမ်းမဲရိုက်နိုင်မည်။
ပေါက်မဲများကိုသတင်းစာတွင်ကြော်ငြာပေးပါမည်။

နိုင်ငံတကာစံချိန်မီ အစားအသောက်များကို အရသာထူးကဲစေမည့် 99 အချိုမှုန့်

| | | | |
|---|---|---|---|
| ပထမဆု | - | ၁၀၀၀၀၀၀၀ | (သိန်းတစ်ရာကျပ်) |
| ဒုတိယဆု | - | ၅၀၀၀၀၀ | (ငါးသိန်းကျပ်) |
| တတိယဆု | - | ၃၀၀၀၀၀ | (သုံးသိန်းကျပ်) |
| အထူးဆု | - | (ဆုမဲပေါင်းများစွာ) တစ်ဆုလျှင် ၁၀၀၀၀၀ | (တစ်သိန်းကျပ်) |

အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်အမှတ် - ၈၅/ ၁၃၀၂၂ / အထ

❖ ကိုယ်စားလှယ်ယူလိုသူများနှင့် ရောင်းချလိုသူများ၊ လာရောက်ဆက်သွယ်ဆွေးနွေးနိုင်ပါသည်။ ❖

ပင်ရုံးဌာန / ဖြန့်ဖြူးရေးဌာန - အမှတ် (၉၇ / ၉၉)၊ ၂၂-လမ်း၊ အထက်ဘလောက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်းနံပါတ် - 01-382333, 384632 , 09 73048157, 09 250065716 , 09 - 250065717 , 09 250065719

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ပြောင်းလဲလာသော ရုပ်သံမီဒီယာ

မီဒီယာလောကတွင် ပြည်သူတို့အား အသိပညာဗဟုသုတများ ဖြန့်ဝေပေးရာ၌ ပုံနှိပ်မီဒီယာနှင့် အီလက်ထရွန်နစ်မီဒီယာတို့သည် အထိရောက်ဆုံးဖြစ်ပါသည်။ ထိုမီဒီယာတို့သည် တစ်နေ့တခြားတိုးတက်ပြောင်းလဲလာလျက်ရှိသည့်နည်းတူ အသွင်သဏ္ဌာန်ရော၊ အနှစ်သာရပါ အကောင်းဆုံးဖြစ်အောင် ကြိုးစားတင်ဆက်လာကြသည်ကို သတိပြုမိပါသည်။

ယနေ့ခေတ်တွင် ရုပ်သံမီဒီယာများအပြိုင်အဆိုင်တိုးတက်လာသည်ကို တွေ့ရသည်။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများအား "ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်၊ ပညာပေးရန်" ဟူသောရည်ရွယ်ချက်များဖြင့် အကောင်းဆုံးထုတ်လွှင့်တင်ဆက်ပေးလျက်ရှိပါသည်။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော အစီအစဉ်များကို **Analogue** စနစ်မှ **Digital** စနစ် **(DVB-T2)** သို့ ပြောင်းလဲထုတ်လွှင့်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ဒုတိယအဆင့်အဖြစ် မော်လမြိုင်၊ ဘားအံ၊ မိတ္ထီလာ၊ တောင်ငူ၊ တောင်ကြီး၊ ပုသိမ်၊ ကျောက်ကုန်း၊ မင်းဘူး၊ ပုပ္ပား၊ စစ်တွေ၊ ပြည်၊ ပဲခူး၊ လှိုင်ကော်၊ ညောင်လေးပင်၊ လားရှိုး၊ မုံရွာ၊ မြစ်ကြီးနား၊ ကျိုင်းတုံ၊ မြိတ်၊ ကနေဒီ၊ ဖလမ်း စသည့်မြို့များ၌ ဒစ်ဂျစ်တယ်စနစ်ဖြင့် ပြောင်းလဲထုတ်လွှင့်ပေးလျက်ရှိရာ အဆိုပါမြို့များရှိ မြို့ရွာများ အရုပ်အသံကြည်လင်ပြတ်သားစွာ ဖမ်းယူကြည့်ရှုနိုင်သည့် အနေအထားဖြစ်ပါသည်။

ထို့အတူ မြန်မာ့အသံ၊ ရေဒီယိုအစီအစဉ်များကိုလည်း **FM** စနစ်ဖြင့် နားဆင်နိုင်ရန် ပထမအဆင့် မြို့ကြီး ၁၅ မြို့အနက် မြို့ကြီးကိုးမြို့ဖြစ်သည့် စစ်ကိုင်း၊ လားရှိုး၊ နေပြည်တော်၊ ပျဉ်းမနား၊ မော်လမြိုင်၊ ပုသိမ်၊ ပုပ္ပား၊ ပဲခူး၊ လှိုင်ကော်တို့တွင် ဖမ်းယူနားဆင်နိုင်ပြီဖြစ်ပါသည်။ ယခုတစ်ဖန် မြိတ်မြို့တွင်လည်း **FM** စနစ်ဖြင့် ဖမ်းယူနားဆင်နိုင်ပြီဖြစ်၍ စုစုပေါင်းမြို့ကြီး ၁၀ မြို့၌ **FM** စနစ်ဖြင့် ဖမ်းယူနားဆင်နိုင်ကြပြီဖြစ်ပါသည်။

ဤသို့ဖြင့် ရုပ်သံမီဒီယာများသည် အသွင်သဏ္ဌာန်ပိုင်းတိုးတက်ကောင်းမွန်လာအောင် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်နေသကဲ့သို့ အနှစ်သာရပိုင်းဖြစ်သည့် တင်ဆက်မှုအပိုင်းတွင်လည်း တစ်နေ့တခြားတိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်လျက်ရှိသည်ကို သတိပြုမိပါသည်။ အထူးသဖြင့် သတင်းတင်ဆက်ထုတ်လွှင့်မှုများ သွက်လက်မြန်ဆန်လာပါသည်။ ပြည်သူများ သတင်းအကြောင်းအရာများ ပိုမိုသိရှိစေရန် အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်လျက်ရှိပါသည်။ ပြည်သူတို့ သိချင်သော၊ သိသင့်သိထိုက်သော သတင်းအစီအစဉ်နှင့်အင်တာဗျူးများ ကြိုးစားထုတ်လွှင့်ပေးလျက်ရှိပါသည်။

ထို့အတူ ပုဂ္ဂလိက ရုပ်သံလိုင်းများကလည်း အကောင်းဆုံးအစီအစဉ်များဖြင့် တင်ဆက်လျက်ရှိပါသည်။ အီလက်ထရွန်နစ်မီဒီယာသည် အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိပါသည်။ ယခုအခါ တိုင်းရင်းသားဘာသာများဖြင့်လည်း တိုင်းရင်းသားရုပ်သံလိုင်းမှ ထုတ်လွှင့်ပေးလျက်ရှိရာ မြို့နယ်အသီးသီးရှိ တိုင်းရင်းသားများအတွက် သတင်းအချက်အလက်များနှင့် ဖျော်ဖြေရေးအစီအစဉ်များကို ရရှိနိုင်ကြပြီဖြစ်သည်။ နယ်စွန်နယ်ဖျားနှင့် ကျေးလက်ဒေသများထိ ရုပ်သံများ ကြည့်ရှုနိုင်ရေးသည်လည်း အရေးပါလာပါသည်။

ရုပ်သံမီဒီယာများတိုးတက်လာခြင်းသည် ပြည်သူတို့ အသိပညာဗဟုသုတများ တိုးပွားရေးအတွက် များစွာအထောက်အကူပြုလာနိုင်မည်ဖြစ်ပါသည်။ အသိပညာများ တိုးပွားလာသည်နှင့်အမျှ ပြည်သူများ၏ အသိဉာဏ်ရင့်သန်ဖွံ့ဖြိုးမှုသည်လည်း ပိုမိုတိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# ဥပဒေအရာရှိ အဆင့်-၄ (အစမ်းခန့်)များ လုပ်ငန်းခွင်သင်တန်းဆင်း

**နေပြည်တော် ဇွန် ၁၇**

ဥပဒေအရာရှိ အဆင့်-၄ (အစမ်းခန့်)များ၏ လုပ်ငန်းခွင်သင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန် ၁၆ ရက် နံနက် ၁၀ နာရီက ပြည်ထောင်စုရှေ့နေချုပ်ရုံး မြေညီထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က အရေးအတွက်မှ အရည်အချင်းသို့ ဆောင်ပုဒ်ကို နှလုံးသွင်းပြီး မိမိတို့အရည်အချင်း ပြည့်ဝအောင်ဆောင်ရွက်ရန် ဥပဒေအရာရှိများ၏ အတွေးအခေါ်၊ ခံယူချက်များကို ပြောင်းလဲရန်မှာကြားလိုကြောင်း၊ ပြည်သူအားကိုးသော ဥပဒေအရာရှိများဖြစ်ပြီး လာဘ်ပေး လာဘ်ယူမှု ကင်းရှင်းရန်လိုကြောင်း၊ မိမိတို့ရုံး၏ဆောင်ပုဒ်ဖြစ်သော "ဥပဒေပညာသည် အကျင့်သိက္ခာနှင့် ပြည့်စုံသောပညာဖြစ်သည်"ဟူသော ဆောင်ပုဒ်နှင့်အညီ မိမိတို့တာဝန်များ ဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးစေလိုကြောင်း၊ ဥပဒေပညာနှင့် စပ်လျဉ်း၍ မိမိတို့နေ့စဉ်လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ပတ်သက်ပြီး ဘက်စုံသင်ကြားပေးခဲ့ကြောင်း၊ ထူးခြားချက်အနေဖြင့် ဤသင်တန်းတွင် UNDP မှ Native Speaker လာရောက်၍ အင်္ဂလိပ်ဘာသာကိုလည်း သင်ကြားပေးခဲ့ကြောင်း၊ ICT ကွန်ပျူတာသင်တန်းကိုလည်း သင်ကြားပေးခဲ့ကြောင်း၊ စီမံခန့်ခွဲရေးအပိုင်း အရေးကြီး၍ နားလည်တတ်ကျွမ်းရန်လိုအပ်သဖြင့် ငွေစာရင်း၊ ဘတ်ဂျက်နှင့် ကွန်ပျူတာပညာရပ်များကိုလည်း သင်ကြားပေးခဲ့ကြောင်း၊ UNDP, JICA နှင့် KOICA အဖွဲ့အစည်းများကလည်း ပြည်ထောင်စုရှေ့နေချုပ်ရုံးကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင်ကူညီဆောင်ရွက်ပေးနေကြောင်း၊ ပြည်သူကိုဗဟိုပြု၍ ပြည်သူတို့၏အကျိုးကို ထမ်းဆောင်ရာတွင် အောင်မြင်သော၊ သိက္ခာရှိသော ဥပဒေအရာရှိကောင်းများဖြစ်ကြပါစေကြောင်း ပြောကြားပြီး သင်တန်း ပထမဆု၊ ဒုတိယဆု၊ တတိယဆုရသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။ **(ဓာတ်ပုံ)**

**ပေးအပ်**

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက သင်တန်းသား သင်တန်းသူခေါင်းဆောင်များအား ဥပဒေရင်ထိုးတံဆိပ်နှင့် အလုပ်ခန့်အပ်လွှာများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပင်လောင်းမြို့တွင် မိုးရာသီဘောလုံးပြိုင်ပွဲကျင်းပ

**ပင်လောင်း ဇွန် ၁၇**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဇွန် ၁၅ ရက် မွန်းလွဲ ၂ နာရီက မြို့မအားကစားကွင်း၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းစိုးက အမှာစကားပြောကြားပြီး ဘောလုံးပြိုင်ပွဲ ဖွင့်လှစ်ပေးခဲ့ရာ ဖွင့်ပွဲတွင် တောင်နီနဂါးအသင်းနှင့် ရေဦးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်သုံးဂိုးစီသရေဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းပေါင်း ၃၀ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ဓာတ်ပုံပညာသင်တန်းဖွင့်

**ထားဝယ် ဇွန် ၁၇**

နိုင်ငံတကာဓာတ်ပုံဆုကြီးများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အကောင်းဆုံးဓာတ်ပုံပညာဆု (နှစ်ထပ်ကွမ်း)နှင့် မြန်မာနိုင်ငံရှိ ဓာတ်ပုံပညာဆိုင်ရာဘွဲ့များရရှိသော ဆရာဦးပြည်စိုးထွန်းက(ပန်းချီ)၏ ထားဝယ်ခရိုင်အတွင်းရှိ လေးမြို့နယ်အတွင်းဖွင့်လှစ်သည့် အပတ်စဉ်(၇)ဓာတ်ပုံပညာသင်တန်းဖွင့်ပွဲကို ဇွန် ၁၅ ရက် ညနေ ၆ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ပုံကျွန်းလမ်း ဆန်းချီရပ် ဆရာဦးပြည်စိုးထွန်း ဓာတ်ပုံဆိုင်၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်က အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းပြဆရာ ဦးပြည်စိုးထွန်း၏ ကိုယ်ရေးအကျဉ်းအချက်အလက်များကိုဒေါ်ခင်ခင်စုက ဖတ်ကြားပြီး စာရေးဆရာများအသင်းဥက္ကဋ္ဌ ဦးဘမြင့်က သင်တန်းနှင့်ပတ်သက်၍ အမှာစကားပြောကြားကာ နိုင်ငံတကာဓာတ်ပုံဆုကြီးများနှင့် မြန်မာ့အကောင်းဆုံးဓာတ်ပုံဆုရှင် ဦးပြည်စိုးထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့်ဓာတ်ပုံပညာရပ်အကြောင်း ဆွေးနွေးတင်ပြသည်။ **(အပေါ်ပုံ)**

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးထင်အောင်ကျော်၊ စာရေးဆရာများအသင်းဥက္ကဋ္ဌဦးဘမြင့်၊ ထားဝယ်မြို့ရှိ ပန်းချီဆရာများ၊ ဓာတ်ပုံဝါသနာရှင်များ၊ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်၍ သင်တန်းကာလမှာ ဇွန် ၁၅ ရက်မှ ဇူလိုင် ၁၄ ရက်အထိတစ်လကြာ ဖွင့်လှစ်မည်ဖြစ်ပြီး ဓာတ်ပုံပညာနှင့် ပတ်သက်သည့် ဘာသာရပ်များကို ဆရာဦးပြည်စိုးထွန်းက ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

ပြည်တွင်းသတင်း

# ဂျပန်-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဇွန် ၁၇

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Tateshi HIGUCHI အား ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် ဂျပန်-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

**ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr.Tateshi HIGUCHI အား လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# မုံရွာမြို့၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ချေးငွေပမာဏကို တိုးမြှင့်ပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ အရင်းအနှီးချေးငွေလုပ်ငန်းကို ၂၀၁၅ ခုနှစ်ကုန်တွင် တစ်နိုင်ငံလုံး ကျေးရွာအားလုံးကို လွှမ်းခြုံမိအောင် တိုးချဲ့ဆောင်ရွက်သွားရန်လည်း မျှော်မှန်းထားပါကြောင်း။

အသေးစားအရင်းအနှီး ချေးငွေလုပ်ငန်းသည် ပြည်သူများ အတိုးကြီးပေး ငွေချေးယူနေရသည့်အခြေအနေမှ လတ်တလော သက်သာအောင်နှင့် နောင် ၄/၅ နှစ်အတွင်း ငွေချေးစရာမလိုတော့ဘဲ မိမိပိုင်ငွေဖြင့် မိမိလုပ်ငန်းလုပ်နိုင်အောင်၊ ထိုမှတစ်ဆင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရန် ရည်မှန်းဆောင်ရွက်ပေးနေခြင်း ဖြစ်ပါကြောင်း၊ ထို့ပြင် ကျေးရွာသမဝါယမအသင်းများ၏ ဆန္ဒနှင့် အခြေအနေအပေါ် မူတည်ပြီး လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာများတွင် လျှပ်စစ်မီးရရှိအောင်၊ စိုက်ပျိုးရေလိုအပ်နေသည့် ကျေးရွာများတွင် စိုက်ပျိုးရေရရှိအောင် အရစ်ကျငွေချေးစနစ်၊ ငွေကြေး၊ နည်းပညာများ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရေရှည်အတွက် ယင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ခိုင်မာသည့်ငွေကြေးအရင်းအမြစ်ထူထောင်ထားရန် လိုအပ်၍ ပြည်သူများ၏ စုဆောင်းငွေများဖြင့် လုပ်ငန်းဆောင်ရွက်နိုင်ရန် မြန်မာ့အသေးစားငွေရေးကြေးရေးဘဏ်ကို ထူထောင်ဖွင့်လှစ် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ယနေ့တွင် တိုင်းဒေသကြီးအတွင်းမှ မြို့နယ် ၃၄ မြို့နယ်ရှိ သမဝါယမအသင်းများ ၁၄၆၂ သင်းမှ အသင်းသား အသင်းသူများကို စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးသွားမည် ဖြစ်ပါကြောင်း၊ အရင်းအနှီးမရှိသည့် တောင်သူလယ်သမားများအနေဖြင့် ယခင်က ငွေရှင်ကြေးရှင်များထံမှ မတန်တဆ အတိုးနှုန်းများဖြင့် ချေးငှားပေါင်နှံသုံးစွဲလာခဲ့ရာမှ ယခုကဲ့သို့ အတိုးနှုန်းသက်သာသည့် ချေးငွေများရရှိသဖြင့် အသင်းသားများအတွက် များစွာဝမ်းမြောက်ပါကြောင်းဖြင့် ပြောကြားသည်။

ယနေ့အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်နှင့် မြို့ပြဒေသနေ အခြေခံပြည်သူများအတွက် ၂၀၁၄ ခုနှစ် မိုးသီးနှံ အသေးစားချေးငွေ ကျပ်သိန်းပေါင်း ၈၈၉၄၁ သိန်းကို ထုတ်ချေးပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့အတူ တန်ဖိုးငွေကျပ်သိန်းပေါင်း ၂၈၆၈ ဒသမ ၇၄၅ သိန်းကို အပ်ချုပ်စက်၊ သုံးဘီးဆိုင်ကယ်အပါအဝင် လုပ်ငန်းသုံးပစ္စည်းကိရိယာပေါင်း ၇၅၀ ကို အရစ်ကျ ငွေချေးစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

သမဝါယမဝန်ကြီးဌာနအနေဖြင့် ၂၀၁၂ ခုနှစ် အောက်တိုဘာလမှစ၍ ယနေ့အထိ ပြည်သူများအား အသေးစားအရင်းအနှီးချေးငွေ ကျပ်သန်းပေါင်း ၁၄၅၈၁၅ သန်းကျော် ထုတ်ချေးပေးပြီး တန်ဖိုး ကျပ်သိန်းပေါင်း ၅၄၂၅၄ ဒသမ ၉၁၅ သိန်း တန်ဖိုးရှိ လုပ်ငန်းသုံးယာဉ်၊ စက်ကိရိယာအမျိုးမျိုး၊ အရေအတွက်ပေါင်း ၄၇၆၅ ခုကို အရစ်ကျငွေချေးစနစ်ဖြင့် ရောင်းချ ပေးထားပြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားတွင် ပြသထားသော လယ်ယာသုံးစက်ကိရိယာများကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

# မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်းအား စိစစ်

နေပြည်တော် ဇွန် ၁၇

မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်းအား စိစစ်သည့်အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ဥပဒေကြမ်းကော်မတီရုံး၌ ကျင်းပရာ ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှုကော်မတီအတွင်းရေးမှူး ဒေါက်တာနေလင်း၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာသန်းအောင်နှင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင်များက ဥပဒေကြမ်းပုဒ်မတစ်ခုချင်းစီ စိစစ်ကြပြီး ပြည်သူ့လွှတ်တော်သို့ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ဘရူနိုင်းနိုင်ငံထွက်ခွာ

ရန်ကုန် ဇွန် ၁၇

ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဥပဒေပြုကောင်စီဥက္ကဋ္ဌ ISA BIN IBRAHIM ၏ ဖိတ်ကြားချက်အရ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၌ ဇွန် ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် 6th AIPA Caucus အစည်းအဝေးသို့ တက်ရောက်ရန် ပြည်ထောင်စုလွှတ်တော် အာဆီယံပါလီမန်များညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ရီ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပြည်ထောင်စုလွှတ်တော်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမင်းဦးလည်း လိုက်ပါသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်မည်

ရန်ကုန် ဇွန် ၁၇

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိအောင်မြင်ကြသော မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်များ၏ သားသမီးကျောင်းသား ကျောင်းသူများအား မြန်မာနိုင်ငံစာရေးဆရာအသင်းက တတိယအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်မည်ဖြစ်သည်။ ယင်းသို့ ချီးမြှင့်ရာတွင် တစ်ဘာသာနှင့်အထက် ဂုဏ်ထူးရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၏ အသင်းဝင်ဖခင် (သို့ မဟုတ်)မိခင်အနေဖြင့် ဂုဏ်ထူးရရှိသည့်အထောက်အထား၊ သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက်မူရင်း(သို့မဟုတ်)အမှတ်စာရင်းမိတ္တူ၊ အသင်းဝင်ဖခင်(သို့မဟုတ်)မိခင်၏ မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်ကတ်ပြား မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းနံပါတ်၊ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ၏(၄×၆)လက်မ ဓာတ်ပုံနှင့်ကိုယ်ရေးအကျဉ်း၊ သက်ဆိုင်ရာမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ(သို့မဟုတ်)အတွင်းရေးမှူး၏ မှန်ကန်ကြောင်းထောက်ခံချက်တို့နှင့်အတူ ဩဂုတ် ၂၉ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ်(၁၇၃/ ၁၇၅) (၇/၈)လွှာ ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့သို့ လျှောက်ထားပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မိုးလေဝသအခြေအနေ**

**နေပြည်တော်နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။
**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။
**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** ကမ်းရိုးတန်းဒေသများတွင် ဆက်လက်မိုးကြီးနေမည်။

မြန်မာပြည်ဖြန့်ချိရေး Infinity Investment Co., Ltd. ရန်ကုန် - ၂၅၂၄၆၄/ ၂၅၉၁၆၂ ◆ မန္တလေး - ၀၂ - ၆၅၁၈၂/၀၉-၉၁၀၀၀၄၁၉ ◆ နေပြည်တော် - ၀၆၇ - ၄၁၀၃၅/ ၄၁၁၃၄

# အီရတ်ရှိ အမေရိကန်သံရုံးကိုကာကွယ်ရန် အမေရိကန်တပ်ဖွဲ့ဝင်များစေလွှတ်

**ဝါရှင်တန် ဇွန် ၁၇**

အမေရိကန် တပ်ဖွဲ့ဝင် ၂၇၅ ဦး အီရတ်နိုင်ငံရှိ အမေရိကန် သံရုံးကို အကာအကွယ်ပေးရန် စေလွှတ်လိုက်ပြီ ဖြစ်ကြောင်း အိမ်ဖြူတော်က ပြောကြားသည်။

အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်များသည် ဘဂ္ဂဒက်ရှိ အမေရိကန် သံရုံးမှ ဝန်ထမ်းအချို့ ယာယီနေရာပြောင်းရွှေ့ရေးအတွက် အကူအညီပေးမည်ဟု ဆိုသည်။

ဆွန်နီစစ်သွေးကြွအုပ်စု ISIS မှ တိုက်ခိုက်ရေးသမားများသည် လွန်ခဲ့သောသီတင်းပတ်က အီရတ်နိုင်ငံ မြို့ကြီးမြို့ငယ်အချို့ကို သိမ်းပိုက်ထားသည်။

အမေရိကန်အနေဖြင့် အဆိုပါ အီရတ် တိုက်ခိုက်ရေးသမားများ ကြီးထွားလာမှုအပေါ် အစီအမံများချမှတ်ကာ ဟန့်တားနိုင်ရေး အီရန်နှင့် သီးခြားဆွေးနွေးရန် ဆန္ဒရှိကြောင်း အမေရိကန်တို့က ပြောကြားသည်။ သို့သော်လည်း စစ်ရေး ပူးပေါင်းဆောင်ရွက်ရေး သတင်းများနှင့် ပတ်သက်ပြီး အမေရိကန်တို့က ငြင်းဆိုထားသည်။

အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်များဖြန့်ကြက်ချထားမှုသည် တနင်္ဂနွေနေ့က စတင်ခြင်း ဖြစ်ကြောင်း အိမ်ဖြူတော်ကြေညာချက်တွင် ဖော်ပြသည်။ အမေရိကန်နိုင်ငံသားများနှင့် အကျိုးစီးပွားကို ကာကွယ်ပေးရန် တပ်ဖွဲ့ဝင်များ ဖြန့်ကြက်ချထားရခြင်းဖြစ်ကြောင်း ဝါရှင်တန်က ပြောသည်။ လိုအပ်ပါက အဆိုပါ တပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရေးအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဘားရတ်အိုဘားမားက လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာတွင် ဖော်ပြသည်။

**ဖော်ပြ**

ယင်းကဲ့သို့ ဆောင်ရွက်ခြင်းသည် အမေရိကန်နိုင်ငံသားများအား ပြည်တွင်းပြည်ပ နှစ်ခုစလုံးတွင် ကာကွယ်ပေးရန် မိမိတို့တွင် တာဝန်ရှိကြောင်း ၊ အမျိုးသားလုံခြုံရေး၊ နိုင်ငံခြားရေးမူဝါဒအပေါ် ခိုင်မာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း သမ္မတ၏ ကြေညာချက်တွင် ဖော်ပြသည်။

**(ဆင်ဟွာ)**

# အမေရိကန်နိုင်ငံ၏ စုစုပေါင်းကြွေးမြီမှာ ဒေါ်လာ ၆၀ ထရီလီယံထိရောက်ရှိ

**ဝါရှင်တန် ဇွန် ၁၇**

အမေရိကန်နိုင်ငံရှိ အစိုးရ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများ စုစုပေါင်း ကြွေးမြီများသည် ယခုနှစ် ၂၀၁၄ ခုနှစ်၏ ပထမလေးလပတ်အကုန်၌ တွက်ချက်မှုအရ အမေရိကန်ဒေါ်လာ ၅၉ ဒသမ ၄ ထရီလီယံရှိသည်ဟု စိန့်လောရစ်ဖက်ဒရယ်ရီဇတ်၏ အမေရိကန် စီးပွားရေးအခြေအနေ တွက်ချက်မှု နောက်ဆုံးရအချက်အလက်များတွင် ဖော်ပြထားသည်။

၂၀၁၃ ခုနှစ်၏ နောက်ဆုံးလေးလပတ်အကုန်က ကြွေးမြီ ဒေါ်လာ ၅၀၀ ဘီလီယံရှိကြောင်း တွေ့ရှိထားပြီးဖြစ်ရာ ယခုအကြိမ်ရရှိသော ကိန်းဂဏန်း အချက်အလက်သည် များစွာတိုးတက်သွားခြင်းဖြစ်သည်။ လွန်ခဲ့သည့် နှစ် ၄၀ စာရင်းဇယားအရမူ အစိုးရ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အပေါင်းစာချုပ်စသည်ဖြင့် စုစုပေါင်း ကြွေးမြီတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ထရီလီယံရှိသည်ဟု သိရသည်။

"ကျွန်တော်တို့နိုင်ငံရဲ့စီးပွားရေးအခြေအနေဟာ ဘက်စုံထောင့်စုံကနေ ပျံ့နှံ့နေတဲ့ ဗိုင်းရပ်စ်လိုပါပဲ။ အစိုးရရဲ့ချေးငွေတွေနဲ့ ဝယ်ယူသူတွေက အကြွေးကတ်တွေ သုံးနေကြပါတယ်"ဟု James Butler က ဆိုသည်။

စီးပွားရေးကျွမ်းကျင်ပညာရှင်များက ယင်းကဲ့သို့ကြွေးမြီများပြားလာမှုသည် အမေရိကန်လူငယ်များအား အများဆုံး ထိခိုက်စေသည်ဟု ဆိုကြသည်။

အာရီဇိုးနားတက္ကသိုလ် လေ့လာမှုတစ်ခုတွင် ပညာတတ်လူငယ်များ၏ ထက်ဝက်သောဦးရေမှာ ၄င်းတို့၏ အသုံးစရိတ်အတွက် မိဘနှင့် အခြားမိသားစုဝင်များအပေါ် မှီခိုနေဆဲဖြစ်ကြောင်း၊ ၄၉ ရာခိုင်နှုန်းသောဘွဲ့ရများသာ အချိန်ပြည့်အလုပ်အကိုင်ရှိကြကြောင်း ဖော်ပြထားသည်။

**ရေးသားထား**

"ယနေ့ခေတ် အရွယ်ရောက်လူငယ်များဟာ အလုပ်ချိန်အပြည့်ရှိတာတောင်မှ သူတို့ရဲ့ အသုံးစရိတ် ကာမိအောင် ဝင်ငွေမရကြပါဘူး"ဟု ၄င်းလေ့လာမှုတွင် ထပ်မံဆိုထားသည်။ အမေရိကန်ကွန်ဂရက် ဘတ်ဂျက်ရုံးမှ အချက်အလက်များကိုးကား၍ ဂါးဒီးယန်းသတင်းစာကမူ အမေရိကန်စီးပွားရေးသည် ၂၀၁၇ ခုနှစ်အထိ ရပ်တန့်နေမည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် လုပ်ခလစာနှင့် နေငွေကြေးမှာ တိုးလာဖွယ်မရှိကြောင်းဆိုထားသည်။ ဗြိတိန်သတင်းစာကမူ အမေရိကန်နိုင်ငံ၌ ဝင်ငွေမမျှတမှုမှာ များနေဦးမည်ဖြစ်ကြောင်း ရေးသားထားသည်။

**(ပရက်စ်တီဗွီ)**

# သမ္မတရွေးကောက်ပွဲမဲပေးသည့် အာဖဂန်သက်ကြီးပုဂ္ဂိုလ်အချို့ တာလီဘန်က ရက်စက်စွာလက်ချောင်းများဖြတ်တောက်ခြင်းခံရ

**ကဘူးလ် ဇွန် ၁၇**

စနေနေ့ သမ္မတရွေးကောက်ပွဲ မဲပေးသည့် အာဖဂန်သက်ကြီးပိုင်း ပုဂ္ဂိုလ် အဖွဲ့တစ်ဖွဲ့၏ မင်စွန်းထင်နေသော လက်ချောင်းများကို ဖြတ်တောက်ခဲ့သည်ဟု စွပ်စွဲခံရသော တာလီဘန်အကြမ်းဖက်သမား နှစ်ဦးကို သေနတ်နှင့် ပစ်သတ်လိုက်ကြောင်း အာဖဂန်လုံခြုံရေးတပ်ဖွဲ့က ပြောသည်။

အဆိုပါ အာဖဂန်သက်ကြီးပိုင်း ပုဂ္ဂိုလ်များသည် ဟီရတ်ပြည်နယ် အနောက်ပိုင်း၌ မဲပေးပြီးနောက် တာလီဘန် အကြမ်းဖက်အုပ်စုက ဖမ်းဆီးခေါ်ဆောင်သွားပြီး မဲပေးသည့် မင်ပေကြံနေသော လက်ချောင်းများကို ရက်စက်စွာ ဓားဖြင့်ဖြတ်တောက်ခံရသည်ဟု ဆိုသည်။

ဆန္ဒမဲပေးသူအားလုံးသည် မဲပေးရန် မဲရုံသို့အဝင် လက်ဗွေနှိပ်ကြရသည်။ လက်ဗွေနှိပ်ပြီးမှ မဲပေးကြရသည်ဟု ဆိုသည်။

တာလီဘန်တို့အနေဖြင့် အဆိုပါ ရွေးကောက်ပွဲကို အဖျက်အမှောင့်များ ပြုလုပ်ရန် သန္နိဋ္ဌာန်ချထားသော်လည်း ယင်းကဲ့သို့ နှောင့်ယှက်ခြင်းပြုလုပ်သည်ကို မတွေ့ရဟု ဆိုသည်။ တာလီဘန်အကြမ်းဖက် တပ်မှူးအဆင့်ရှိ မူလာရှီယာနှင့် ၄င်း၏အရာရှိထဲမှ တစ်ဦးကို ရဲနှင့် စစ်တပ်ပူးပေါင်းအဖွဲ့က တနင်္ဂနွေနေ့တွင် သုတ်သင်ခဲ့ကြောင်း ရဲအဖွဲ့က ပြောသည်။

မကြာမီက အကြမ်းဖက်မှုတွင် ပါဝင်သည်ဟု ယုံကြည်ရသော အခြား အကြမ်းဖက်သမားတစ်ဦး ဒဏ်ရာရရှိသွားပြီး ရဲတပ်ဖွဲ့ကဖမ်းဆီးထားသည်။ သက်ကြီးပိုင်း ပုဂ္ဂိုလ်များအား ယင်းကဲ့သို့ တိုက်ခိုက်အကြမ်းဖက်ခြင်းအတွက် စိုးရိမ်မိကြောင်း အာဖဂန်နစ္စတန်ဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် ဂျန်ကူဘစ်က ပြောသည်။

**(ဘီဘီစီ)**

# တရုတ်နှင့် ဗီယက်နမ် အငြင်းပွားမှု ဆွေးနွေးမည်

**ဟန်နွိုင်း ဇွန် ၁၇**

တရုတ်ထိပ်တန်းတာဝန်ရှိသူတစ်ဦးသည် ပေကျင်းနှင့်ဟန်နွိုင်းအကြား အငြင်းပွားခဲ့သည့် ရေနံတူးစင်ကိစ္စအပေါ် ဗီယက်နမ်ဒုတိယဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။ တရုတ်နိုင်ငံတော်ကောင်စီဝင် ယန်ကျဲချီသည် ဗီယက်နမ်ဒုတိယဝန်ကြီးချုပ် ဖန်ဘင်မင်းနှင့်ဗီယက်နမ်နိုင်ငံ၌ ယခု သီတင်းပတ်အတွင်း တွေ့ဆုံမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လီဟိုင်ဆင်းက အင်္ဂါနေ့တွင် ကြေညာလိုက်သည်။ အရှေ့တရုတ်ပင်လယ်အတွင်း တင်းမာမှုများကို ငြိမ်းချမ်းစွာ အဖြေရှာရန် ဗီယက်နမ်နိုင်ငံကို တရုတ်နှင့် ဆွေးနွေးရေး စိတ်ရှည်သည်းခံပါရန် မိမိတို့အနေဖြင့် ကြိမ်ဖန်များစွာ အတည်ပြုပြောကြားခဲ့ပါကြောင်း၊ ယခုဆွေးနွေးပွဲသည် တင်းမာမှုအပေါ် အဖြေရှာနိုင်ရန် ဆွေးနွေးမည်ဖြစ်ပါကြောင်း ဘင်က ပြောကြားသည်။

**(ပရက်စ်တီဗွီ)**

# နီဘရာစကာပြည်နယ်၌ အင်အားပြင်းလေဆင်နှာမောင်းနှစ်ခု တိုက်ခတ်

**ဝါရှင်တန် ဇွန် ၁၇**

အမေရိကန်ပြည်ထောင်စု နီဘရာစကာပြည်နယ်၌ အင်အားပြင်း လေဆင်နှာမောင်းနှစ်ခု တိုက်ခတ်ခဲ့ရာ တစ်ဦးသေဆုံးပြီး ၁၆ ဦးထက်မနည်း ဒဏ်ရာရခဲ့သည်ဟု ဘီဘီစီက သတင်းဖော်ပြသည်။

၄င်းတို့က အိုမာဟာမြို့ အနောက်မြောက်ဘက် မိုင် ၁၀၀ အကွာ လူဦးရေ ၃၅၀ ရှိ ပီကာမြို့ကို မွှေနှောက်ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။ အဆိုပါမြို့တာဝန်ရှိသူ ဝယ်တာဟော့တ်က မြို့ဧရိယာတစ်ဝက်နီးနီး ပျက်စီးခဲ့သည်ဟု ဆိုသည်။

အဆိုပါလေဆင်နှာမောင်းသည် အကျယ်တစ်မိုင်ခန့်ရှိကြောင်း၊ အခြားအင်အားပြင်း လေဆင်နှာမောင်းတစ်ခုသည် နီဘရာစကာ အလယ်ပိုင်း ဘာဝဲလ်မြို့အနီး တိုက်ခတ်သွားခဲ့ကြောင်း ပြည်တွင်းမိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက ပြောခဲ့သည်။

ပီကာမြို့ရှိ စာသင်ကျောင်းတစ်ကျောင်း၊ ဘဏ်တစ်ခုနှင့် ခရစ်ယာန်ဘုရားရှိခိုးကျောင်းတစ်ကျောင်း ပျက်စီးခဲ့ပြီး မြို့တောင်ပိုင်းရှိ အိမ်များစွာ ပျက်စီးခဲ့သည်ဟု ဆိုသည်။

ပြည်နယ်အုပ်ချုပ်ရေးမှူးက အရေးပေါ်အခြေအနေကြေညာခဲ့ပြီး ကယ်ဆယ်ရေးများပြုလုပ်ခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများ တိုးလာနိုင်ကြောင်း သိရသည်။

**(ဘီဘီစီ)**

# မြန်မာအမျိုးသမီးများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇွန် ၁၇**

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် ယနေ့ မွန်းလွဲ ၂နာရီတွင် အဆိုပါ ဝန်ကြီးရုံး စုပေါင်းခန်းမ၌ကျင်းပသော အမျိုးသမီးစွမ်းပကား မြှင့်တင်ရေးလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ယခုအခါ တတိယအဆင့် အရှိန်မြှင့်တင်မှုဖြင့် နေပြည်တော်ကြေညာစာတမ်း (Nay Pyi Taw Accord) အရ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သော UN Agencies နှင့် INGOs များနှင့် ပိုမို ပူးပေါင်းဆောင်ရွက်ရန် လုပ်ငန်းအဖွဲ့ ၁၆ ဖွဲ့အနက် လူမှုအကာအကွယ်ပေးရေးနှင့် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းအဖွဲ့နှင့် အမျိုးသမီးစွမ်းပကားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့တို့တွင် မိမိတို့ဝန်ကြီးဌာနမှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူထမ်းဆောင်လျက်ရှိပါကြောင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အမျိုးသားအဆင့်စီမံကိန်းကို အတည်ပြုဖြန့်ဝေခဲ့ပြီးဖြစ်ပါကြောင်း၊ ယူအန်စီဒေါကော်မတီသို့ တင်ပြမည့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေး ကုလသမဂ္ဂ ကွန်ဗင်းရှင်းဆိုင်ရာ မြန်မာနိုင်ငံ၏ စတုတ္ထနှင့် ပဉ္စမအကြိမ် ပူးပေါင်းအစီရင်ခံစာ (တတိယမူကြမ်း) ပြီးစီးပြီးဖြစ်ပါကြောင်း၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေး ဥပဒေကိုလည်း ရေးဆွဲလျက်ရှိပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် မြန်မာအမျိုးသမီးထုကြီး၏ စွမ်းပကားမြှင့်တင်ရေး လုပ်ငန်းများအတွက် ဆက်လက်ပူးပေါင်း ဆောင်ရွက်မည့် စီမံချက်၊ လုပ်ငန်းအစီအစဉ်များကို ညှိနှိုင်းဆွေးနွေးသွားကြရန် ပြောကြားသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ဒေါ်စုစုလှိုင်နှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများ၊ UN Agencies နှင့် INGOs များမှ ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် အမျိုးသမီးစွမ်းပကား မြှင့်တင်ရေးလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ပြန်လည်စွန့်လွှတ်မြေများအား တောင်သူများသို့ ပြန်လည်ပေးအပ်

**နောင်ချို ဇွန် ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ပြန်လည်စွန့်လွှတ်မြေများကို တောင်သူများသို့ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၆ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အားမာန်အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အတွင်းရေးမှူး၊ ခရိုင်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ ခရိုင်မြေစာရင်းဦးစီးဌာနမှူး၊ နောင်ချိုမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြ၊မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်သူ စုစုပေါင်းအင်အား ၂၄၅ ဦးတက်ရောက်ကြသည်။နောင်ချိုမြို့နယ်၊ကုန်းကြီး၊ အင်းဝိုင်း၊ လုံရုံး၊ ဘန့်ဘွေး စသည့် တောင်သူများအား ပြန်လည်စွန့်လွှတ်မြေ ၅၅၅ ဒသမ ၀၃ ဧက တောင်သူ ၂၂၂ ဦးတို့ကို တာဝန်ရှိသူများက ပြန်လည်ပေးအပ်လိုက်ကြောင်း သိရသည်။ **(၀၆၁)**

# ရှေ့ဘီးကျွတ်ထွက်သွားသည့် ကိုယ်ပိုင်ယာဉ်တိမ်းမှောက် လိုက်ပါလာသူ နှစ်ဦးဒဏ်ရာရ

**ရေတာရှည် ဇွန် ၁၇**

ဇွန် ၁၆ ရက် နံနက် ၁၁ နာရီက ရေတာရှည်မြို့နယ်ကို ဖြတ်သန်းသွားသည့် အမြန်လမ်းပိုင်းတွင် ကိုယ်ပိုင်ယာဉ်တစ်စီး ရှေ့ဘီးကျွတ်ထွက်ကာ တိမ်းမှောက်ခဲ့ပြီး လိုက်ပါလာသူနှစ်ဦးတွင် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ နေပြည်တော်အမြန်လမ်းအတိုင်း ကိုအောင်မိုး (၃၇ နှစ်) ဒဂုံမြို့နယ် ရန်ကုန်မြို့နေသူမောင်းနှင်ပြီး အစ်မဝမ်းကွဲတော်စပ်သည့် ဒေါ်ဌေးဌေးဦး (၄၇ နှစ်)တို့ လိုက်ပါလာသည့် ဆပ်ဖ် 2H/---ခဲရောင်ယာဉ်သည် အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၆၀/၄) နှင့် (၁၆၀/၅)အကြားတွင် ရှေ့ယာဘက်ဘီးကျွတ်ထွက်ကာ ကားလမ်း၏ အရှေ့ဘက်ကို တိမ်းမှောက်သွားခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် နှစ်ဦးစလုံးဒဏ်ရာများ (မစိုးရိမ်ရ) ရရှိခဲ့၍ ရေတာရှည်မြို့နယ် အမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# ဥရုဂွေးကို အနိုင်ကစားမယ်ဆိုတဲ့ စတာရစ်

ကမ္ဘာ့ဖလားအုပ်စု(D) မှာ ကစားနေတဲ့ အင်္ဂလန်နဲ့ ဥရုဂွေးတို့ဟာ အဖွင့်ပွဲမှာ ရှုံးထားကြတဲ့အသင်းတွေပါ။ သူတို့နှစ်သင်းဟာ လာမယ့် ကြာသပတေးနေ့မှာ ကစားရမှာဖြစ်ပါတယ်။ ဒီပွဲမှာ ဘယ်အသင်း ထွက်မလဲဆိုတာ အဖြေရှာရမယ့်ပွဲလို့ ဆိုနိုင်ပါတယ်။ ဒီပွဲမှာ အနိုင်ရတဲ့အသင်းဟာ အုပ်စုတက်ဖို့ အလားအလာရှိမှာ ဖြစ်ပါတယ်။ ရှုံးတဲ့အသင်းကတော့ မျှော်လင့်ချက်ပျောက်ဆုံးသွားမှာ ဖြစ်ပါတယ်။

ဒါကြောင့် အင်္ဂလန်တိုက်စစ်မှူး စတာရစ်ကတော့ do or die လို့ ပြောလိုက်ပါပြီ။ ဒီပွဲမှာ အင်္ဂလန်အနိုင်ရအောင်ကစားရင်ကစား၊ မနိုင်ရင်တော့ ထွက်တော့လို့ ဆိုလိုခြင်းဖြစ်ပါတယ်။ ဒါကြောင့် စတာရစ်က ဒီပွဲဟာ do or die game လို့ဆိုပါတယ်။

တိုက်စစ်မှူး စတာရစ်ဟာ ဒီပြိုင်ပွဲမှာ လီဗာပူးအသင်းကစားဖော် ဆွာရက်ဇ်နဲ့ ဆုံစည်းရမယ့်ပွဲလည်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အဖွင့်ပွဲမှာလွဲခဲ့တဲ့ ဆွာရက်ဇ်ဟာ ဒီပွဲမှာတော့ အသေအချာပွဲထွက်ကစားမယ့်အနေအထားရှိပါတယ်။

"ကျွန်တော်တို့ ဒီပွဲမှာ လုပ်နိုင်တဲ့စွမ်းရည်ကို အစွမ်းကုန်ပြရမှာ ဖြစ်ပါတယ်။ အဖွင့်ပွဲမှာ အီတလီကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ပြီးကတည်းက အင်္ဂလန်အနိုင်ရဖို့ ဆန္ဒတွေ အလွန်ပြင်းပြနေပါတယ်။ ကျွန်တော်တို့ ဘယ်နည်းနဲ့မဆို အနိုင်ရအောင် ကစားဖို့ ပြင်ဆင်ထားပါတယ်။ ဒီတစ်ပွဲမှာ နိုင်ရင်နိုင်၊ မနိုင်ရင် ထွက်ရမှာပါ"လို့ အသက် ၂၄ နှစ်အရွယ်ရှိတဲ့ စတာရစ်က ဆိုပါတယ်။

ဥရုဂွေးအသင်းဟာ အဖွင့်ပွဲမှာ ကော်စတာရီကာအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ထားပါတယ်။ ဒီရှုံးကြေးအတွက် ဥရုဂွေးကလည်း အင်္ဂလန်ကို အနိုင်ကစားမှာ ဖြစ်ပါတယ်။ ဆွာရက်ဇ်နဲ့စတာရစ်တို့ရဲ့ ထိပ်တိုက်ဆုံတွေ့မှုကတော့ တကယ့်ပွဲကြီးပွဲကောင်းပါပဲ။ သူတို့နှစ်ဦးရဲ့ ခြေစွမ်းကလည်း တစ်ယောက်အကြောင်း တစ်ယောက်သိမို့ ကြည့်ကောင်းမယ့်ပွဲပါပဲ။

**အာကာကျော်**

# ရလဒ်ကောင်းနှင့်အတူ စံချိန်သစ်တင်ခဲ့သည့် အမေရိကန်

**(သီဟ)**

အုပ်စု(ဆ) ဂါနာနှင့် အမေရိကန်ပွဲကို ဇွန် ၁၇ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားရာ အမေရိကန်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အာဂျင်တီးနားကို ကျော်ကာ အစောဆုံးသွင်းဂိုးစံချိန်ကို ရရှိခဲ့သည်။

အာဂျင်တီးနားအသင်းသည် သုံးမိနစ်ဖြင့် အစောဆုံးသွင်းဂိုး စံချိန်ရထားသော်လည်း အမေရိကန်နှင့် ဂါနာပွဲတွင် အမေရိကန်မှ တိုက်စစ်မှူး ဒမ်ဆေးသည် ပွဲစပြီး ၃၁စက္ကန့်အချိန်တွင် အဖွင့်ဂိုး စတင်သွင်းယူပေးခဲ့သည်။ ဂါနာမှ ချေပဂိုးကို အင်ဒရီအေရူးက ၈၂ မိနစ်တွင် သွင်းယူပေးခဲ့သည်။ ပွဲပြီးခါနီး ၈၆မိနစ်တွင် အမေရိကန်မှ ဂျွန်ဘရွတ်ခ်က ခေါင်းတိုက်၍ သွင်းယူပေးခဲ့သဖြင့် အမေရိကန်တို့ အနိုင်ရရှိခဲ့သည်။

တခြားပွဲစဉ်အဖြစ် အုပ်စု (စ)မှ အီရန်နှင့် နိုင်ဂျီးရီးယားအသင်းတို့ ဇွန် ၁၇ ရက် နံနက်အစောပိုင်းက ယှဉ်ပြိုင်ခဲ့ရာ နှစ်သင်းစလုံး ဂိုးမရရှိဘဲ သရေတစ်မှတ်စီခွဲယူခဲ့ကြသည်။ ကမ္ဘာ့ဖလား အုပ်စုပွဲ ၁၄ ပွဲကစားပြီးရာတွင် သရေရလဒ် ပထမဆုံးဖြစ်ခဲ့ရသော ပွဲစဉ်ဖြစ်သည်။

ဇွန် ၁၈၊၁၉ရက်တွင် ကစားမည့်ပွဲစဉ်များအဖြစ် အုပ်စု(က)မှ ကင်မရွန်းနှင့် ခရိုအေးရှားတို့သည် ဇွန် ၁၉ ရက် နံနက်၄း၃၀တွင် ကစားမည်ဖြစ်သည်။ အုပ်စု(ခ) ဇွန်၁၈ ည၁၀း၃၀ တွင် ဩစတြေးလျနှင့် နယ်သာလန်ပွဲဖြစ်ပြီး ဇွန်၁၉ နံနက် ၁း၃၀ တွင် စပိန်နှင့် ချီလီတို့ ကစားကြမည်ဖြစ်သည်။

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# မြစ်ဝကျွန်းပေါ်ဒေသခရီးသွားများအဆင်ပြေစေမည့်ကူးတို့ချယ်ရီ

ရေသစ္စာ

ရန်ကုန်မြစ်ကိုဖြတ်ကျော်၍ ဒလမြို့နယ်သို့ ကူးတို့သယ်ပို့လုပ်ငန်းတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၏ ပန်းဆိုးတန်း-ဒလကူးတို့သည် နေ့စဉ်ခရီးသည် သုံးသောင်းခန့်သယ်ယူပို့ဆောင်ပေးနေသည့် အချက်အချာကျသည့်လုပ်ငန်းတစ်ခုဖြစ်သည်။ ပျမ်းမျှခရီးသည် ၇၀၀ တင်ဆောင်နိုင်သည့် အနော်ရထာ၊ ကျန်စစ်သား၊ တပင်ရွှေထီး၊ ထီးလှိုင်ရှင်စသည့်ရေယာဉ်ကြီးများဖြင့် သယ်ပို့ပေးနေသည်။ ခုတ်မောင်းချိန် ၁၀ မိနစ်မှ ၁၅ မိနစ်တွင် နှစ်ဖက်ကမ်းသို့လွန်းပြန်ပြေးဆွဲနေသည်။ နားနေစရာထိုင်ခုံ၊ စားသောက်ဆိုင်ပါသည်။ လုပ်ငန်းခွင်အသီးသီးသို့ ဝင်ရောက်ကြသူများ၊ ကျောင်းသားများနှင့် ရောင်းဝယ်ဖောက်ကားကြသူများဖြင့် ပျားပန်းခပ်နေသည်။

ပန်းဆိုးတန်းနှင့်ဒလ နှစ်ဖက်ကူးတို့ကို အမှီပြု၍ ယာယီဈေးသည်များ၊ စားသောက်ဆိုင်ခန်းများ၊ တက္ကစီကားဂိတ်များ ဒလဘက်တွင်မှ အနေးယာဉ်၊ ဆိုင်ကယ်ကယ်ရီ၊ အဝေးပြေးကားကြီး၊ ကားငယ်များ၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များအတွက်လည်း ဝမ်းရေးကို သွယ်ဝိုက်သောနည်းဖြင့် ဖြည့်ဆည်းပေးနိုင်သည်ကိုလည်း သတိပြုမိသည်။ ဒလဆိပ်ကမ်းသို့ဆင်းသည်နှင့် လက်ယာဘက်ရှိ စားသောက်ဆိုင်ခန်း အတန်းရှည်ကြီးမှာ ဒလဆိပ်ကမ်းရှိ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင်မြေနေရာများတွင် ယနေ့ဆိုင်ခန်းခန့်နှုန်းထားများနှင့် ယှဉ်ပါက လွန်စွာသက်သာသောနှုန်းထားဖြင့် နှစ်ချုပ်စနစ်ဖြင့် ငှားရမ်းပေးထားကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရသိရသည်။ ရေဆိပ်၊ လေဆိပ်၊ ကားဂိတ်၊ ဘူတာရုံရှိ စားသောက်ဆိုင်ဆိုသည်မှာ ရောင်းချရုံမျှသာမက လူနေသည့်နေရာလည်း ဖြစ်နေတတ်ပြန်သည်။

ပန်းဆိုးတန်း-ဒလ ကူးတို့သည် ဒလမြို့နေသူတို့အတွက်သာမက ခနောင်တို၊ ကွမ်းခြံကုန်း၊ တွံတေး၊ ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေး၊ လပွတ္တာတို့မှလာကြသည့် ခရီးသွားများလည်း အားကိုးအားထားပြုရာဖြစ်နေသည်။ ဆိုင်ရာဒေသမှ ရန်ကုန်သို့ ပြေးဆွဲသည့်ယာဉ်လိုင်းများမှာ လှိုင်၊ လက်ရှိ ဒဂုံဧရာ အဝေးပြေးဝင်းတွင် ခရီးစဉ်ဆုံးသည်။ ထိုမှတစ်ဖန် ရန်ကုန်မြို့တွင်းနှင့် ရည်ရွယ်ခရီးသို့ ထပ်ဆင်းသွားရသည်။ ဒလမြို့ရောက်၍ ပန်းဆိုးတန်း-ဒလ ကူးတို့ယာဉ်ဖြင့် ကူးသည်နှင့်ရန်ကုန်မြို့လယ်သို့ ရောက်သည်။ ရန်ကုန်ဘူတာကြီးသို့ ခြေကျင်လျှောက်ရုံဖြင့် ရောက်သည်။ ရန်ကုန်ဘက်မှ ခရီးသွားများ၊ နိုင်ငံခြားသားများ အထူးအဆန်းကိုလည်း အထောက်အကူဖြစ်စေပြန်သည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ခရီးသွားများကို ဝန်ဆောင်မှုပေးသည့် နိုင်ငံပိုင်စီးပွားရေးတစ်ခုဖြစ်သည်။ S.S.I ဆိုသည့် Safety (လုံခြုံမှု) Service (ဝန်ဆောင်မှု)နှင့် Image (လုပ်ငန်းနှင့် အသွင်အပြင်ကောင်းမွန်မှု) ဆောင်ပုဒ်အတိုင်း ဝန်ဆောင်မှုပေးလျက်ရှိသည်။ ကူးတို့ရေယာဉ်များပေါ်တွင် အသက်ကယ်အင်္ကျီများ၊ အသက်ဘောကွင်း၊ အသက်ကယ်ဖောင်များလုံလောက်စွာ ပါရှိသည်။ ရေယာဉ်ဆိုက်ကပ်ချိန်၊ ထွက်ခွာချိန်များတွင် ရေယာဉ်ဝန်ထမ်းများက ခရီးသည်များ စနစ်တကျတက်ဆင်းနိုင်ရန် နှိုးဆော်ထိန်းသိမ်းပေးလျက်ရှိသည်။ အလျင်လိုပြီး အန္တရာယ်မမြင်သူအချို့က ရေယာဉ်ဆိုက်ကပ်/ထွက်ခွာနေစဉ် ခုန်ဆင်းခြင်း၊ ပြေးလွှားခုန်တက်ခြင်းများ ပြုလုပ်တတ်သည်။

နာဂစ်မုန်တိုင်းတိုက်ခတ်စဉ် ရန်ကုန်မြစ်အတွင်းရှိ ရေယာဉ်ကြီးငယ်များ၊ ဆိပ်ခံများ၊ ပြိုကျပျက်စီးမှုများကြုံတွေ့ရာတွင် ပန်းဆိုးတန်း၊ ဒလကူးတို့ဆိပ်ရှိ ရေဆင်းတံတားနှင့် ရေပေါင်များ၊ ကူးတို့ရေယာဉ်အချို့နစ်မြုပ်ပျက်စီးခဲ့သည်။ ကယ်ဆယ်ရေးပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် ပန်းဆိုးတန်း-ဒလကူးတို့ ပို့ဆောင်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ ခရီးသည်နားနေဆောင်များ ရေဆင်းတံတားနှင့်ဆိပ်ခံရေပေါင်တို့ကို အရေးပေါ် ပြန်လည်တပ်ဆင်ပေးခဲ့သည်။

ကူးတို့ဆိပ်နှစ်ဖက်စလုံးတွင် ရေယာဉ်ဆိုက်ကပ်သည်နှင့် ရေယာဉ်ပေါ်မှ ဆင်းမည့်ခရီးသည်များ ဆိပ်ကမ်းမှ ရေယာဉ်ပေါ်သို့ တက်ရောက်မည့်သူများအတွက် ရေဆင်းတံတားတစ်ခုသာ အသုံးပြုရသည်ဖြစ်ရာ ခရီးသွားများ၊ ဝန်စည်ဖလှယ်သယ်ပို့များ၊ စက်ဘီး၊ ဆိုင်ကယ်၊ တင်ချမှုများ၊ အဆင်ပြေချောမွေ့စေရန် တာဝန်ကျဝန်ထမ်းများ၊ တာဝန်ရှိသူများက နေ့စဉ် ဆောင်ရွက်ပေးလျက်ရှိသည်။ သို့တစေ အဆင်မပြေမှု၊ ကျပ်တည်းမှုတို့ ကြုံတွေ့နေရဆဲဖြစ်သည်။

နာဂစ်အပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဂျပန်နိုင်ငံ JICA က အများပြည်သူကူးသန်းမှု အထူးများပြားသည့် ပန်းဆိုးတန်း-ဒလကူးတို့ ခရီးစဉ်အတွက် သက်ဆိုင်ရာတို့နှင့် အကြိမ်များစွာ ညှိနှိုင်းဆွေးနွေးမှုသည် လက်တွေ့အကောင်အထည်ဖော်သည်အထိ တိုးတက်မှုများ ရရှိလာပြီဖြစ်သည်။ ကျန်စစ်သား၊ ထီးလှိုင်ရှင် ရေယာဉ်များနှင့်ပုံစံတူ ရေယာဉ်သုံးစင်းကို ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့၊ နာကာတာနီ သင်္ဘောကျင်းတွင်တည်ဆောက်ခဲ့ရာ ချယ်ရီ(၁)၊ ချယ်ရီ(၂)၊ ချယ်ရီ(၃) ဟူ၍ အောင်မြင်စွာ ရေချနိုင်ခဲ့ပြီးဖြစ်သည်။ လာမည့် နိုဝင်ဘာလကုန်ခန့်တွင်ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံအတွက် ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ပေးအပ်သွားမည်ဖြစ်ရာ "ချယ်ရီသုံးပွင့်၊ ဗွားစွင့်ပွင့်တန်း၊ ရန့်ဖြာလွှမ်း၊ ကူးတို့လမ်း" ဟုစာဖွဲ့ချင်မိသည်။

ချယ်ရီရေယာဉ်သစ်သုံးစင်းနှင့် လိုက်လျောညီထွေဖြစ်စေရန်နှင့် ခရီးသွားမိဘပြည်သူများ စိတ်အေးချမ်းသာလုံခြုံစွာဖြင့် ကူးသန်းရောင်းဝယ်နိုင်ရန် ဒလဆိပ်ကမ်းဆိပ်ခံ၊ရေဆင်းတံတား၊ ရေပေါင်၊ ခရီးသည်နားနေဆောင်တို့ အသစ်တည်ဆောက်နိုင်စေရန် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလဆန်းတွင် ပန္နက်တင်၍ လုပ်ငန်းစဉ်များ စတင်ခဲ့ပြီဖြစ်သည်။ လာမည့် အောက်တိုဘာလကုန် အပြီးတည်ဆောက်သွားရန် လျာထားကြောင်း တာဝန်ရှိသူတစ်ဦးက ရှင်းပြခဲ့သည်။

တည်ဆောက်မည့်ဆောက်လုပ်ရေးပုံစံတူ လက်ရှိခရီးသည်နားနေဆောင်ကို ဖျက်သိမ်းရမည်ဖြစ်သည်။ ယာယီခရီးသည်နားနေဆောင်တည်ဆောက်ပေးပြီး သွားလာမှုမပြတ်စေရန် စီမံထားရှိသည်။ ဒလဆိပ်ကမ်းတွင် ဆိပ်ခံ၊ ရေပေါင်၊ ရေဆင်းတံတားတို့မှာ သီးခြားဖြစ်ပေါ်လာမည်ဖြစ်သည်။ ထို့အတွက် နေရာအခင်းအကျင်းအသစ်နှင့် ပြင်ဆင်မှုတို့ရှိလာမည်။ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနပိုင်မြေနေရာတွင် ငှားရမ်းဖွင့်လှစ်နေသည့် စားသောက်ဆိုင်ပိုင်ရှင်များအား ပြည်တွင်းရေကြောင်း

**ကျန်စစ်သား၊ ထီးလှိုင်ရှင် ရေယာဉ်များနှင့်ပုံစံတူရေယာဉ်သုံးစင်းကို ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့၊ နာကာတာနီသင်္ဘောကျင်းတွင် တည်ဆောက်ခဲ့ရာ ချယ်ရီ(၁)၊ ချယ်ရီ(၂)၊ ချယ်ရီ(၃) ဟူ၍ အောင်မြင်စွာ ရေချနိုင်ခဲ့ပြီးဖြစ်သည်။ လာမည့်နိုဝင်ဘာလကုန်ခန့်တွင် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံအတွက် ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ပေးအပ်သွားမည်ဖြစ်။**

ပို့ဆောင်ရေးမှ တာဝန်ရှိသူများတွေ့ဆုံ၍ ဒလဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေး၊ အစီအစဉ်ကို ချပြဆွေးနွေးခဲ့သည်။ အားလုံးက လှိုက်လှဲဝမ်းသာစွာကြိုဆိုထောက်ခံခဲ့ကြသည်။ အုပ်ချုပ်ရေးပိုင်းဆိုင်ရာမှ လိုအပ်သည့် ပူးပေါင်းဆောင်ရွက်မည့်တာဝန်များ ညှိနှိုင်းရရှိခဲ့ကြသည်။ လက်ရှိဈေးဆိုင်တန်းမှ သည် ဤစီမံကိန်းကြီးပြီးမြောက်အောင်မြင်စွာ အကောင်အထည်ဖော်လာရေးလိုအပ်သည်များ ပါဝင်ဆောင်ရွက်ကြမည်ဟု ကတိကဝတ်ပြု၍ ဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိနေကြပြီဖြစ်သည်။

ယခုနှစ်မတ်လ ၁၂ ရက်တွင် ဒလဆိပ်ကမ်းတံတားသစ်တည်ဆောက်ရန် စတင်ပန္နက်ရိုက်ခဲ့ပြီး စီမံကိန်းပြီးစီးရန်လျာထားသည့် ၂၀၁၄ ခုနှစ် အောက်တိုဘာလကုန်အထိ ရှစ်လတာကာလအတွင်း ဌာန၊ အုပ်ချုပ်ရေးဒေသ၊ ပြည်သူ၊ ဆိုင်ခန်းရှင်များ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ရုပ်လုံးပေါ်လာတော့မည်ဖြစ်သည်။ ယခုနှစ်နိုဝင်ဘာလကုန်တွင် ရောက်ရှိလာမည့် ကူးတို့ရေယာဉ်သစ် ချယ်ရီ(၁)၊ ချယ်ရီ(၂)၊ ချယ်ရီ(၃)တို့နှင့် ပေါင်းဆုံလိုက်သော် ဒလမြို့၏ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်တစ်ခု ခိုင်မာခန့်ထည်စွာ ပေါ်ထွက်လာတော့မည်ဖြစ်သည်။ ထိုအသီးအပွင့်သည် မြစ်ဝကျွန်းပေါ်ဒေသမှ ခရီးသွားများအတွက်လည်း အဆင်ပြေချောမွေ့မှု၊ လုံခြုံအေးချမ်းမှုတို့ ခံစားကြရမည်ဖြစ်သည်။ ပြည်ပခရီးသွားများအတွက်လည်း ကျေနပ်နှစ်သက်မှု၊ ယုံကြည်ကိုးစားမှုတို့ ထပ်ဆင့်ခံစားဖြစ်ပေါ်လာစေနိုင်မည်မှာ မလွဲပင်ဖြစ်သည်။

ထိုသို့သော အကျိုးရလဒ်များသည် ဌာနဆိုင်ရာ၊ အုပ်ချုပ်ရေးအဖွဲ့၊ ဒေသခံတို့ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်မှုမှ ထွက်ပေါ်လာသည့် ကျေနပ်ကြည်နူးဂုဏ်ယူစရာရလဒ်ဖြစ်သကဲ့သို့ ဒလဆိပ်ကမ်း၏ ဖွံ့ဖြိုးသာယာအေးချမ်းမှုကို ထာဝရတည်တံ့ခိုင်မြဲစေရေးအတွက်လည်း တွဲလက်ခိုင်ခိုင်၊ မယိုင်စိတ်ဓာတ်၊ မြင့်မား၊ မျှော်မြင်၊ ပျော်ရွှင်သုခခံစားရအောင် ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ကြရန် တိုက်တွန်းနှိုးဆော်ရေးသားတင်ပြလိုက်ရပါသည်။

## လျှပ်စစ်မီးလင်းရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီစဉ်ဆောင်ရွက်လျက်ရှိ

**ညောင်ဦး ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီးညောင်ဦးမြို့နယ် ကန်တောကျေးရွာ လျှပ်စစ်မီးလင်းရန်အတွက် ပင်မလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှ ဓာတ်အား ရယူမည်ဆိုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သိရသည်။

ယခုအချိန်တွင်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဒေသမီးလင်းရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိပြီး မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့်ချေးငွေများ လျှောက်ထားပါကလည်း ထုတ်ပေးလျက်ရှိကြောင်း ညောင်ဦးမြို့နယ် ကန်တောကျေးရွာ လျှပ်စစ်မီးရရှိရေးအတွက် ယခင်က မြစ်ရေတင်စီမံကိန်းမှ ဓာတ်အားရယူရန်ဆောင်ရွက်ခဲ့သော်လည်း အခက်အခဲများရှိနေသဖြင့် မလိုလားအပ်သည့်အချိန်ကြန့်ကြာမှုများ ဖြစ်ခဲ့ရကြောင်းနှင့် ယခုအခါတွင် ပင်မလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှ ဓာတ်အားရယူမည်ဆိုပါက လိုအပ်ချက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ညောင်ဦးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဌေးအား တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျော်မြင့်က ပြောကြားထားကြောင်း သိရသည်။

**မျှော်လင့်လျက်ရှိ**

ညောင်ဦးမြို့နယ် ကန်တောကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရန် ဒေသခံများက ငွေကျပ်သိန်း ၅၀၀ ကျော် အကုန်အကျခံ၍ မီးတိုင်စိုက်ခြင်း၊ ကြိုးသွယ်ခြင်း၊ ထရန်စဖော်မာတပ်ဆင်ခြင်း လုပ်ငန်းများကို မတ်လကုန်ပိုင်းက ဆောင်ရွက်ခဲ့ပြီးဖြစ်သော်လည်း ယခုအချိန်ထိ လျှပ်စစ်မီးရရှိခြင်းမရှိသေးသည့်အတွက် ဒေသခံများမှ လျှပ်စစ်မီးအလင်းရောင်ကို မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာပေးအပ်

**အထက်မင်းလှ ဇွန် ၁၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာ ၁၂၂ ရွာသို့ အရေးပေါ်သုံးတိုင်းရင်းဆေးသေတ္တာပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၅ ရက် မွန်းတည့် ၁၂ နာရီက အထကမင်းလှ မင်းလက်ဝါးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပေါက်ကျော်က အရေးပေါ်သုံးတိုင်းရင်းဆေးသေတ္တာများကို တာဝန်ရှိသူများသို့ ပေးအပ်ခဲ့သည်။ ထို့နောက် မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်နွယ်နီသိမ့်က ဆေးနှင့် ဆေးပစ္စည်းအသုံးပြုပုံကို သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

**ကိုသက်(iprd)**

## အရန်သားဖွားသင်တန်းဖျာပုံမြို့၌ ဖွင့်

**ဖျာပုံ ဇွန် ၁၇**

ဖျာပုံခရိုင် ဖျာပုံမြို့နယ်တွင် ကျန်းမာရေးဦးစီးဌာနနှင့် ကမ္ဘာ့ဆရာဝန်များ အဖွဲ့သို့ ပူးပေါင်းဖွင့်လှစ်သော အရန်သားဖွားသင်တန်းအပတ်စဉ်(၄) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၆ ရက်က ဖျာပုံမြို့ ခုတင် ၂၀၀ ဆံ့ခရိုင် ပြည်သူ့ဆေးရုံသစ်ကြီး သင်တန်းခန်းမ၌ ကျင်းပရာ ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်စိန်စိန်က အမှာစကားနှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းသင်တန်းတွင် အမာမြို့နယ်ခွဲ ဒေါ်ညိမ်းကျေးရွာနှင့် တယ်ပင်ဆိပ်ကျေးရွာတို့မှ အရန်သားဖွား ၂၅ ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ ခြောက်လခန့်ကြာမြင့်မည်ဖြစ်ကြောင်းနှင့် အဆိုပါ သင်တန်းအား မြို့နှင့်ဝေးလံသည့် ကျေးရွာများ၌ ကျန်းမာရေးစောင့်ရှောက်မှုများ စနစ်တကျ ပိုမိုဆောင်ရွက်ပေးနိုင်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်

**မင်းဘူး ဇွန် ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် စီမံကိန်းရည်မှန်းချက်များတာဝန်ပေးအပ်ပွဲကို ဇွန် ၁၅ ရက် နံနက် ၈ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်ဒေသန္တရစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာများအား တာဝန်များပေးအပ်ခဲ့သည်။

**သန်းဌေး(မင်းဘူး)**

## လေဆိပ်နှင့်ဆိပ်ကမ်းများသို့ Mobile Team အဖွဲ့များ ဝင်ရောက်စစ်ဆေးမည်

**ရန်ကုန် ဇွန် ၁၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်း Mobile Team မှ တာဝန်ရှိသူများသည် တရားမဝင်ကုန်သွယ်မှုအား တားဆီးထိန်းချုပ်နိုင်ရန်အတွက် ပြည်တွင်းကမ်းရိုးတန်းသွားဆိပ်ကမ်းများဖြစ်သော ဝါးတန်း၊ ချောင်း၀၊ ဗားကရာ၊ ဘုရင့်နောင်၊ ယုဇနနှင့် သာကေတဆိပ်ကမ်းများကို ဝင်ရောက်စစ်ဆေးလျက်ရှိသည်။ ယခုအခါတွင် လုပ်ငန်းလိုအပ်ချက်အရ ဇွန် ၁၈ ရက်မှစတင်၍ လေဆိပ်နှင့်ဆိပ်ကမ်းများကို တာဝန်ကျ Mobile Team အဖွဲ့များက ဝင်ရောက်စစ်ဆေးတော့မည်ဖြစ်ကြောင်း သိရသည်။

**ကျော်မြင့်အေး**

## လွှတ်တော်ရေးရာကဏ္ဍ

❖ *ပြည်သူ့လွှတ်တော်မှ*

ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံအနေဖြင့် ဆောင်ရွက်ရသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကနဦး အမျိုးသားအဆင့်အစီရင်ခံစာ (Initial National Communication -INC) ကို ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ် (UNEP)၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးအထောက်အပံ့ (GEF) တို့၏ အထောက်အပံ့ဖြင့် ရေးဆွဲပြုစုခဲ့ပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ကွန်ဗင်းရှင်း အတွင်းဝန်ရုံးသို့ တင်ပြခဲ့ပါကြောင်း၊ ယခုအခါ ဒုတိယအကြိမ် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အမျိုးသားအဆင့်အစီရင်ခံစာ (Second National Communication) ပြုစုရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ် (UNEP)နှင့် ပူးပေါင်း၍ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်ရေး စီမံချက် (National Adaptation Plan Action- NAPA) ကို ၂၀၁၃ ခုနှစ် ဇွန်လတွင် ရေးဆွဲပြီးစီးခဲ့ပါကြောင်း။

ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်ရေးနှင့် လျော့ပါးရေးဆိုင်ရာလုပ်ငန်းများ ပါဝင်သည့် မြန်မာနိုင်ငံ သဘာဝဘေးလျော့ပါးရေးလုပ်ငန်းစီမံချက် (Myanmar Action Plan for Disaster Risk Reduction -MAPDRR) ကိုလည်း

ဒုတိယဝန်ကြီး ဦးဇင်ယော် ဖြေကြားစဉ်။ (သတင်းစဉ်)

သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်တွင်း၊ ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ရေးဆွဲထားပြီး ဖြစ်ပါကြောင်း။

ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအနေဖြင့်လည်း အာဆီယံရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းအဖွဲ့ (ASEAN Working Group on Climate Change-AWGCC) တွင် ဒေသတွင်းနိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ရာသီဥတုပြောင်းလဲမှု၊ စွမ်းအင်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ စင်ကာပူကြေညာချက်ကို ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင်လည်းကောင်း၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးတွဲတုံ့ပြန်ရေး အာဆီယံကြေညာစာတမ်းကို ၂၀၁၀ ပြည့်နှစ် ဧပြီ ၉ ရက်တွင်လည်းကောင်း လက်မှတ်ရေးထိုးခဲ့ပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ အနေဖြင့်လည်း မူဝါဒဆိုင်ရာဖွံ့ဖြိုးမှုများနှင့် ပြုပြင်ပြောင်းလဲမှုအစီအစဉ်များတွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းပေါင်းစပ် ဆောင်ရွက်နိုင်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ပါဝင်၍ အဖွဲ့ဝင် ၂၇ ဦးပါဝင်သော မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(Myanmar Climate Change Alliance-MCCA)ကို နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်အရ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် ဖွဲ့စည်းခဲ့ပြီး ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒပေါ်ပေါက်လာရေး၊ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် (National Climate Change Strategy and Action Plans) ရေးဆွဲရေး၊ ရာသီဥတု

ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို မေးမြန်းစဉ်။ (သတင်းစဉ်)

ပြောင်းလဲမှုဆိုင်ရာယူနစ် (Climate Change Core Unit) ဖွဲ့စည်းရေးတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ရာသီဥတုပြောင်းလဲမှုနှင့် အပူချိန်မြင့်မားမှုတို့ကြောင့် ကမ္ဘာ့ရများ ကျယ်ပြန့်လာကာ ရေရှားပါးမှုဒဏ် ကြုံတွေ့နိုင်သောကြောင့် ရာသီဥတုဆိုင်ရာ အမျိုးသားရေးမူဝါဒတစ်ရပ်ရေးဆွဲဆောင်ရွက်ရန် ကိစ္စနှင့် ပတ်သက်၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ကျေးလက်ဒေသရေပေးဝေရေးလုပ်ငန်းများကို ကျေးရွာပေါင်း ၆၄၉၁၇ ရွာအနက် စတင်ဆောင်ရွက်သည့် ၂၀၀၀-၂၀၀၁ မှ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၃၂၅၆၂ ရွာအား ဆောင်ရွက်ပေးခဲ့ပြီး ဆောင်ရွက်ရန်ကျန်ရှိသော ၃၂၃၅၅ ရွာအား ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၃၃၇၁ ရွာနှင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ၁၂၂၀ ရွာတို့ကို ပထမငါးနှစ်တာကာလအဖြစ် ဆောင်ရွက်ရန် လျာထားပါကြောင်း၊ ဒုတိယငါးနှစ်စီမံကိန်းကာလတွင် ၅၉၅၈ ရွာနှင့် တတိယ ငါးနှစ်စီမံကိန်းကာလတွင် ၅၉၈၉ ရွာ၊ စတုတ္ထငါးနှစ်စီမံကိန်းကာလတွင် ၅၉၈၀ ရွာတို့အား ဆောင်ရွက်ပေးရန် နှစ်(၂၀) စီမံကိန်းဖြင့် ဆက်လက် ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုအား လိုက်လျောညီထွေပြုမူဆောင်ရွက်နိုင်ရန် စီမံချက် (Myanmar Preparation of National Adaptation Programme of Action -NAPA) အားပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ကုလသမဂ္ဂပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအစဉ် (UNEP) တို့သည် သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီး စီမံချက်ကို ၂၀၁၁ခုနှစ် မတ်လမှ စတင်၍ စိုက်ပျိုးရေး၊ သစ်တော၊ ကျန်းမာရေး၊ ရေအရင်းအမြစ်၊ စွမ်းအင်နှင့် စက်မှုစသည့် ကဏ္ဍအသီးသီးမှ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်၍ ၂၀၁၂ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

သတ္တုတွင်းဝန်ကြီးဌာနက တင်သွင်းသော **"မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီနှင့် မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးတို့၏ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများကို ဆောင်ရွက်ပြီး ယင်းဥပဒေတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူသဖြင့် လွှတ်တော်ဥက္ကဋ္ဌက အတည်ပြုကြောင်း ကြေညာသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ကို ဇွန် ၁၈ ရက် နံနက် ၁၁ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

❁ *အမျိုးသားလွှတ်တော်မှ*

အတည်ပြုခန့်ထားမည့် ဝန်ထမ်း၏ အသက်ကို လျှော့ပေါ့ခြင်း၊ တိုးမြှင့်ခြင်းသည် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းတို့၏ လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်အရ ခေါ်ယူခန့်ထားမည့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းတို့က သတ်မှတ်ခြင်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအသီးသီးတို့၏ လုပ်ငန်းသဘောသဘာဝမှာ မတူညီကြသဖြင့် ပညာအရည်အချင်းနှင့် အသက်ကန့်သတ်ချက်များမှာလည်း တစ်ပြေးညီတူညီနိုင်မည် မဟုတ်ပါကြောင်း။

အသက်ကန့်သတ်ချက်နှင့်ပတ်သက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ယနေ့ထိတိုင်ကျင့်သုံးလျက်ရှိသော မူဝါဒဆုံးဖြတ်ချက်မှာ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးအတွက် အသက်သတ်မှတ်ချက်ကို ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၃၅ နှစ်၊ ဝန်ထမ်းဖြစ်ပါက ၄၀ နှစ်ထက်မကျော်လွန်စေရဟူ၍ ယေဘုယျအားဖြင့် သတ်မှတ်ထားရှိပြီး ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးတို့သည်လည်း သတ်မှတ်ထားသည့်အတိုင်း အဆိုပြုလျက်ရှိကြပါကြောင်း၊ အချို့သော ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများသည် ရာထူးအဆင့် ခါးဆက်မပြတ်စေရေး မျိုးဆက်သစ်အရာထမ်းငယ်များ မွေးမြူပျိုးထောင်ရန် လိုအပ်ချက်အရ ၎င်းတို့၏ လုပ်ငန်းသဘောသဘာဝနှင့် လျော်ညီသည့် အသက်နှင့်ပညာအရည်အချင်းတို့ကို အထူးကိစ္စရပ်အနေဖြင့် သီးခြားသတ်မှတ်၍ ကြော်ငြာခေါ်ယူရွေးချယ်ပေးရန် အဆိုပြုခြင်းရှိပါကြောင်း။

၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ် မတ်လအထိ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအသီးသီးတို့၏ လိုအပ်ချက်အရ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးနေရာများအတွက် စီစဉ်ဆောင်ရွက်ပေးမှုများကို စိစစ်ခဲ့ရာ လစ်လပ်ရာထူး ၂၃၂၇၈ နေရာအတွက် လျှောက်ထားသူ ၁၀၈၄၂ ဦးရှိခဲ့ပြီး ၂၀၇၄၅ ဦး ရွေးချယ်ပေးခဲ့ပါကြောင်း၊ ၂၀၇၄၅ ဦးသည် အရာထမ်းရွေးချယ်ခန့်ထားမှုသာဖြစ်ပြီး ယခင်တပ်မတော် အစိုးရတာဝန်ယူခဲ့သည့် ကာလအတွင်း၌ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအသီးသီးအနေဖြင့်လည်း ၎င်းတို့ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် အမှုထမ်းအဆင့် စတင်ခန့်ရာထူးများဖြစ်သည့် သရုပ်ပြ၊ နည်းပြ၊ ဒုဦးစီးမှူး၊ လက်ထောက်ကွန်ပျူတာစိစစ်ရေးမှူး၊ အငယ်တန်းစာရေး စသည့်ရာထူးများအတွက် သတ်မှတ်ထားသည့် ပညာအရည်အချင်းနှင့် ညီညွတ်သူ ဘွဲ့ရလူငယ်အများအပြားကို ရွေးချယ်ခန့်ထားခဲ့ပါကြောင်း၊ ၎င်းအမှုထမ်းများအနက်မှ အချို့သည် အရာရှိဖြစ်နေကြပြီ

ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြေကြားစဉ်။ (သတင်းစဉ်)

ဖြစ်ပါကြောင်း။

နိုင်ငံ့ဝန်ထမ်း ရွေးချယ်တာဝန်ပေးရာတွင် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာသာသနာ၊ အမျိုးသား၊ အမျိုးသမီးကို အကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားမှုမပြုရဟူသည့် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ရွေးချယ်ပေးလျက်ရှိပါကြောင်း၊ ဝေးလံခေါင်သီဒေသများမှ ရေးဖြေ စာမေးပွဲကို ကြိုးစား၍ဖြေဆိုအောင်မြင်ခဲ့ပြီး လူတွေ့နှုတ်ဖြေဖြေဆိုသည့်အဆင့်သို့ ရောက်ရှိလာကြသည့်လူငယ်များကို အလုပ်အကိုင်ရရှိရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးနေရာလစ်လပ်မှုရှိ၍ ရေးဖြေစာမေးပွဲစစ်ဆေးခြင်း ပြုလုပ်ရာတွင် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး / ပြည်နယ်များ၌ စာစစ်ဌာန Center (၁၅)ခု ဖွင့်လှစ်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ အရာထမ်း၊ အမှုထမ်းများကို စေလွှတ်စစ်ဆေးပေးလျက် ရှိပါကြောင်း၊ ထို့ကြောင့် လျှောက်ထားသူ၊ ဖြေဆိုသူအရေအတွက်သည် ယခင်ကထက် ပိုမိုများပြားလာသည်ကို တွေ့မြင်ရပြီး ချင်းပြည်နယ်အပါအဝင် ဝေးလံခေါင်သီဒေသများမှ ဘွဲ့ရလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်သကဲ့သို့ နိုင်ငံတော်အစိုးရ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်တွင်လည်း အထောက်အကူပြုလျက်ရှိပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၏ **"ရန်ကုန်မြို့တွင် အသစ်ထပ်မံတည်ဆောက်မည့် ခုံးကျော်တံတားများနှင့် တောင်ဒဂုံ၊ မြောက်ဒဂုံဆက်သွယ်ရေး ပြည်ထောင်စုလမ်းမကြီး တိုးချဲ့ဖောက်လုပ်သွားမည့် အစီအစဉ်တို့ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှဒေါက်တာခင်မောင်လေး အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးအောင်သိမ်းက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်မြို့အတွင်း ပြည်လမ်းမရှိ မြေနီကုန်းခုံးကျော်တံတားကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဆောက်လုပ်မည်ဖြစ်ပြီး အင်းစိန်ရထားလမ်း ခုံးကျော်တံတားအား မြန်မာ့မီးရထားမှ ဆောက်လုပ်မည်ဖြစ်ပါကြောင်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်တို့ကို ဆက်သွယ်ထားသော ပြည်ထောင်စုလမ်းမကြီးအား လက်ရှိလမ်း၏ အရှေ့ဘက်၌ အရန်အသင့်ရှိနေသော မြေနေရာအတိုင်း အသွား/အပြန်လမ်း တိုးချဲ့ဖောက်လုပ်ရန် အစီအစဉ်ရှိပါကြောင်းနှင့် လမ်းမြေတိုင်းတာမှုများစတင် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

အစည်းအဝေးတွင် **၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း** ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မောင်လေးက **"အခြေခံပညာကျောင်းအားလုံးတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သန့်ရှင်းသော သောက်ရေနှင့် သုံးရေလုံလောက်စွာရရှိရေး နိုင်ငံတော်မှ စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

အဝီစိတွင်းမရှိသော ကျောင်းများ၌ ပညာသင်ကြားနေကြသော ကျောင်းသား ကျောင်းသူများ သန့်ရှင်းသော သောက်သုံးရေရရှိရန်နှင့် ၎င်းတို့အသုံးပြုနေသည့် အိမ်သာများအား ကျန်းမာရေးနှင့်ညီညွတ်စေရန်အတွက် အဆိုတင်သွင်းရခြင်း ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကျောင်းပြင်ပမူလတန်းပညာရေး မြို့နယ်အဆင့်သင်တန်းဖွင့်

**ပျဉ်းမနား ဇွန် ၁၇**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းအမှတ်(၂)၌ ဇွန် ၁၆ ရက် ညနေ ၃ နာရီက ကျောင်းပြင်ပ မူလတန်းပညာရေး(N.F.P.E) မြို့နယ်အဆင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် (ပထမနှစ်ဝက်) သင်တန်းဖွင့်လှစ်သည်။ **(ယာပုံ)**

**ဒုတိယအခွင့်အလမ်း**

ကျောင်းပြင်ပမူလတန်း အစီအစဉ်သည် အသက်ငါးနှစ်မှ ကိုးနှစ်အတွင်း အခြေခံပညာမူလတန်းအဆင့် သင်ယူပြီးမြောက်ခြင်းမရှိ လက်လွတ်ဆုံးရှုံးသွားသော ကလေးများအား အသက် ၁၀ နှစ်မှ ၁၄ နှစ်အတွင်း ဒုတိယအကြိမ်သင်ယူခွင့်ရရှိအောင် ဖန်တီးပေးသည့် ဒုတိယအခွင့်အလမ်းပညာရေး (Second Chance Education)လည်း ဖြစ်သည်။

ကျောင်းပြင်ပမူလတန်းပညာရေးသင်ရိုးစာအုပ်၊ စာစောင်များကို ၁၉၉၈-၁၉၉၉ ပညာသင်နှစ်တွင် နည်းပညာအဖွဲ့ ဆရာ ဆရာမများက ပြုစုပျိုးထောင်ပြီး မြို့နယ် ၁၁ မြို့နယ်က စမ်းသပ်အကောင်အထည်ဖော်ခဲ့သည်။ ၂၀၀၈-၂၀၀၉ တွင် ပညာရေးဝန်ကြီးဌာနနှင့် ယူနီဆက်ဖ်တို့ ပူးပေါင်းပြီး မြို့နယ် ငါးမြို့နယ်မှ စတင်အစပျိုးခဲ့သည်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ယူနီဆက်ဖ်မှ ၄၂ မြို့နယ်၊ အလှူရှင်များက မြို့နယ် ၃၀၊ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနက ၁၆ မြို့နယ် စုစုပေါင်း ၈၈မြို့နယ်အထိ တိုးချဲ့ဆောင်ရွက်နိုင်ကြောင်း တွေ့ရသည်။

ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်အရ အသက်ငါးနှစ်မှ ကိုးနှစ်အတွင်း အခြေခံပညာကျောင်းများတွင် လုံးဝမတက်နိုင်သော ကလေး သူငယ်များ၊ ကျောင်းတက်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မူလတန်းမပြီးမြောက်သော ကလေးများကို "ကောက်သင်းကောက်" ယူပြီး မူလတန်းပညာသင်ရသော အစီအစဉ်ဖြစ်သည်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် မြို့နယ်ပေါင်း ၈၈ မြို့နယ်အထိ ရှိလာပြီး အခြေစိုက်စခန်းပေါင်း ၅၅၀၊ သင်တန်းသား ကလေးသူငယ်ဦးရေ ပထမ အဆင့် ၆၀၀၀ကျော်၊ ဒုတိယအဆင့် ၅၀၀၀ ကျော်ကို သင်ပြမှု ဆရာ ဆရာမ ၁၁၀၀ ကျော်က သင်ကြားပေးခဲ့သည်။ မြို့နယ်ကြီးကြပ်ရေးမှူး ၁၅၁ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကြီးကြပ်ရေးမှူး ၄၀ တို့က အဆင့်ဆင့် ကြီးကြပ်သွားမည်ဖြစ်သည်။ ကျောင်းပြင်ပမူလတန်းပညာရေးတွင် ပါဝင်ဆောင်ရွက်ကြသော ဆရာ ဆရာမများနှင့် ကြီးကြပ်ရေးမှူးများကို ၂၀၁၄ခုနှစ် မေ ၂၂ရက်မှ ၃၀ ရက်အထိ ဗဟိုအဆင့်နည်းပြသင်တန်းကို ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ပြီး ၂၀၁၄ ဇွန် ၆ ရက်မှ ၁၂ ရက်အထိ ဇုန်အဆင့် နည်းပြသင်တန်းများကို ရန်ကုန်ဇုန်၊ မန္တလေးဇုန်နှင့် မော်လမြိုင်ဇုန်တို့တွင် ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းပြင်ပမူလတန်းပညာရေးမြို့နယ်အသီးသီးရှိ အခြေစိုက်စခန်းများကို ဇွန် ၁၆ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ပျဉ်းမနားမြို့နယ်တွင် မြို့နယ်အခြေစိုက် စခန်းနှစ်ခုအား ညောင်ပင်သာ-သဲကျွန်းတွင် (Level-2) အဆင့် ကျောင်းသူလေးဦး၊ မင်္ဂလာနယ်မြေတွင် (Level-2) အဆင့်ခုနစ်ဦး၊ (Level-1)အဆင့် ကိုးဦး၊ ထပ်တိုးကျောင်းသား သုံးဦး စုစုပေါင်း ၂၃ ဦးတက်ရောက်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက္ကံ)**

ပြည်တွင်းသတင်း

# ဒေသတွင်းတည်ငြိမ်အေးချမ်းရေးကို အထောက်အကူပြုစေမည့် ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဆွေးနွေး

နေပြည်တော် ဇွန် ၁၇

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr.Tateshi HIGUCHI အား လက်ခံတွေ့ဆုံသည်။** (ယာပုံ)

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဂျပန်နိုင်ငံသံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံစစ်သံမှူး Colonel Takeshi HARA နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ရှည်လျားသည့် နှစ်နိုင်ငံချစ်ကြည်ရေးသမိုင်းကို ဆက်လက်ထိန်းသိမ်းရေး၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်နိုင်မှုအခွင့်အလမ်းများ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်စပ်သည့်ကိစ္စရပ်များ၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးကို အထောက်အကူပြုစေမည့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဒေသနေတောင်သူများ စိုက်ပျိုးနည်းစနစ်မှန်စွာ စိုက်ပျိုးတတ်စေရန် သိပ္ပံနည်းကျစိုက်နည်းစနစ်များ ပညာပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၇**

နိုင်ငံတော်သမ္မတကြီး၏ ဆင်းရဲမှုလျှော့ချရေး လမ်းညွှန်ချက်(၈)ရပ် အနက်မှ လယ်ယာကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ကို အထောက်အကူဖြစ်စေရန်အတွက်လည်းကောင်း၊ ထို့ထက်မက ကျေးလက်နေတောင်သူများ လူနေမှုအဆင့်အတန်းမြင့်မားစွာ နေထိုင်နိုင်ရေးဝင်ငွေများ တိုးတက်ရရှိစေရန်အတွက်လည်းကောင်း၊ သက်ဆိုင်ရာမြို့နယ်အလိုက် မျိုးကောင်း မျိုးသန့် အထွက်တိုးမျိုးများကို စံပြစိုက်ခင်းများအဖြစ် စိုက်ပျိုးပြသကာ မြို့နယ်ရှိ တောင်သူလယ်သမား ကျေးလက်နေပြည်သူများ အလွယ်တကူ လေ့လာသင်ယူနိုင်ပြီး ပြည်သူများဆင်းရဲမှုလျော့ပါးရုံသာမက ကြွယ်ဝချမ်းသာလာနိုင်သည့် အဆင့်ရောက်ရှိလာနိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ပါရန် တိုက်တွန်းကြောင်းအဆိုကို ဒသမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပျော်ဘွယ်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်စိုးက ဆွေးနွေးခဲ့သည်။

**ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး။**
ဓာတ်ပုံ-သတင်းစဉ်

ယင်းအဆိုနှင့် ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒေသနေတောင်သူများ စိုက်ပျိုးနည်းစနစ်မှန်ကန်စွာ စိုက်ပျိုးတတ်လာစေရန်အတွက် သိပ္ပံနည်းကျစိုက်နည်းစနစ်များ (Good Agriculture Practices) ဖြင့် သီးနှံများ စိုက်ပျိုးပြသပညာပေးလျက်ရှိပါကြောင်း၊ တောင်သူလယ်သမားများ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ခေတ်မီဆည်ရေသောက်စနစ် စံပြစက်မှုလယ်ယာကိုလည်း ၂၀၁၃-၂၀၁၄ခုနှစ်အတွင်း ထူထောင်၍သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးပညာပေး ပြသခဲ့ပါကြောင်း။

ဒေသခံတောင်သူများအတွက် မျိုးကောင်းမျိုးသန့်များ စဉ်ဆက်မပြတ် ထုတ်လုပ်ပေးနေသော ပျော်ဘွယ်မြို့နယ်အတွင်းရှိ ချောင်းမကြီး မျိုးသန့်ခြံမှ ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း ရေဆင်း-၁ စပ်မျိုးနေကြာ၊ မျိုးစေ့ထုတ်စိုက်ခင်း ၄၅ ဧကနှင့် ရွှေသွယ်ရင်စပါး (ဆင့်ပွားမျိုးစေ့) မျိုးစေ့ထုတ်စိုက်ခင်း ၃၅ ဧက၊ ပဲစင်းငုံစီးပွားဖြစ် မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်း ၁၀ ဧက၊ ရေဆင်း-၄ ကုလားပဲ(ဆင့်ပွားမျိုးစေ့) မျိုးစေ့ထုတ်စိုက်ခင်း ၂၅ ဧက၊ မျိုးကောင်းမျိုးသန့်မျိုးစေ့များ မျိုးပွား၍ စိုက်ပျိုးထုတ်လုပ်ပေးနိုင်ခဲ့ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင်လည်း စပ်မျိုးနေကြာ ၁၂၅ ဧက၊ မျိုးစေ့ထုတ် စိုက်ခင်းနှင့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်အသုံးပြု၍ စပ်မျိုးစပါး ၁၁၄ ဧက၊ ပဲစင်းငုံစီးပွားဖြစ် မျိုးသန့်မျိုးစေ့ ၁၃ ဧက၊ ပဲတီစိမ်း ဆင့်ပွားမျိုးစေ့ ၅ ဧက၊ ထုတ်လုပ်ဖြန့်ဖြူးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပျော်ဘွယ်မြို့နယ်အတွင်းရှိ ယင်းစိုက်ပျိုးနည်းစနစ်များကို စိတ်ပါဝင်စားသောတောင်သူများ လာရောက်လေ့လာနိုင်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းအဆိုတင်သွင်းရသည့် ရည်ရွယ်ချက်နှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးက "ဒီအဆိုတင်သွင်းရခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ ခေတ်မီအထွက်တိုး မျိုးကောင်းမျိုးသန့်တွေ ခေတ်မီစက်ကိရိယာတွေနဲ့ ဒေသခံတောင်သူတွေ စနစ်တကျစိုက်ပျိုးတတ်စေဖို့၊ ကျန်းမာရေးအထောက်အကူပြုတဲ့ ခေတ်မီအော်ဂဲနစ်စိုက်ပျိုးနည်းစနစ်တွေ၊ မြို့နယ်ခရိုင်အလိုက် ကျေးလက်ဒေသနေ တောင်သူတွေကိုပြသပေးမယ်ဆိုရင် တောင်သူတွေ စိတ်ပါဝင်စားလာပြီး စိုက်ပျိုးလာရင် သူတို့ရဲ့ဘဝ စားဝတ်နေရေးသာမကဘဲ၊ လူနေမှုအဆင့်အတန်းတွေ မြင့်မားလာမယ်၊ မြို့နယ်ဒေသမှာနေတဲ့ တောင်သူတွေအနေနဲ့ မျိုးကောင်းမျိုးသန့် မျိုးစေ့တွေကို စိုက်ပျိုးနည်းစနစ်ကျကျ စိုက်ပျိုးတတ်လာရင်း သမားရိုးကျစိုက်တာကနေ အထွက်တိုးစနစ်ကိုစိုက်တတ်လာရင် ပြည်သူတွေ ဆင်းရဲမှုတွေ လျော့ကျလာရုံသာမကဘဲ ကြွယ်ဝချမ်းသာလာစေချင်တာပါ။ နိုင်ငံတော်အနေနဲ့လည်း ကျေးလက်နေ တောင်သူလယ်သမားဘဝတိုးတက် မြင့်မားလာစေရေးအတွက် စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းတာတမံတွေ မွမ်းမံပြင်ဆင်ပေးတာ၊ တည်ဆောက်ပေးတာ၊ ဆည်ငယ်ကန်ငယ်တွေ ဖော်ထုတ်ပေးတာတွေ လုပ်ပေးရင် တောင်သူတွေ ပိုပြီး အဆင်ပြေလာမှာပေါ့။ အခုလို မျိုးကောင်း မျိုးသန့်တွေ စိုက်ပျိုးနည်းစနစ်တွေ ကူးပြောင်းရေး အထွက်တိုးမှုတွေ၊ စိုက်ပျိုးပုံနည်းစနစ်တွေ ပြသခြင်းကြောင့် ကျေးလက်နေတောင်သူတွေ အဆင်ပြေမှာပါ" ဟု ၎င်း၏အမြင်အား မြန်မာ့အလင်းသို့ ပြောကြားသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနှင့်လည်း တောင်သူများမြေပဲသီးနှံ ပိုမိုတိုးချဲ့စိုက်ပျိုးလာစေရေးအတွက် တစ်ဧကလျှင် တင်း ၁၀၀ အထက် ထွက်ရှိသော သက်တမ်းတိုအထွက်တိုး မျိုးကောင်းမျိုးသန့် မြေပဲမျိုးများကို ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။ အဆိုပါမြေပဲမျိုးများ အသုံးပြုစိုက်ပျိုးခြင်းဖြင့် တောင်သူများ ဝင်ငွေတွက်ခြေကိုက်ပြီး အချိန်တိုအတွင်း အကျိုးအမြတ်များ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ၂၀၁၃ ခုနှစ်အတွင်း ယင်းမြေပဲမျိုးများကို မကွေးတိုင်းဒေသကြီးသို့ ၈၁၁ တင်း၊ ဧရာဝတီတိုင်းဒေသကြီးသို့ တင်း ၅၀၊ ပဲခူးတိုင်း(အနောက်ပိုင်း) သို့ တင်း ၇၀၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ တင်း ၅၀ မန္တလေးတိုင်းဒေသကြီးသို့ တင်း ၅၀ နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနသို့ ၂၆ တင်းနှင့် စိုက်ပျိုးရေးနည်းပညာများကို တိုင်းဒေသကြီး၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးများသို့ ဖြန့်ဖြူးပေးထားကြောင်း သိရသည်။ **ဇင်ဦး(မြန်မာ့အလင်း)**

■ ကျောဖုံးမှ

ဆက်လက်ပြီး အမျိုးသမီး ၁၆၅ စင်တီမီတာအောက် Model Physique ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးပြိုင်ပွဲဝင် မဟေမန်နှင်းက အကောင်းဆုံးငါးဦးတွင် စတုတ္ထဆုရရှိခဲ့သည်။

(၁၂)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစား တံခွန်စိုက်ပြိုင်ပွဲတွင် အမျိုးသား ၅၅ ကီလို၊ ၆၀ ကီလို၊ ၆၅ ကီလို၊ ၇၀ ကီလို၊ ၇၅ ကီလို၊ ၈၀ကီလိုနှင့် ၈၅ကီလိုအထက် Body Building ပြိုင်ပွဲများလည်း ပါဝင်သည်။

ထို့အတူ အမျိုးသား Athletic Physique ၁၇၀ စင်တီမီတာအောက်နှင့် ၁၇၀ စင်တီမီတာအထက် အလွတ်တန်းနှင့် အမျိုးသမီး Body Building အလွတ်တန်းပြိုင်ပွဲများလည်း ယခုတံခွန်စိုက်ပြိုင်ပွဲတွင် ပါဝင်သည်။ (၁၂)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားတံခွန်စိုက်ပြိုင်ပွဲတွင် အသင်းလိုက် တံခွန်စိုက်ဆုကို စင်ကာပူနိုင်ငံက ရရှိခဲ့သည်။

အသင်းလိုက် တံခွန်စိုက်ဒုတိယဆုကို ထိုင်းနိုင်ငံမှရရှိပြီး ဗီယက်နမ်နိုင်ငံက တတိယရရှိခဲ့သည်။ (၁၂)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလမောင်ဆုကို ထိုင်းနိုင်ငံမှ Vachara Sasri sank က ဆွတ်ခူးရရှိသွားသည်။

(၁၂)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစား တံခွန်စိုက်ပြိုင်ပွဲတွင် မြန်မာ၊ စင်ကာပူ၊ မလေးရှား၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ထိုင်း၊ ဖိလစ်ပိုင်နိုင်ငံတို့မှ ပြိုင်ပွဲဝင် အမျိုးသား အမျိုးသမီးများ ပါဝင်ဆင်နွှဲခဲ့ကြသည်။

မြန်မာနိုင်ငံမှ အမျိုးသမီးအသင်းတွင် မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်မှ အမှုဆောင် ဒေါ်ရီရီဝင်း၊ အုပ်ချုပ်သူ ဒေါ်တင်မမျိုး(ဒိုင်လူကြီး)၊ ဒေါ်ခင်ဝင်းမေ(နည်းပြ)၊ အားကစားသမားအဖြစ် မအေးအေးစိုး၊ မနန်းထက်ထက်လင်းနှင့် မဟေမန်နှင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြခြင်း ဖြစ်သည်။

**(မြန်မာ့အလင်း)**

# မဲခေါင်ဒေသတွင်းအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၇**

မဲခေါင်ဒေသတွင်း ဒေသအဆင့်ပညာရေးတွင် ပြောင်းလဲလာသော ကမ္ဘာလုံးဆိုင်ရာ နိုင်ငံသားကောင်းများဖြစ်ပေါ်ရေး၊ ငြိမ်းချမ်းရေး၊ ယဉ်ကျေးမှုတို့ ရေရှည်ရပ်တည်နိုင်ရေးဦးတည်သည့် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ကန်တော်ကြီး၊ ကန်ပတ်လမ်းရှိ ကန်တော်ကြီးပဲလေ့စ် ဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ၏ လူမှုစီးပွားရေးအကြံပေး ပုဂ္ဂိုလ် ဒေါက်တာအောင်ထွန်းသက်က ဂုဏ်ပြုစကား ပြောကြားသည်။

အစီအစဉ်အရ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြည်ထောင်စုဝန်ကြီး ကပေးပို့သည့် ဂုဏ်ပြုအမှာစကားအား ဖတ်ကြားသည်။

ဆက်လက်၍ Asia-Pacific Centre of Education for International Understanding (APCEIU) မှ ညွှန်ကြားရေးမှူး Mr.Utak CHUNG က အဖွင့်အမှာစကားပြောကြားပြီး UNESCO (ဗန်ကောက်)မှ ညွှန်ကြားရေးမှူး Mr.Gwang-Jo KIM က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက အလုပ်ရုံဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ အလေးထားဖွယ်ရာများကို ပြောကြားသည်။

ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသို့ မဲခေါင်ဒေသတွင်းမှ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ ပညာရေးဝန်ကြီးဌာနနှင့်မြန်မာယူနက်စကို အမျိုးသားကော်မရှင်တို့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်အပါအဝင် စုစုပေါင်း ၃၆ ဦးတက်ရောက်ကြပြီး ဇွန် ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံသတင်းစာဆရာအသင်း၏ ပထမအကြိမ် သက်ကြီးသတင်းစာဆရာကြီးများ ပူဇော်ကန်တော့ပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၁၇**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၏ ပထမအကြိမ် သက်ကြီးသတင်းစာဆရာကြီးများအား ပူဇော်ကန်တော့ပွဲကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း ရန်ကုန်မြို့၌ကျင်းပရန် စီစဉ်လျက်ရှိသည်။

အပူဇော်ခံမည့် သက်ကြီးသတင်းစာဆရာကြီးများသည် အသက် ၇၅ နှစ်ပြည့်ပြီး သတင်းစာပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့သူ (ဥပမာ-အယ်ဒီတာ၊ သတင်းထောက်၊ သတင်းဓာတ်ပုံဆရာ)ဖြစ်ရမည်။ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (MJA) အသင်းဝင်ဖြစ်ရန် မလိုအပ်ပါ။ ပထမအကြိမ် သက်ကြီးသတင်းစာဆရာကြီးများ ပူဇော်ကန်တော့ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ကြီးသတင်းစာဆရာကြီးများ၏ မိသားစုများ၊ သက်ကြီးသတင်းစာဆရာကြီးများနှင့် ခင်မင်ရင်းနှီးသော နီးစပ်ရာမိတ်ဆွေ၊ သတင်းစာဆရာ အသိုင်းအဝိုင်းများက အပူဇော်ခံမည့် သက်ကြီးသတင်းစာဆရာကြီးများ၏ ကိုယ်ရေးအချက်အလက်များကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များနှင့် မြို့နယ်များ၏ သတင်းစာဆရာအသင်းများမှတစ်ဆင့်သော်လည်းကောင်း၊ ပထမအကြိမ် သက်ကြီးသတင်းစာဆရာကြီးများ ပူဇော်ကန်တော့ပွဲကျင်းပရေး ကော်မတီသို့လည်းကောင်း ဝိုင်းဝန်းကူညီပေးပို့ကြပါရန် တိုက်တွန်းထားသည်။

ကန်တော့ခံ မှတ်တမ်းတွင် ဖော်ပြရန်အတွက် သက်ကြီးသတင်းစာဆရာကြီးများ တာဝန်ထမ်းဆောင်ခဲ့သော သတင်းဌာန၊ သတင်းစာ၊ ဂျာနယ်များကို ရေးသားဖော်ပြပြီး နိုင်ငံသားစိစစ်ရေးကတ် မိတ္တူတစ်စုံနှင့်ဓာတ်ပုံနှစ်ပုံကို ပထမအကြိမ် သက်ကြီးသတင်းစာဆရာကြီးများ ပူဇော်ကန်တော့ပွဲကျင်းပရေး ကော်မတီ၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ဗဟို)၊ အခန်း(၆၀၃)၊ အမှတ် (၁၇၃/၁၇၅)၊ ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်းဒေသကြီးသို့ ၂၀၁၄ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့ နောက်ဆုံးထားပေးပို့ကြပါရန် နှိုးဆော်ထားကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

ဥပဒေနှင့်ပြည်တွင်းသတင်း

# လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၅။ )**

**၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်**

**(၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၇ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ လမ်းနှင့် တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မ ၃ တို့တွင်ပါရှိသော "လုပ်ထုံးလုပ်နည်းဖြင့်" ဆိုသည့် စကားရပ်ကို "အမိန့်ကြော်ငြာစာဖြင့်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ လမ်းနှင့် တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေပုဒ်မ ၉ တွင်ပါရှိသော "ထောင်ဒဏ် ခြောက်လသို့မဟုတ် ငွေဒဏ်ကျပ်ငါးထောင် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ကျခံစေရမည်။" ဆိုသည့်စကားရပ်ကို "ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံးကျပ်သုံးသိန်းထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၁၀ တွင်ပါရှိသော"ထောင်ဒဏ် သုံးလ သို့မဟုတ် ငွေဒဏ်ကျပ်သုံးထောင် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ကျခံစေရမည်။" ဆိုသည့်စကားရပ်ကို "ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ လမ်းနှင့် တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၁ တွင်ပါရှိသော "ထောင်ဒဏ် တစ်လကျခံစေရမည်။" ဆိုသည့် စကားရပ်ကို "ထိုသူကို တစ်လထက်မပိုသော ထောင် ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုး ရမည်။

၆။ လမ်းနှင့် တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေတွင် ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

( ဂ ) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# လူထုဗဟိုပြုကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများကို ကျေးရွာပေါင်း ၃၀၀၀ ကျော်တွင် ဆောင်ရွက်သွားမည်

**နေပြည်တော် ဇွန် ၁၇**

ပြည်ထောင်စု နယ်မြေအတွင်း လူထုဗဟိုပြု စီမံကိန်းဆောင်ရွက်မည့် မြို့နယ်ရွေးချယ်ခြင်းဆိုင်ရာ အကြံဉာဏ်ရယူခြင်းအစည်းအဝေးကိုယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(MICC)၌ကျင်းပသည်။

ရှေးဦးစွာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် အခမ်းအနားသည် မိမိတို့ဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်မည့် လူထုဗဟိုပြုစီမံကိန်းကို နေပြည်တော်ကောင်စီနယ်မြေအတွင်းမှ တစ်မြို့နယ်ကို ရွေးချယ်ကာ ထိုမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုအားလုံးတွင် အကောင်အထည်ဖော်နိုင်ရန် အကြံဉာဏ်ရယူသည့် အစည်းအဝေးဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ တူညီသောဆန္ဒနှင့်အညီ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှု ကွာဟချက်များ ကျဉ်းမြောင်းလျော့နည်းစေရေး၊ ဆင်းရဲမှုလျော့ကျရေး၊ အခြေခံလူမှုစီးပွားဘဝ မြင့်တင်ရေး၊ ပြည်သူများအာဟာရ ပြည့်ဝ၍ ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ထက်မြက်ရေး၊ ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်၊ အခွင့်အလမ်းများ ဖန်တီးပေးရေး၊ အသက်မွေးဝမ်းကျောင်းပညာ ဖွံ့ဖြိုးရေးနှင့် မိသားစုဝင်ငွေတိုးရေးလုပ်ငန်းများကို ကာလတို၊ ကာလရှည်စီမံကိန်းများ ရေးဆွဲ၍ တစိုက်မတ်မတ် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အဓိက မောင်းနှင်အား သုံးခုဖြစ်သည့် နိုင်ငံတော်အစိုးရ၊ ပြည်တွင်း ပြည်ပ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများ၏အားကို ရယူပေါင်းစပ်၍ မူဘောင်ပါ မဟာဗျူဟာ ငါးရပ်နှင့်အညီ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို မြန်မာနိုင်ငံတစ်ဝန်းရှိ ကျေးရွာပေါင်း ၁၁၅၀ တွင် အရင်းမပျောက် ပုံမှန်လည်ပတ်ငွေများ ထူထောင်၍ စတင်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်း၌ ကျေးရွာပေါင်း ၁၃ ရွာတွင် စတင်ဆောင်ရွက်လျက်ရှိပြီး ဖြစ်ပါကြောင်း၊ အလားတူ လူထုဗဟိုပြု ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများကို ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အီတလီ ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ များနှင့် ပူးပေါင်းကာ ကျေးရွာပေါင်း ၃၀၀၀ ကျော်တွင် ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း။

ကမ္ဘာ့ဘဏ်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများအတွက် အမေရိကန် ဒေါ်လာ သန်း ၈၀ ထောက်ပံ့ကူညီခဲ့ပြီး ပြည်သူအခြေပြုဆောင်ရွက်သည့် လူထုဗဟိုပြုစီမံကိန်းကို ၂၀၁၂ ခုနှစ် စက်တင်ဘာလမှစတင်ကာအကောင် အထည်ဖော်ခဲ့ကြပါကြောင်း။

လူထုဗဟိုပြုစီမံကိန်းဆိုသည်မှာ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ အရင်းအမြစ်စီမံခန့်ခွဲခြင်းများ၊ ဆုံးဖြတ်ချက် ချမှတ်ဆောင်ရွက်ခြင်းများ၊ လုပ်ငန်း အကောင်အထည်ဖော်ခြင်းများနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊ လုပ်ငန်း လည်ပတ်ခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းစသည့် စီမံကိန်းလုပ်ငန်းစဉ် တစ်ခုလုံးတွင် အခြေခံလူ့အဖွဲ့အစည်းများကသာ စုပေါင်းစီစဉ်ဆောင်ရွက်သည့်လုပ်ငန်းစဉ်ဖြစ်ပါကြောင်း။

လူထုဗဟိုပြုစီမံကိန်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး/ ပြည်နယ်သုံးခုဖြစ်သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်စန်မြို့နယ်၊ ချင်းပြည်နယ်ကန်ပက်လက်မြို့နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တို့တွင် အကောင်အထည်ဖော်ခဲ့ပါကြောင်း၊ ယခုအခါ အဆိုပါမြို့နယ်များအတွင်းရှိ ကျေးရွာအုပ်စုပေါင်း ၇၂ အုပ်စုတွင် လူထုဗဟိုပြုစီမံကိန်းမှာ စီမံကိန်းပထမ တစ်နှစ်တာ အကောင်အထည်ဖော်ပြီးဖြစ်ကာ ဒုတိယနှစ်စီမံကိန်းများ ဆက်လက်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် လူထုဗဟိုပြုစီမံကိန်းကို စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၊ ရခိုင်ပြည်နယ် အမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ထန်းတပင်မြို့နယ်နှင့် ယခုနေပြည်တော်ကောင်စီနယ်မြေအတွင်းမှ တစ်မြို့နယ်တို့ကို ကျေးရွာအုပ်စု အားလုံးအတွင်းတွင် လူထုရွေးချယ်တင်ပြသည့် စီမံကိန်းလုပ်ငန်းများကို သုံးနှစ်ဆက်တိုက် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ရှေ့လာမည့်နှစ်တွင် ကျန်ရှိသည့် တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတွင် ဤစီမံကိန်းကို ဆက်လက် အကောင်အထည်ဖော်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူတစ်ဦးက စီမံကိန်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက လူထုဗဟိုပြုစီမံကိန်းအကြောင်းနှင့် မြို့နယ်ရွေးချယ် သတ်မှတ်ခြင်းအတွက် သတ်မှတ်ချက်များအကြောင်းကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အခမ်းအနားတွင် စီမံကိန်းအကြောင်း အမေးအဖြေကဏ္ဍများ ပြုလုပ်ခြင်း၊ အုပ်စုငယ်များခွဲ၍ သတ်မှတ်ချက်များအတိုင်း မြို့နယ်ရွေးချယ်ခြင်း အကြောင်းကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် အဖွဲ့လိုက် ရွေးချယ်မှုရလဒ်များကို တင်ပြခြင်းနှင့် ဆွေးနွေးခြင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရလဒ်များတင်ပြခြင်းနှင့် ဆွေးနွေးခြင်း စသည်တို့ကို အခန်းကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# မွေးဖွားမှုနှင့်သေဆုံးမှုစာရင်းများသည် နိုင်ငံ၏လူဦးရေကိန်းဂဏန်းများမှန်ကန်ရေးအတွက် အထောက်အကူဖြစ်

**နေပြည်တော် ဇွန် ၁၇**

မွေးဖွားမှုနှင့်သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၆ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့ ရွှေလင်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မွေးဖွားမှုနှင့်သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်ကျော်ဝင်းက မြန်မာနိုင်ငံတွင် မွေးဖွားမှုနှင့်သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များသည် ယခုမှစတင်ဆောင်ရွက်သည့်လုပ်ငန်းမဟုတ်ဘဲ ယခင်ကတည်းကပင် ဆောင်ရွက်နေသည့်လုပ်ငန်းဖြစ်ပါကြောင်း၊ မွေးဖွားမှုနှင့်သေဆုံးမှုစာရင်းများသည် နိုင်ငံ၏လူဦးရေကိန်းဂဏန်းများ တိကျမှန်ကန်စေရေးအတွက် အထောက်အကူဖြစ်ပါကြောင်း။

လူထုအသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်၍ ရှေ့လုပ်ငန်းစဉ်များကိုလည်းအောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လူကုန်ကူးမှုအသိပညာပေးဟောပြောပွဲ ကျင်းပ

**ပျဉ်းမနား ဇွန် ၁၇**

နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ ကကြီးမှူးကျင်းပသော လူကုန်ကူးမှု အသိပညာပေး ဟောပြောပွဲကို ဇွန် ၁၆ ရက် ညနေ ၃ နာရီက ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ပေါင်းလောင်း နယ်မြေ (၂)မွှာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးက အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး တပ်ဖွဲ့စု(နေပြည်တော်)မှ တပ်ဖွဲ့စုမှူး ဒုရဲမှူးမင်းနိုင်က လူကုန်ကူးမှုနှင့် ပတ်သက်၍ လူကုန်ကူးခံရခြင်း၊ လူကုန်ကူးမှုဖြစ်စဉ် သမိုင်း၊ ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်ခြင်း၊ လူကုန်ကူးမှု၏ အဓိပ္ပာယ်တို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းရာ တပ်ဖွဲ့စုမှူး ဒုရဲမှူးမင်းနိုင်က ပြန်လည်ဖြေကြားခဲ့သည်။

ဟောပြောပွဲ အခမ်းအနားသို့ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုး၊ ဒက္ခိဏခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာကြိုင်၊ ပျဉ်းမနားမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းအေးနှင့်ရပ်ကွက် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ပေါင်းလောင်းရပ်ကွက်တွင် ဖွင့်လှစ်ထားရှိသော KTV ဆိုင်များမှ အမျိုးသမီးငယ် စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# မြန်မာ-အမေရိကန် နှစ်နိုင်ငံအပြန်အလှန် ညှိနှိုင်းဆွေးနွေးခြင်းဖြင့် မြန်မာနိုင်ငံသို့ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများတိုးတက်လာနိုင်

**နေပြည်တော် ဇွန် ၁၇**

မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့အကြား ၂၀၁၃ ခုနှစ် မေ ၂၁ ရက်တွင် ချုပ်ဆိုခဲ့သည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဘောင် သဘောတူစာချုပ် (Trade and Investment Framework Agreement between the Government of the Republic of the Union of Myanmar and the Government of the United States -TIFA) အကောင်အထည်ဖော်ရေးနှင့်စပ်လျဉ်း၍ အမေရိကန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန် ရည်ရွယ်၍ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**မြန်မာ-အမေရိကန် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် တက်ရောက်လာကြသူများ မှတ်တမ်းဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

အစည်းအဝေးတွင် မြန်မာနိုင်ငံ၌ ကုန်သွယ်ရေးဆိုင်ရာမူဝါဒများ ပြုပြင်ပြောင်းလဲမှုများနှင့် သက်ဆိုင်သည့် လက်ရှိဆောင်ရွက်လျက်ရှိသော WTO Trade Policy Review ဆိုင်ရာကိစ္စရပ်များ၊ သွင်းကုန်လိုင်စင်နှင့်ပတ်သက်သည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ ဉာဏပစ္စည်းမူပိုင်ခွင့် (Intellectual Property Rights) ဥပဒေရေးဆွဲနေသည့် အခြေအနေများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများ တိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးအတွက် ဆောင်ရွက်မှုများ၊ အာဆီယံနှင့် အမေရိကန်ပြည်ထောင်စုတို့အကြား ဆောင်ရွက်သည့် ASEAN and E3 ဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ တိုးချဲ့ဆောင်ရွက်နိုင်မည့် ကိစ္စရပ်များအပေါ် နှစ်ဖက်အပြန်အလှန်ညှိနှိုင်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်း ဦးဆောင်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်၊ ဝန်ကြီးဌာန အသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ အလုပ်အမှုဆောင်များ၊ အမေရိကန်နိုင်ငံမှ Deputy Assistant of Trade Representative, Mr.Karl Ehlers နှင့် အဖွဲ့ဝင်များ၊ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။

ဤသို့ မြန်မာနိုင်ငံနှင့်အမေရိကန်နိုင်ငံ နှစ်နိုင်ငံ အပြန်အလှန် ညှိနှိုင်းဆွေးနွေးခြင်းဖြင့် မြန်မာနိုင်ငံအတွင်းသို့ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ပုဂ္ဂလိကငါးမွေးမြူရေးလုပ်ငန်းရှင်များမှ ငါးကန်များတူးဖော်မှုကြောင့် လယ်ယာမြေများပျက်စီး

**စဉ့်ကိုင် ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်း ပုဂ္ဂလိက ငါးမွေးမြူရေးသမားများက လယ်ယာမြေများပေါ်တွင် ငါးကန်များ တူးဖော်မှုကြောင့် ဒေသတွင်းလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများ ထိခိုက်နစ်နာလျက်ရှိကြောင်း သိရသည်။

အဆိုပါ ငါးမွေးမြူရေးသမားများသည် ဒေသတွင်းလယ်ယာမြေများကို တစ်ဧကလျှင် နှစ်အလိုက် ငွေကျပ် ခြောက်သိန်းနှုန်းမှ ငွေကျပ် ၄၅ သိန်းနှုန်းအထိ ဈေးတိုးပေး၍ ဝယ်ယူခဲ့ကြကြောင်း၊ လွန်ခဲ့သော သုံးလေးနှစ်ခန့်က တစ်ဧကလျှင် ခြောက်သိန်း၊ ရှစ်သိန်းနှုန်းဖြင့် ဈေးဖွင့်ဝယ်ယူခဲ့ကြပြီး ယခုအခါ တစ်ဧကလျှင် ငွေကျပ် ၄၅ သိန်းနှုန်းအထိ ဈေးပေးဝယ်ယူလျက်ရှိကြောင်း၊ ဝယ်ယူပြီး လယ်ယာမြေများပေါ်တွင် ဒေသခံတောင်သူလယ်သမားများ၏ သဘောတူညီမှုမရဘဲ မြေတူးစက်ကြီး၊ မြေသည်ယာဉ်ကြီးများဖြင့် ငါးမွေးမြူရေးကန်များ တူးဖော်နေကြကြောင်း၊ အနီးပတ်ဝန်းကျင်ရှိ တောင်သူများအနေဖြင့် ငါးကန်များ တူးဖော်မှုကြောင့် ရေသွင်း ရေထုတ်မြောင်းများ ပျောက်ဆုံးကုန်ပြီး စိုက်ပျိုးရေးလုပ်ကိုင်၍ မရအောင်ဖြစ်နေကြောင်း၊ ထိုသို့ အခက်အခဲဖြစ်နေမှုကို သက်ဆိုင်ရာအဆင့်ဆင့်သို့ တင်ပြပါသော်လည်း မည်သို့မျှ

အရေးယူဆောင်ရွက်ပေးမှု မရှိကြောင်း၊ အချို့တောင်သူများက စိတ်ဓာတ်ကျပြီး မိမိတို့ပိုင် လယ်ယာမြေများကို ငါးမွေးမြူရေးသမားများ ပေးသမျှငွေဖြင့် ထိုးအပ်ရောင်းချနေကြရကြောင်း၊ လယ်ယာမြေရောင်းချ၍ရသောငွေများ ကုန်ဆုံးသွားသောအခါ မြေမဲ့၊ ယာမဲ့၊ အလုပ်အကိုင်မဲ့ဘဝဖြင့် များစွာဒုက္ခရောက်လျက် ရှိကြောင်း သက်ဆိုင်ရာများက ဖြေရှင်းပေးပါရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ စဉ့်ကိုင်မြို့နယ်ဟာ လယ်တွင်း ၁၁ ခရိုင်မှာ ပါဝင်တဲ့ မြို့နယ်တစ်မြို့နယ် ဖြစ်ပါတယ်။ ဇော်ဂျီဆည်ရေသောက်မြေတွေ ဖြစ်တဲ့အတွက် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ကိုင်လို့ရတဲ့ မြေတွေဖြစ်ပါတယ်။ စပါးအထွက်နှုန်းကောင်းတဲ့ RG 1,RG 2 အမျိုးအစားမြေတွေ ဖြစ်ပါတယ်။ ဒီမြေတွေကို ဒေသခံ အင်းလေလံလုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကလွန်ခဲ့တဲ့ နှစ်အနည်းကစပြီး တစ်ဧက ခြောက်သိန်းနှုန်း၊ ရှစ်သိန်းနှုန်းပေးပြီး ဝယ်ယူခဲ့ပါတယ်။ အဲ့ဒီ ပုဂ္ဂိုလ်က စဉ့်ကိုင်မြို့နယ်အတွင်း ရွာသစ်ကွင်း၊ အုန်းပင်ခြံကွင်း၊ ကြည်ရွာကွင်း၊ မြို့မကွင်း၊ မြို့ဝန်ကုန်းကွင်း၊ ကုန်းနီကျေးရွာကွင်း၊ လက်ဝဲကျေးရွာကွင်း၊ တပ်ကြီးကျေးရွာကွင်း၊ ဖောင်ဇင်းကျေးရွာကွင်း၊ မြောင်းဆုံကြီးကျေးရွာကွင်း၊ မဲဇာကျေးရွာကွင်း၊ သင်္ဂတုံကျေးရွာကွင်း၊ ကန်ဆွယ်ကျေးရွာကွင်းစတဲ့ကွင်းများစွာက စပါးစိုက် လယ်ယာမြေဧက ၁၀၀၀ ကျော်ကို ဝယ်ယူခဲ့ပါတယ်။ ဒေသခံတောင်သူလယ်သမားအများစုက အင်းလုပ်ငန်းတွေ အစိုးရပြန်အပ်လိုက်ရလို့ စိုက်ပျိုးရေးလုပ်ငန်းတွေ ပြောင်းလဲလုပ်ကိုင်ဖို့ လယ်ယာမြေတွေဝယ်ယူတယ်လို့ ထင်မှတ်ပြီး ရောင်းချခဲ့ကြပါတယ်။ ဘေးပတ်ဝန်းကျင် လယ်ပိုင်ရှင်တွေကလည်း အင်းလုပ်ငန်းစွန့်လွှတ်ပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွေ ခေတ်နဲ့အညီ တိုးချဲ့လုပ်ကိုင်မှာမှတ်လို့ ဘာမှမကန့်ကွက်ခဲ့ကြပါဘူး။ စက်ယန္တရားကြီးတွေ ရောက်ရှိလာပြီး မြေသယ်ယာဉ်ကြီးတွေနဲ့ ငါးကန်တွေတူးဖော်လို့ မူလသဘာဝရေထိုင် မြေထိုင်တွေ ပျက်စီးကုန်တော့မှ ထိတ်လန့်တကြားနဲ့ တားမြစ်ကြ၊ သက်ဆိုင်ရာကို တင်ပြကြပေမယ့် မရပါဘူး။ အခုလည်း စပါးစိုက်မရတော့လို့ စိတ်ဓာတ်ကျပြီး ရောင်းလာတဲ့ မြေတွေကို ဆက်လက်ဝယ်ယူ တူးဖော်နေဆဲဖြစ်ပါတယ်"ဟု သင်္ဂတုံကျေးရွာမှ တောင်သူကြီးတစ်ဦးက ပြောပြသည်။

**အောင်မင်း(စဉ့်ကိုင်)**

## ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင် အခြေခံစက်ချုပ် သင်တန်းဆင်းပွဲတက်ရောက်

**ရန်ကုန် ဇွန် ၁၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်သည် လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ ရန်ကုန်အိမ်တွင်းမှုသက်မွေးသင်တန်းကျောင်းက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီခန်းမ၌ ဇွန် ၁၅ ရက်နံနက် ၉ နာရီက ကျင်းပသော အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ် (၃/၂၀၁၄) သင်တန်းဆင်းပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။ အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူး ဦးတင်ဇော်မိုးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## နေပြည်တော်ရဲတပ်ဖွဲ့ ပညာသင်ထောက်ပံ့ကြေးပေးအပ်

**နေပြည်တော် ဇွန် ၁၇**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး၏ ဝန်ထမ်းသားသမီးများအား ၂၀၁၄-၂၀၁၅ ခုနှစ် ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများပေးအပ်ခြင်းကို ဇွန် ၁၄ ရက် နံနက် ၉ နာရီက နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကိုကိုအောင်က အမှာစကားပြောကြားပြီး ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် တက္ကသိုလ်အဆင့်ကျောင်းသား ကျောင်းသူ ၁၈ ဦး၊ အထက်တန်းအဆင့် ကျောင်းသားကျောင်းသူ ၃၂ ဦး၊ အလယ်တန်းအဆင့် ၃၅ ဦး၊ မူလတန်းအဆင့် ၆၄ ဦး စုစုပေါင်း ၁၄၉ ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေးနှင့် ဗလာစာအုပ်ခဲတံ၊ ဘောပင်၊ မိုးကာ၊ ထီးများကို နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကိုကိုအောင်နှင့်ဇနီး နေပြည်တော်ရဲတပ်ဖွဲ့ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်မိမိခိုင်တို့က ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ဘိန်းအစားထိုးမက်သာဒုန်း ဆေးရည်တိုက်ကျွေးခြင်း အသိပညာပေးဆွေးနွေး

**ဟုမ္မလင်း ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ဇွန် ၁၆ ရက် နံနက် ၁၁ နာရီက ဘိန်းအစားထိုး မက်သာဒုန်းဆေးရည်တိုက်ကျွေးခြင်းအစီအစဉ်အတွက် အသိပညာပေးဆွေးနွေးပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းရွှေက အမှာစကားပြောကြားပြီး ခုတင်(၁၀၀)ဆံ့ ဆေးရုံအုပ်ကြီး ဒေါက်တာချိုပြုံးက မက်သာဒုန်းဆေးရည်တိုက်ကျွေးမည့်အစီအစဉ်များကို ဇွန် ၁၇ ရက်မှစ၍ ဟုမ္မလင်းမြို့ ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံတွင် နေ့စဉ် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တိုက်ကျွေးသွားမည်ဖြစ်ပြီး ၎င်းအစီအစဉ်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) ၏ ကူညီထောက်ပံ့မှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ ကချင်ပြည်နယ်တွင် ၁၁ မြို့နယ်၊ ရှမ်းပြည်နယ်တွင် ၁၁ မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ရှစ်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် နှစ်မြို့နယ် စုစုပေါင်း ၃၂ မြို့နယ်တို့၌ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်းစိုင်း(ဟုမ္မလင်း)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီးအဖွဲ့(၂)မှ တာဝန်ယူတည်ဆောက်ရသော ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဧရာဝတီတံတား(ထီးချိုင့်)မြဲတောင်ဘက်ခြမ်း တည်ဆောက်ခြင်းလုပ်ငန်းများအတွက် လိုအပ်သည့် အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများကို မြန်မာငွေကျပ်ဖြင့် ဝယ်ယူလိုပါသည်/လပြတ်ငှားရမ်းလိုပါသည်။

၂။ **ဝယ်ယူလိုသည့်ပစ္စည်း**
(က) ရေယာဉ်ချည်သံကြိုး( 1.5" Ø stud Link Chain 20 m အရှည်) ၆ ခု
(ခ) လျှပ်စစ်ပစ္စည်းအစုံ(စုံစမ်းရန်)

၃။ **လပြတ်ငှားရမ်းလိုသည့်ပစ္စည်း**
(က) တန် ၄၀၀ ဘတ်တွဲ — ၁ စီး
(ခ) တန် ၄၀၀ ဘတ်တွဲ(Ramp အပါ) — ၁ စီး
(ဂ) တန် ၂၀၀ ဘတ်တွဲ(Bentonite Barge) — ၁ စီး
(ဃ) မီးစက် ( 60 KVA sound proof diesel generator) — ၁ စုံ

၄။ **တင်ဒါတင်သွင်းရမည့်ရက်** - ၁၇-၆-၂၀၁၄ရက် မှ ၂၇-၆-၂၀၁၄ ရက်
**အချိန်** - နံနက် ၉:၃၀ နာရီ မှ ညနေ ၄:၃၀နာရီအထိ
**တင်ဒါစိစစ်ရွေးချယ်ရမည့်ရက်** - ၂၉-၆-၂၀၁၄ ရက်
**အချိန်** - မွန်းလွဲ ၁ နာရီ
**တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ** - မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး ထီးချိုင့်မြို့နယ်

၅။ တင်ဒါ စည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူသည့် အချက်အလက်များကို အသေးစိတ် သိရှိလိုပါက အထူးစီမံကိန်းကြီးအဖွဲ့(၂) မန္တလေး(ရတနာပုံ) စီမံကိန်းဝင်း အင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး ဖုန်း-၀၇၂-၂၂၂၈၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း မေးမြန်းစုံစမ်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာများကို ၁၇-၆-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၀/၅၃၆၈၊ Toyota Ipsum,S/Wယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ကြည်ဆွေ ၁၂/ကမရ(နိုင်)၀၄၀၂၄၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## လိုင်စင်မဲ့မော်တော်ယာဉ်များအိတ်ဖွင့်တင်ဒါဖြင့်ရောင်းချရေးကော်မတီ
## တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့

၁။ တနင်္သာရီတိုင်းဒေသကြီး လိုင်စင်မဲ့မော်တော်ယာဉ်များ အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချရေးကော်မတီသည် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ကိုယ်စား လိုင်စင်မဲ့မော်တော်ယာဉ် ၃၃ စီးအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချသွားမည်ဖြစ်၍ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များ (တင်ဒါရောင်းချမည့်ယာဉ်များကို ဝယ်ယူမည့်သူများ သွားရောက်ကြည့်ရှုနိုင်ရန်အတွက် ယာဉ်အမျိုးအစား ထုတ်လုပ်သည့်ခုနှစ်၊ တည်နေရာများပူးတွဲထားလျက်)အား ပုဂ္ဂိုလ်/ကုမ္ပဏီ/အဖွဲ့အစည်းကိုယ်တိုင်(သို့မဟုတ်)၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။

၃။ အိတ်ဖွင့်တင်ဒါအဆိုပြုတင်သွင်းသည့်ပုံစံများအား တစ်စုံလျှင် (၅၀၀၀ိ/-) (ကျပ်ငါးထောင်တိတိ)ဖြင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ထားဝယ်မြို့တွင် ၂၃-၆-၂၀၁၄ ရက်မှ ၄-၇-၂၀၁၄ရက်အထိ ရုံးချိန်အတွင်းဝယ်ယူရရှိနိုင်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းသည့်ပုံစံကို တရားဝင်ဝယ်ယူထားသူများ၏ အဆိုပြုလွှာများကိုသာ လက်ခံမည်ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းသည့်ပုံစံသည် မူရင်းအိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းသည့်ပုံစံဖြစ်ရပါမည်။

၅။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများကို ဥက္ကဋ္ဌ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချရေးကော်မတီ၊ ထားဝယ်မြို့ထံလိပ်မူ၍ ၄-၇-၂၀၁၄ရက် ၁၆:၃၀နာရီထက်နောက်မကျဘဲ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ထားဝယ်မြို့ရှိ တင်ဒါပုံးအတွင်းသို့ ထည့်သွင်းရမည်ဖြစ်ပါသည်။

၆။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာဖွင့်ပွဲကို ၇-၇-၂၀၁၄ရက် ၉:၃၀နာရီတွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ထားဝယ်မြို့တွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၉-၂၃၅၆၃၊ ၀၅၉-၂၃၅၆၅တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လိုင်စင်မဲ့မော်တော်ယာဉ်များ အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချရေးကော်မတီ**
**ထားဝယ်မြို့**

## ပျောက်ဆုံး

ကျွန်တော် နော်ဘောက် ၁/မကန(နိုင်)၀၉၂၂၉၄ ၏ နိုင်ငံကူးလက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၃၂၀၅၉၄၀**

## စာပို့တိုက်ကဏ္ဍ မူဝါဒသစ်များချမှတ်ရန်နှင့် စာပို့တိုက်ဥပဒေအသစ်တို့အား ပြုစုရေးဆွဲနိုင်ရေးအတွက် အကြံပေးအဖြစ်ဆောင်ရွက်ရန် စိတ်ဝင်စားသူများအား
## ဖိတ်ခေါ်ခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံ၏ စာပို့တိုက်ကဏ္ဍဆိုင်ရာ မူဝါဒသစ်များရေးဆွဲခြင်းနှင့် ခေတ်နှင့်လျော်ညီသည့် စာပို့တိုက်ဥပဒေအသစ်တို့အား ရေးဆွဲရန် ဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်းများအား အကြံပေးအဖြစ် ဆောင်ရွက်လိုသည့် ပြည်တွင်း/ပြည်ပမှ သတ်မှတ်အရည်အချင်းနှင့်ပြည့်မီသည့် ကျွမ်းကျင်ပညာရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

၂။ စိတ်ဝင်စားသူများအနေဖြင့် စိတ်ဝင်စားမှုဖော်ပြသည့်စာ Expression of Interest-EOI အား ကိုယ်ရေးရာဇဝင် အထောက်အထားများပူးတွဲလျက် အောက်ဖော်ပြပါလိပ်စာသို့ ၃၀-၆-၂၀၁၄ ရက်နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့လျှောက်ထားနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ-**
**ဦးသန်းထွန်းအောင်**
**ညွှန်ကြားရေးမှူး**
**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**
**ဖုန်း-၉၅-၆၇-၄၀၇၄၃၅**
**Fax-၉၅-၆၇-၄၀၇၅၃၉**
**email-thanhtunaung@mptngw.net.mm**
**tsrproject2014@gmail.com**
**The Terms of References နှင့် Expression of Interest များကို အောက်ဖော်ပြပါ Website တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။**
**http://www.mcit.gov.mm/news/invitation-expression-interest.html**

**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**

စုစုအေးအောင်
လေးပက်နာ
ပျောက်ဆေး

## အမည်ပြောင်း

ဦးမောင်ခိုင် ၉/တကန(နိုင်)၁၀၇၄၈၁၏သား နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အထက (၂)Eco.A1 မှ မောင်အောင်ဖုန်းပြည့်အား မောင်အောင်ဘုန်းပြည့်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်အောင်ဘုန်းပြည့်**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ဂျပန်နိုင်ငံအထောက်အပံ့ဖြင့် ဆောက်လုပ်သော ကျောင်းဆောင်သစ်ဖွင့်

**ဟားခါး ဇွန် ၁၇**

ချင်းပြည်နယ် ဟားခါးမြို့ရှိ အထက(၃)၌ ဂျပန်သံရုံး GGP ၏ ဂျပန်နိုင်ငံအထောက်အပံ့ဖြင့် ဆောက်လုပ်သော ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၆ ရက် နံနက် ၇ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်ကို ချင်းပြည်နယ်ပညာရေးညွှန်ကြားရေးမှူး၊ ဂျပန်သံရုံးမှ Mr.Kota Watanabe (Third Secretary of Japanese Embassy) နှင့် ကျောင်းအုပ်ဆရာမကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်းကကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** ကျောင်းဆောင်သစ် ပေးအပ်ပွဲတွင် တက်ရောက် အမှာစကားပြောကြားသည်။ ယင်းနောက် ကျောင်းဆောင်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ဂျပန်သံရုံးမှ Mr.Kota Watanabe က ချင်းပြည်နယ်ပညာရေးညွှန်ကြားရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ပြီး အထက(၃)ကျောင်းအကျိုးတော်ဆောင် မြို့နယ်ပညာရေးမှူး(ငြိမ်း) ဦးဘွေဟူးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ချင်းပြည်နယ် ဝန်ကြီးချုပ်က ဂျပန်သံရုံးမှ Mr.Kota Watanabe အား အမှတ်တရလက်ဆောင်ပေးအပ်၍ တက်ရောက်လာကြသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂျပန်သံရုံးမှကိုယ်စားလှယ်များက ကျောင်းဆောင်သစ်နှင့် ကျောင်းဆောင်သစ်၌ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ၏ အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယခုဖွင့်လှစ်သော ကျောင်းဆောင်ကို ၂၀၁၂ ခုနှစ် အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ ဂျပန်အစိုးရနှင့်ပြည်သူတို့၏ ထောက်ပံ့ငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး အလျား ပေ ၁၈၀၊ အနံပေ ၃၀၊ အမြင့် ၂၈ ပေ၊ အခန်း ၁၄ ခန်းပါ RC နှစ်ထပ်ကျောင်းဆောင်နှင့်အတူ ကျောင်းသားထိုင်စားပွဲ၊ ကုလားထိုင်အစုံ ၄၂၀၊ ဆရာ ဆရာမသုံး စားပွဲကုလားထိုင် ၁၄ စုံ၊ Blackboard ၁၄ ခု၊ Stage ခုံ ၂၈ ခုံ၊ Teacher Cupboard ၁၄လုံးအပါအဝင် FEC 313170 အကုန်အကျခံ လှူဒါန်းပေးခြင်းဖြစ်ကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ရိုစီ၏ ပြောပြချက်အရ သိရသည်။

ဆက်လက်၍ မွန်းတည့် ၁၂ နာရီတွင် ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်ဝန်ကြီးများနှင့် ဂျပန်သံရုံးတတိယအတွင်းဝန်တို့သည် ဂျပန်အသေးစားစီမံကိန်းမှ လှူဒါန်းသော ထန်တလန်မြို့ အထက(ခွဲ)ကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အမျိုးသား အမျိုးသမီးဘော်လီဘောပြိုင်

**မန္တလေး ဇွန် ၁၇**

၂၀၁၄ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်အလိုက် အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ပွဲစဉ်များကို ဇွန် ၁၅ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ဗထူးအားကစားခန်းမ၌ ကျင်းပရာ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် (က)အုပ်စု၌ ရမည်းသင်းခရိုင်၊ မြင်းခြံခရိုင်နှင့် ပြင်ဦးလွင်ခရိုင်အသင်း၊ (ခ) အုပ်စုတွင် မိတ္ထီလာခရိုင်၊ ကျောက်ဆည်ခရိုင်နှင့် မန္တလေးခရိုင်အသင်းတို့ ပါဝင်ကြပြီး **(အပေါ်ပုံ)**အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် မိတ္ထီလာခရိုင်၊ မန္တလေးခရိုင်အသင်းတို့သာ ပါဝင်ယှဉ်ပြိုင်လျက်ရှိကာ ပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်၊ တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာလှကြွယ်၊ အတွင်းရေးမှူး ဦးမြင့်ဆွေနှင့် ကော်မတီဝင်များ၊ ဘော်လီဘောဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင်ဘော်လီဘောအသင်းများမှ အဖွဲ့ခေါင်းဆောင်များဖြစ်ကြသည့် အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးများနှင့် အားကစားသမားများ၊ ဘော်လီဘောအားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်တို့တွင် အမျိုးသားပွဲစဉ်၌ ပြင်ဦးလွင်ခရိုင်အသင်းက ရမည်းသင်းခရိုင်အသင်းကို သုံးပွဲပြတ်၊ မန္တလေးခရိုင်အသင်းက မိတ္ထီလာခရိုင်အသင်းကို သုံးပွဲပြတ်နှင့် အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်တွင် မန္တလေးခရိုင်အသင်းက မိတ္ထီလာခရိုင်အသင်းကို သုံးပွဲပြတ်ဖြင့် ယှဉ်ပြိုင်အနိုင်ရရှိကြကြောင်း သိရသည်။ ဆက်လက်၍ ကျန်ပွဲစဉ်များကို ဇွန် ၁၈ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

# ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ်သင်တန်း အမှတ်စဉ် (၆/၂၀၁၄)ဖွင့်

**ရန်ကုန် ဇွန် ၁၇**

ရန်ကုန်တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့ သန်လျင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမ၌ EU (ဥရောပသမဂ္ဂ)နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ်သင်တန်း အမှတ်စဉ် (၆/၂၀၁၄)ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

**တက်ရောက်**

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ တိုင်းအကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး မျိုးမင်းဦး၊ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်အေး၊ တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးမြင့်ကြည်၊ EU Project မှ Mr. Friedrich Schwindt, Mr. Alan Heath နှင့် အကြီးတန်းအကြံပေးအရာရှိ ဦးတင်ဦး၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းရဲတပ်ဖွဲ့ခွဲ (ရန်ကုန်)နှင့် သတင်းရဲတပ်ဖွဲ့ခွဲ (ရန်ကုန်)တို့မှ ရဲအရာရှိများ၊ သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ်တို့မှ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ TOT သင်တန်းနည်းပြအရာရှိများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ် ကြက်ခြေနီ၊ အရန်မီးသတ်တို့မှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် သင်တန်းသားရဲအရာရှိ ၁၂ ဦးတို့ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းအကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး မျိုးမင်းဦးက အမှာစကားပြောကြားပြီး Mr. Friedrich Schwindt က ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ နံနက် ၉ နာရီခွဲတွင် ဖွင့်ပွဲအခမ်းအနားပြီးဆုံးခဲ့ပြီး အဆိုပါသင်တန်းကို ဇွန် ၁၆ ရက်မှ ဇူလိုင် ၁၁ ရက်အထိ စာတွေ့သင်ကြားခြင်း၊ နယ်မြေအတွင်း လက်တွေ့ကွင်းဆင်းသင်ကြားခြင်း၊ စာတွေ့လက်တွေ့ပေါင်းစပ်သင်ကြားခြင်းများဖြင့် ပို့ချသင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **စိုးဝင်း(SP)**

**လူကုန်ကူးမှုအန္တရာယ် ဝိုင်းဝန်းကာကွယ်**

## ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ပြန်လည်စွန့်လွှတ်သည့်မြေယာများ တောင်သူများထံ လုပ်ပိုင်ခွင့်ပုံစံထုတ်ပေး

**ဆိပ်ဖြူ ဇွန် ၁၇**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့ အထွေထွေအုပ်ချုပ်ရေးရုံးရှိ ငွေသဲဖြူခန်းမ၌ MGS ကုမ္ပဏီမှ ပြန်လည်စွန့်လွှတ်သည့် အနော်ရထာတံတားအောက်ရှိ မြေယာ ၁၆ ဒသမ ၀၂ ဧကကို မူလပိုင်ရှင်များဖြစ်သည့် တောင်သူတစ်ဦးချင်းထံ မြေယာလုပ်ပိုင်ခွင့်ပုံစံ(၇) ထုတ်ပေးသည့် အခမ်းအနားကို ဇွန် ၁၄ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။ ထိုပေးအပ်ပွဲအခမ်းအနားတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးအောင်နိုင်၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး၊ ဦးမြင့်၊ မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီဝင်များ၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီဝင်များ၊ မြို့နယ်လယ် ယာမြေစီမံခန့်ခွဲရေးကော်မတီဝင်များ၊ မြို့နယ်ရဲမှူးဝင်းအောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်မူလပိုင်ရှင်တောင်သူများဖြစ်သည့် ဆိပ်ဖြူမြို့ အလယ်ပိုင်းရပ်ကွက်နှင့် အနောက်ပိုင်းရပ်ကွက်များမှ တောင်သူ ၂၄ ဦးတို့တက်ရောက်ခဲ့ကြပြီး အခမ်းအနားတွင် ဝန်ကြီးက အမှာစကားပြောကြားခဲ့ပြီး မူလပိုင်ရှင်တစ်ဦးချင်းစီကို မြေယာလုပ်ပိုင်ခွင့်ပုံစံများကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်ဇေယျ(မကွေး)**

# မြန်မာလူငယ်ဂေါက်သီးရိုက်အသင်း ပထမဆုနှစ်ခုနှင့်ဒုတိယဆုတစ်ဆုဆွတ်ခူး

**ရန်ကုန် ဇွန် ၁၇**

ဇွန် ၁၁ ရက်မှ ၁၃ ရက်အထိ ထိုင်းနိုင်ငံ Phoenix Gold Golf & Country Club ၌ ကျင်းပခဲ့သော "12th Mercedes Benz Junior Golf Championships Asia Masters Final 2014" လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာလူငယ်ဂေါက်သီးရိုက်အသင်းက ပထမနှစ်ဆုနှင့် ဒုတိယတစ်ဆု စုစုပေါင်းဆုတံဆိပ် သုံးခုဆွတ်ခူးနိုင်ခဲ့သည်။ ပြိုင်ပွဲ၏ အမျိုးသား (Boys 23 & Under) အတန်းပြိုင်ပွဲတွင် ကျော်သက်ဦးက သုံးရက်ပေါင်း ၂၁၅ ချက်ဖြင့် ပထမဆုရရှိကာ ဇင်မင်းသူက သုံးရက်ပေါင်း ၂၂၉ ချက်ဖြင့် ဒုတိယဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

အမျိုးသမီး (Girls 23 & Under)အတန်းပြိုင်ပွဲတွင် ယဉ်မေမျိုးက သုံးရက်ပေါင်း အချက် ၂၃၀ ဖြင့် ပထမဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

ယင်းပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၂ နိုင်ငံမှ ဂေါက်သီးရိုက်အားကစားသမားပေါင်း ၁၀၀ ကျော်ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ မြန်မာလူငယ်ဂေါက်သီးရိုက်အသင်းကို ဇွန် ၁၄ ရက်က ရန်ကုန်လေဆိပ်၌ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ဂုဏ်ပြုပန်းစည်းများဖြင့် ကြိုဆိုနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ခင်ဦးမြို့နယ်ရှိ ကျေးရွာများသို့ နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေး

**ခင်ဦး ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများသို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးစောဦးနှင့် ဝန်ထမ်းများသည် ဇွန် ၂ ရက်မှ စတင်၍ နိုင်ငံသားစိစစ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာ အထောက်အကူပြုအဖွဲ့များမှ ဝိုင်းဝန်းကူညီပေးကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးသူများကို ပြုလုပ်ပေးခြင်း၊ အိမ်ထောင်စုစာရင်း ထုတ်ပေးခြင်းများကို ပြုလုပ်ပေးလျက်ရှိကြောင်းနှင့်ယနေ့အချိန်ထိ ကျေးရွာအုပ်စု ခြောက်အုပ်စုမှ ကျေးရွာပေါင်း ၁၆ ရွာကို ပြုလုပ်ပေးထားပြီးဖြစ်ပြီး ကျန်ရှိနေသေးသော ကျေးရွာများသို့လည်း ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၇-၆-၂၀၁၄

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၁၉၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၈၅၀၀ |

**စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၇ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၉၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၉၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၁၄၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၉၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၂၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၇၅၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၅၀၀-၂၇၀၀၀ |
| ၇။ | ငါးသားလောက် | တစ်ပိဿာ | ၇၀၀၀-၂၀၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၅၅၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၅၀၀၀-၈၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၉၀၀၀-၁၅၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၈၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၆၅-၉၇၂ |
| ဥရောပ | တစ်ယူရို | ၁၂၉၈-၁၃၁၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၆၀-၇၇၇ |
| ထိုင်း | တစ်ဘတ် | ၂၉.၈-၃၀ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၃၁ |
| တရုတ် | တစ်ယွမ် | ၁၅၃-၁၅၅ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈-၃၀၁ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| မိုးဆန်(ဧယာအသစ်) | တစ်အိတ် | ၁၇၀၀၀ |
| ပေါ်ကျွဲ (အသစ်) | တစ်အိတ် | ၂၁၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၅၅၀၀-၂၈၅၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၃၂၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၄၈၂ |
| ဆိပ်ဖြူကြက်သွန်ဖြူ | တစ်ပိဿာ | ၃၇၅-၅၃၀ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၁၅၀-၁၇၀၀ |
| ကြက်သွန်ဖြူ(ကြိုကုတ်) | တစ်ပိဿာ | ၁၂၃၀-၁၂၅၀ |
| အာလူး(ရှမ်း) | တစ်ပိဿာ | ၄၅၀-၆၃၀ |
| ရေတိုရှည် (ညောင်ရမ်း) | တစ်ပိဿာ | ၂၄၀၀-၂၅၅၀ |
| ရေတိုပွ (စိမ်းစား) | တစ်ပိဿာ | ၄၄၀၀-၄၈၀၀ |
| သကြား | တစ်ပိဿာ | ၉၂၀-၉၃၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-ဓာတ်ပုံတင်ပြသည်။

# ဆင်းရဲသည့်ဒေသခံများအား ဆန်နှင့်စားနပ်ရိက္ခာထောက်ပံ့ပေးအပ်

**စစ်တွေ ဇွန် ၁၇**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ ထောက်ပံ့သော စစ်တွေမြို့ မင်းဂံရပ်ကွက်ရှိ အကွက်(၈)မှ အကွက်(၁၇)အတွင်း နေထိုင်လျက်ရှိသည့် ဆင်းရဲသော အိမ်ထောင်စု ၅၈၅ စုသို့ ဆန်နှင့်စားနပ်ရိက္ခာများ ထောက်ပံ့ခြင်းအခမ်းအနားကို ဇွန် ၁၃ ရက် နံနက် ၉ နာရီက အဆိုပါရပ်ကွက်ရှိ ဓမ္မာရုံ၌ကျင်းပရာ အခမ်းအနားသို့ ပြည်နယ်အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်စန်းစန်းရီနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ညိုညိုဝေလွင်နှင့် အဖွဲ့ဝင်များ၊ စစ်တွေခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သက်သက်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေးစိန်မောင်နှင့် ဆင်းရဲသည့် ရပ်ကွက်သူရပ်ကွက်သားများ တက်ရောက်ကြသည်။ ဆက်လက်၍ ရပ်ကွက်အတွင်း ဆင်းရဲသည့် အိမ်ထောင်စုများသို့ လှည့်လည်သွားရောက်ကာ ဆန်အိတ်နှင့်ပဲအိတ်ထုပ်များ အိမ်တိုင်ရာရောက်ထောက်ပံ့ပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားကြသည်။ ဆင်းရဲသည့် အိမ်ထောင်စု ၅၈၅ စုအတွက်ဆန်အိတ် ၅၈၅ အိတ်နှင့် ပဲအိတ် ၁၅၁ အိတ်တို့ကိုထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အတွင်းရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)/အစိုးရနည်းပညာကောလိပ်(မိုးညှင်း)/အစိုးရ နည်းပညာအထက်တန်းကျောင်း(မြစ်ကြီးနား)/ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)နှင့် ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)တို့တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း ခေါင်းစဉ်အောက်မှ ဆောက်လုပ်မည့်အဆောက်အအုံများအတွက် စိတ်ပါဝင်စားသူ ကုမ္ပဏီ/လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများအား လူမှုရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ၁၈-၆-၂၀၁၄ရက်မှစ၍ ဝယ်ယူနိုင်ပြီး ၁၈-၇-၂၀၁၄ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်ဒါတင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**(က) ဝန်ကြီးရုံး၊လူမှုရေးဝန်ကြီးဌာန၊ကချင်ပြည်နယ်အစိုးရအဖွဲ့ ဖုန်း-၀၇၄-၂၉၅၂၀**
**(ခ) လူမှုဌာနစု၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဖုန်း-၀၇၄-၂၂၆၆၄**
**(ဂ) ကျောင်းအုပ်ကြီး၊ နည်းပညာတက္ကသိုလ်၊ မြစ်ကြီးနား ဖုန်း-၀၇၄-၂၆၄၄၀/ ၂၆၄၄၁၊ ၀၉-၂၄၀၀၂၇၈**
**(ဃ) ကျောင်းအုပ်ကြီး၊ ကွန်ပျူတာတက္ကသိုလ်၊ မြစ်ကြီးနား ဖုန်း-၀၇၂-၂၂၄၉၂ ၀၉-၂၄၀၀၁၃၉**
**(င) ကျောင်းအုပ်ကြီး၊ အစိုးရနည်းပညာကောလိပ်၊ မိုးညှင်း ဖုန်း-၀၇၄-၆၀၂၄၀/ ၆၀၂၃၉**
**(စ) ကျောင်းအုပ်ကြီး၊ အစိုးရနည်းပညာအထက်တန်းကျောင်း၊ မြစ်ကြီးနား ဖုန်း-၀၇၄-၂၉၃၈၅၊ ၀၉-၃၆၁၈၀၀၉၆**
**(ဆ) ကျောင်းအုပ်ကြီး၊ ကွန်ပျူတာတက္ကသိုလ်၊ ဗန်းမော် ဖုန်း-၀၇၄-၅၀၅၀၀**

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရေးလုပ်ငန်းကော်မတီ**
**ကချင်ပြည်နယ်အစိုးရအဖွဲ့**
**မြစ်ကြီးနားမြို့**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာကျေးရွာအုပ်စု၊ ပေါင်းကူဉာဏရပ်ကွက်၊ ကွင်းအမှတ် ၅၃၂-ဘီ၊ ဦးပိုင်(၆)အား ဦးသန်းငွေ(ကွယ်လွန်)၏ သားသမီးလေးဦးမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကန့်ကွက်နိုင်ပါသည်ကြော်ငြာအား ၁၀-၆-၂၀၁၄ ရက် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာခဲ့ပြီးဖြစ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူတစ်ဦးမျှ မရှိသည့်အတွက် ရောင်းချခြင်း၊ လွှဲပြောင်းပေးအပ်ခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဖိုးလှ** **ဦးတင်မြင့်**
**၁၂/မဂဒ(နိုင်)၀၇၁၉၄၄** **၁၂/မဂဒ(နိုင်)၀၆၈၈၁၆**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်များ၌ ပညာရေးဝန်ကြီးဌာန၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခေါင်းစဉ်အောက်မှ အခြေခံပညာကျောင်းများဆောက်လုပ်မည့် အဆောက်အအုံများအတွက် စိတ်ပါဝင်စားသူ ကုမ္ပဏီ/လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများအား လူမှုရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ၁၈-၆-၂၀၁၄ ရက်မှစ၍ ဝယ်ယူနိုင်ပြီး ၁၈-၇-၂၀၁၄ ရက်၊ ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်ဒါတင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

(က) ဝန်ကြီးရုံး၊ လူမှုရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဖုန်း-၀၇၄-၂၉၅၂၀
(ခ) လူမှုဌာနစု၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဖုန်း-၀၇၄-၂၂၆၆၄
(ဂ) ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး ဖုန်း-၀၇၂-၂၂၄၁၆၊ ၀၇၄-၂၂၃၇၇

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရေးလုပ်ငန်းကော်မတီ**
**ကချင်ပြည်နယ်အစိုးရအဖွဲ့**
**မြစ်ကြီးနားမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့ရုံး၏ ခွင့်ပြုရန်ပုံငွေဖြင့် ရခိုင်ပြည်နယ်အတွင်း မြို့နယ်များတွင် လယ်သမားတာ(ကာရီ)များ ပြုပြင်ခြင်း၊ ရေငန်တားတာများတည်ဆောက်ခြင်း၊ လျှိုပိတ်ဆည်များ တည်ဆောက်ခြင်း၊ ရေတံခါးများတည်ဆောက်ခြင်း၊ အသက်ကုန်း/ကန်များ တည်ဆောက်ခြင်းလုပ်ငန်းများအတွက် တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ ဆောက်လုပ်ရေးကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၆-၂၀၁၄ ရက်
(ခ) **တင်ဒါပိတ်မည့်နေ့ရက်/အချိန်** - ၃၀-၆-၂၀၁၄ ရက်
(ဂ) **တင်ဒါရောင်းချမည့်နေရာ** - ပြည်နယ်အစိုးရအဖွဲ့ရုံး

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး(လုံခြုံ/စီမံ/ဘဏ္ဍာ)ဌာနခွဲ၊ ဖုန်း-၀၄၃-၂၂၇၉၈၊ ၂၂၇၉၉ နှင့် ပြည်နယ်ဆည်မြောင်းဦးစီးဌာန၊ ဖုန်း-၀၄၃-၂၄၃၁၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနားတက္ကသိုလ်/ဗန်းမော်တက္ကသိုလ်နှင့် မိုးညှင်းဒီဂရီကောလိပ်တို့တွင် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်မည့် အဆောက်အအုံများအတွက် စိတ်ပါဝင်စားသူကုမ္ပဏီ၊ လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများအား လူမှုရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ၁၈-၆-၂၀၁၄ရက်မှစ၍ ဝယ်ယူနိုင်ပြီး ၁၈-၇-၂၀၁၄ ရက် (၁၆း၃၀)နာရီ နောက်ဆုံးထား၍ တင်ဒါတင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**(က) ဝန်ကြီးရုံး၊ လူမှုရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဖုန်း-၀၇၄-၂၉၅၂၀**
**(ခ) လူမှုဌာနစု၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဖုန်း-၀၇၄-၂၂၆၆၄**
**(ဂ) ပါမောက္ခချုပ်၊ မြစ်ကြီးနားတက္ကသိုလ် ဖုန်း-၀၇၄-၂၂၃၅၃၊ ၀၉-၂၄၀၀၅၃၃**
**(ဃ) ပါမောက္ခချုပ်၊ ဗန်းမော်တက္ကသိုလ် ဖုန်း-၀၇၄-၅၀၅၂၀၊ ၀၉-၆၄၂၂၀၉၆**
**(င) ကျောင်းအုပ်ကြီး၊ မိုးညှင်းဒီဂရီကောလိပ် ဖုန်း-၀၇၄-၆၀၂၃၅၊ ၀၇၄-၆၀၂၃၆**

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရေးလုပ်ငန်းကော်မတီ**
**ကချင်ပြည်နယ်အစိုးရအဖွဲ့၊ မြစ်ကြီးနားမြို့**

## CLAIMS DAY NOTICE
## M.V FORTUNE EPOCH VOY:NO(93)

Consignees of cargo carried by M.V FORTUNE EPOCH VOY:NO(93) are here by notified that the vessel will arrive on about 20-6-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက်လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# တစ်ဖက်နိုင်ငံသို့ခေါ်ဆောင်ကာ အလုပ်သွင်းပေးပြီး လုပ်ခလစာ ထုတ်ယူသူများကို အရေးယူပေးရန် တိုင်တန်း

**ရန်ကုန် ဇွန် ၁၇**

လှိုင်သာယာမြို့နယ်အတွင်း တစ်ဖက်နိုင်ငံသို့ ခေါ်ဆောင်ကာ အလုပ်သွင်းပေးပြီး လုပ်ခလစာထုတ်ယူသူများကို အရေးယူပေးရန် တိုင်တန်းလာခဲ့သောဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လှိုင်သာယာမြို့နယ်နေ မ--- က ၎င်းကို ၂၀၁၁ ခုနှစ် မေ၊ ဇွန်လခန့်က လှိုင်သာယာမြို့နယ်နေ မောင်ဇော်(ခ)သန်းဇော်၏ ဇနီးဖြစ်သူ မစိမ်းစိမ်း(ခ) မကြည်ကြည်ဝင်းက မြိတ်-ထားဝယ်ဘက်ရှိ ဆီအုန်းခြံတွင် အလုပ်လုပ်ကိုင်ပါက အဆင်ပြေကြောင်း ပြောဆိုပြီး ခေါ်ဆောင်သဖြင့် လိုက်ပါလုပ်ကိုင်ရန် မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာအဝေးပြေးသို့သွားခဲ့ရာ ကားဂိတ်တွင် မောင်ဝမ်းကွဲတော်စပ်သူပါ သုံးဦးကိုလည်း တွေ့ရှိရကြောင်း၊ ၎င်းတို့အားလုံးအတူ ကား၊ ဆိုင်ကယ်တို့ဖြင့် ခုနစ်ညခန့်ကြာ သွားရောက်ခဲ့ပြီးနောက် ဆီအုန်းခြံမဟုတ်ဘဲ ထိုင်းနိုင်ငံရှိ နာနတ်သီးစက်ရုံသို့ ရောက်ရှိနေသည်ကို သိရကြောင်း၊ မစိမ်းစိမ်း(ခ) မကြည်ကြည်ဝင်းက ၎င်းကို နာနတ်သီးစက်ရုံတွင် လုပ်ကိုင်စေရန် စာရင်းပေးသွင်းကာ အလုပ်သမားကတ်၊ ငွေထုတ်ကတ်၊ အလုပ်ဆင်းကတ်များပြုလုပ်ပေးခဲ့ပြီး လုပ်ခလစာမည်မျှရမည်ဟု ပြောပြခြင်းမရှိသည့်အပြင် ငွေထုတ်ကတ်ကိုလည်း ပေးအပ်ခြင်းမရှိကြောင်း၊ စက်ရုံမှ ၁၅ ရက်တစ်ကြိမ် လုပ်ခလစာရှင်းပေးရာတွင်လည်း မစိမ်းစိမ်း(ခ)မကြည်ကြည်ဝင်းက ထုတ်ယူသဖြင့် လစာမရကြောင်း၊ လုပ်ခလစာမရသည့်ကိစ္စအားပြောဆိုရာ အမျိုးမျိုးခြိမ်းခြောက်ခြင်းခံခဲ့ရကြောင်း၊ ၎င်းကဆက်လက်လုပ်ကိုင်လိုခြင်း မရှိတော့သဖြင့် နေအိမ်သို့ဆက်သွယ်ခဲ့ပြီး သက်ဆိုင်ရာများ၏ ကူညီပံ့ပိုးမှုဖြင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာတွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ် မေလတွင် မောင်ဇော်နှင့် မစိမ်းစိမ်း(ခ)မကြည်ကြည်ဝင်းတို့မှ လှိုင်သာယာမြို့နယ်ရှိ ၎င်းတို့၏ နေအိမ်သို့ ပြန်လည်ရောက်ရှိနေသည်ကို ကြားသိရသဖြင့် ၎င်းကို ထိုင်းနိုင်ငံတွင် အလုပ်သွင်းပေးကာ လုပ်ခလစာကိုထုတ်ယူသူ မောင်ဇော်နှင့် မစိမ်းစိမ်း(ခ) မကြည်ကြည်ဝင်းတို့ကို အရေးယူပေးရန် တိုင်တန်းလာခဲ့ခြင်းလည်းဖြစ်သည်။ အဆိုပါတိုင်တန်းချက်အရ မောင်ဇော်နှင့် မစိမ်းစိမ်း(ခ) မကြည်ကြည်ဝင်းတို့နှစ်ဦးကို လှိုင်သာယာမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**စိုးဝင်း(SP)**

# ဗန်းမော်၌ ကျပ် ၂၅ သိန်းခန့်တန်ဖိုးရှိ ဘိန်းမည်းများဖမ်းမိ

**ဗန်းမော် ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမော်မြို့နယ် မန်စီကြီးနယ်မြေ ရဲစခန်း၏ တောင်ဘက် ၃၃ မိုင်ခန့်အကွာ ဂဏန်းဟော်ယောကျေးရွာ ရွာလယ်လမ်းမပေါ်တွင် မသင်္ကာသူတစ်ဦးကို ရပ်တန့်ရှာဖွေစစ်ဆေးခဲ့ရာမှ ဘိန်းမည်း ၅၀ ကျပ်သားခန့် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ကသာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးမြင့်နှင့်တပ်ဖွဲ့ဝင်များသည် ဗန်းမော်မြို့နယ် မန်စီကြီးနယ်မြေရဲစခန်းမှ ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၃ ရက် ညနေ ၃ နာရီ မိနစ် ၅၀က ကသာခရိုင် ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် ဗန်းမော်မြို့နယ်ရဲတပ်ဖွဲ့မှူးလိုက်ပါလျက် ကသာမြို့မရဲစခန်းက ဒုရဲအုပ်သိန်းထွန်းဝင်းနှင့်အဖွဲ့သည် ပြစ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့်ဟော်ယောကျေးရွာနေခင်မောင်ဝင်း၏ နေအိမ်ကို ရှောင်တခင်ဝင်ရောက်ရှာဖွေပြီး ပြန်လာစဉ် ဂဏန်းဟော်ယောကျေးရွာ ရွာလယ်လမ်းမပေါ်တွင် မသင်္ကာသူတစ်ဦးအားတွေ့ရှိရ၍ သက်သေများနှင့်အတူ ရပ်တန့်ရှာဖွေစစ်ဆေးခဲ့ကြသည်။ ထိုသို့စစ်ဆေးစဉ် ၎င်းမှာ ဗန်းမော်မြို့နယ် ဝေသုကျီကျေးရွာနေ ကျော်သောင်း(၅၀ နှစ်) ဖြစ်ကြောင်း သိရသည့်အပြင် ၎င်းလွယ်ထားသော Levis တံဆိပ်ပါ ခဲရောင် ဘေးလွယ်အိတ်အတွင်းမှ အရိုးအသွားကိုးလက်မခွဲခန့်ရှိ ဓားမြှောင်အိမ်ပါ ဓားမြှောင်တစ်ချောင်း၊ ပလတ်စတစ်အကြည်ဖြင့်ထုပ်လျက် ဘိန်းမည်းဟုယူဆရသော အမည်းရောင်အစေး ၅၀ ကျပ်သားခန့် တစ်ထုပ် ၈၁၆ ဒသမ ၅ ဂရမ် ကာလတန်ဖိုးငွေကျပ် ၂၄၄၉၅၀၀ ခန့်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ ဘိန်းမည်းများနှင့်အတူ တွေ့ရှိသူ ကျော်သောင်းကို အရေးယူပေးရန် ဒုရဲအုပ်သိန်းထွန်းဝင်းက တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ မန်စီကြီးနယ်မြေ ရဲစခန်းမှ စခန်းမှူးရဲအုပ်ထွန်းလင်းခိုင်က အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# မလေးရှားနိုင်ငံ ပီနန်မြို့ အုပ်စုဖွဲ့ရန်ဖြစ်မှု မြန်မာတစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

**ပီနန် ဇွန် ၁၇**

မလေးရှားနိုင်ငံ ပီနန်မြို့ (BM) မြို့နယ်တွင် ဇွန် ၁၄ ရက် နံနက်က အုပ်စုဖွဲ့ရန်ဖြစ်မှုကြောင့် မြန်မာအလုပ်သမားတစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း မလေးရှားရောက် မြန်မာများမှတစ်ဆင့် သိရသည်။

ပြီးခဲ့သော ဇွန် ၁၄ ရက် နံနက်က စတင်ဖြစ်ပွားခဲ့သော မလေးရှားနိုင်ငံ ပီနန်မြို့ ဘူကစ်မာတာဂျမ်မြို့နယ် (BM) ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင် တစ်ခု၌ လူဦးရေ ၂၀ ခန့် ပါဝင်သော အုပ်စုနှစ်စု ခိုက်ရန်ဖြစ်ပွားမှုကြောင့် မြန်မာအလုပ်သမားတစ်ဦး သေဆုံးပြီး တစ်ဦးပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်းဖြင့် ယင်းရက်ကပင် မလေးရှားနိုင်ငံနေ့စဉ်ထုတ်သတင်းစာများ၏ လူမှုကွန်ရက်စာမျက်နှာများတွင် ဖော်ပြသွားခဲ့ကြောင်း သိရသည်။

BM, Taman AKasia at Mengkuang Titi , Ara Kuda တွင် ဖြစ်ပွားသော အဆိုပါအုပ်စုနှစ်စု ခိုက်ရန်ဖြစ်ပွားမှုကြောင့် သေဆုံးသူ မြန်မာအလုပ်သမားတွင် ဓားထိုးဒဏ်ရာ အချက်ပေါင်းများစွာ ရရှိခဲ့ပြီး လမ်းဘေးရေမြောင်းအတွင်း ကျရောက်သေဆုံးနေကြောင်းနှင့် အခင်းဖြစ်စဉ်နေရာသို့ ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိချိန်တွင် အုပ်စုနှစ်ဖက်စလုံးမှ ထွက်ပြေးသွားကြပြီး အုပ်စုဖွဲ့ရန်ပွဲ ပြီးဆုံးခဲ့ကြောင်းဖြင့် မလေးရှားနိုင်ငံ နေ့စဉ်ထုတ်သတင်းစာများက ဖော်ပြခဲ့သည်။

ဖြစ်စဉ်အရ သေဆုံးသူနှင့် ဒဏ်ရာရရှိသူ နှစ်ဦးစလုံးမှာ မည်သူမည်ဝါဖြစ်ကြောင်းကို ဖော်ပြရန် စာရွက်စာတမ်း အထောက်အထားတစ်ခုမှ မပါဝင်ကြောင်း၊ အဆိုပါ သေဆုံးသူအလောင်းအား ဘာတာဝပ်နယ်မြေအတွင်းရှိ Seberang Jaya ဆေးရုံ ရင်ခွဲခန်းတွင် ထားရှိမည်ဖြစ်ကြောင်းနှင့် ဒဏ်ရာရရှိသူအားလည်း ထိုဆေးရုံ၌ပင် ကုသထားကြောင်းကို နေ့စဉ်ထုတ်သတင်းစာများက ဖော်ပြသွားကြောင်းဖြင့် မလေးရှားရောက် မြန်မာများထံမှ သိရသည်။

**စိုးဝင်း(SP)**

# ဖိနပ်ဆင်းကောက်ရာမှ ဘားကပ်နှင့်ရိုက်မိ၍ သေဆုံး

**ရန်ကုန် ဇွန် ၁၇**

ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ရန်ကုန်ဆေးရုံကြီးတွင် အမျိုးသားတစ်ဦး သေဆုံးရောက်ရှိနေကြောင်း သတင်းအရ ဇွန် ၁၃ ရက် ညနေ ၃ နာရီက သွားရောက်စစ်ဆေးခဲ့ကြရာ သေဆုံးသူမှာ အောင်သီဟ (၂၁)နှစ် ကျုံပျော်မြို့နယ် ဧရာဝတီတိုင်းဒေသကြီးနေသူဖြစ်ကြောင်းသိရပြီး ၎င်းတွင် ဝဲခါးရိုးဖူးရောင်ဒဏ်ရာရရှိထားသည်ကို တွေ့ရကြောင်း သိရသည်။

**စစ်ဆေး**

ထို့နောက် ဖြစ်စဉ်ကို စုံစမ်းရာ သေဆုံးသူသည် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် (၆၀)ရပ်ကွက်ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နေစဉ် ၎င်းစီးထားသော ဖိနပ်မှာ တူးလက်စ ဘိုးပိုင်တွင်းထဲသို့ကျသွားခဲ့သဖြင့် ဆင်းကောက်ပြီး ပြန်အတက်တွင် ၎င်း၏ခါးအား ဘိုးပိုင်စက်မှ ဘားကပ် (တွင်းတူးကိရိယာ) နှင့် ရိုက်မိသဖြင့် ဒဏ်ရာရရှိခဲ့၍ ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်စဉ် သေဆုံးသွားခြင်းဖြစ်ကြောင်း သိခဲ့ရသဖြင့် ၎င်းသေဆုံးမှုနှင့် ပတ်သက်၍ ဒဂုံမြို့သစ်ဆိပ်ကမ်း မြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**စိုးဝင်း(SP)**

# သရက်- ကံမဘုရားပေါ် အမှတ် ၂၀၀ အစုန်ရထားတိမ်းမှောက်

**သရက် ဇွန် ၁၇**

မကွေးတိုင်းဒေသကြီး သရက်မြို့ ဘူတာမှ ဇွန် ၁၆ ရက် နံနက် ၅ နာရီ မိနစ် ၃၀ က ထွက်ခွာလာသော သရက်- ကံမဘုရားပေါ် အမှတ် ၂၀၀ အစုန်လူစီးရထားသည် ကံမမြို့နယ် ကံမ- ပြရေဘူတာအကြား မိုင် ၂၅၈/၉-၁၀ အရောက် ၇ နာရီ ၃၇ မိနစ်တွင် မတော်တဆ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ အမှတ် ၂၀၀ အစုန်ရထားစက်ခေါင်းမောင်း ဦးသန်းဦးမောင်းနှင်သော RBE 2560 ဘီးအမှတ် ၁၊ ၂၊ ၃၊ ၄ အမြင့် ၃ ပေကွာ၊ ၁ ပေ အနက်- ဘီးအမှတ် ၅၊ ၆၊ ၇၊ ၈ သံလမ်းပေါ်ခွကျပြီး ၃ ပေအကွာ၊ ၁ ပေအနက် RBE 2560 ၏ ဘော်ဒီသည် သံလမ်း၏ကံမဘက် ၄ ပေအကွာ ပြရေဘက် ၂ ပေအကွာ သံလမ်းဘက်သို့ တိမ်းမှောက်ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

အရိပ်လည်းရ ဝန်းကျင်လှ
သစ်ပင်စိုက်ပျိုးကြ

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀၊ မြေကွက်အမှတ် ၂၆၊ မြေကွက်တည်နေရာအမှတ် ၂၆၊ (၃၀) ရပ်ကွက်၊ ဗိုလ်ဇင်ယော်လမ်း ဒေါ်အုန်းကြည် HZA- ၀၅၈၀၂၁ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်အုန်းကြည်နှင့် ခင်ပွန်းတို့ ကွယ်လွန်သဖြင့် ဒေါ်ကြည်ကြည်ငွေး ၁၂/ကမတ(နိုင်) ၀၃၇၂၂၈ နှင့် ဒေါ်ကြည်ကြည်ဝင်း ၁၂/ကမတ(နိုင်) ၀၃၇၁၈၈ တို့က ဒေါ်အုန်းကြည်(ကွယ်လွန်)၏ သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ ၂၀၁၆/၁၅-၅-၁၄ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၊ မြေကွက်အမှတ် ၇၅၄၊ မြေကွက်တည်နေရာအမှတ် ၇၅၄၊ သုမိတ္တာ ၁၉ လမ်း၊ ဦးချိန်စန်း အေဂျီ-၂၆၇၉၁၆ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဖခင် ဦးချိန်စန်းနှင့် မိခင် ဒေါ်ငယ်တို့ ကွယ်လွန်သဖြင့် ဦးဝင်းမြင့် ၁၂/ဥကမ(နိုင်)၁၂၀၂၉၆နှင့် ဦးမင်းအောင် ၁၂/ဥကမ(နိုင်)၀၃၇၀၄၇ တို့က သားများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

အောက်ပါပုဂ္ဂိုလ်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲရေးဌာနသို့ ယှဉ်တွဲဖော်ပြပါအကြောင်းအရာအတိုင်း လျှောက်ထားလာပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း ဤဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်-

| စဉ် | လျှောက်ထားသူ အမည် | လျှောက်ထားသူ မှတ်ပုံတင် | လျှောက်ထားသူ လိပ်စာ | လျှောက်ထားသည့် မြို့နယ် | လျှောက်ထားသည့် မြေတိုင်း | လျှောက်ထားသည့် မြေကွက် | လျှောက်ထားသည့် မြေအမည်ပေါက် | လျှောက်ထားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| ဗဟ/ပြောင်း-၇၆၃/၁၄ | ဒေါ်မြမြလှိုင် | ၁၂/မဘန(နိုင်)၀၁၃၈၃၈ | အမှတ် ၆၄ဘီ၊ဆရာစံလမ်း နှင့် ပြည်ထောင်စုလမ်းထောင့် | ဗဟန်း | ၃၅ ဒီ | ၄၇-၃၉/၁၉ဘီ | ဒေါ်ဝင်းဝင်းတင့် | အမည်ပြောင်း |

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

ထိမ်းမြားလက်ထပ်မင်္ဂလာ

မောင်ဇော်ထူးဝင်း
B.Sc (Physics)
နှင့်
မစောသန္တာ
B.Sc (Chemistry)

## ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးထွန်းဝင်း ၁၂/သဃက(နိုင်)၀၀၈၉၀၄၏ ပတ်စ်ပို့စ်ပါတ် MA-353735 သည် ၂၃-၅-၂၀၁၆ ရက်တွင် ရန်ကုန်မြို့လယ်၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးအပ်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း-၀၉-၄၂၀၁၄၈၉၅

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၇စ/၄၉၄၄၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညနခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

# CLAIMS DAY NOTICE
# M.V FORESIGHTER VOY:No(18)

Consignees of cargo carried by M.V FORESIGHTER VOY:NO(18) are here by notified that the vessel will arrive on about 20-6-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

ဓာတ်ဘာယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးရိုန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၀၁၁၉၀၊ ၂၀၁၁၇၈၊ ၂၀၁၁၇၇

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးပါကြောင်း

ကျွန်တော်မောင်ကျော်ရာဇာ ၁၂/တမန(နိုင်)၀၀၂၄၁၈ နှင့် မသက်ထားဆွေ ၁၂/တမန(နိုင်)၀၇၉၇၀၈ တို့သည် ၆-၈-၂၀၁၃ ရက်တွင် တာမွေမြို့နယ် တရားရုံး တရားသူကြီးရှေ့မှောက်၌ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခဲ့ကြပြီး ဖြစ်ပါသည်။

**မောင်ကျော်ရာဇာ**

ကြော်ငြာ

VISA
worldwide partner
2014 FIFA World Cup Brazil™
OWN THE CARD OF
CHAMPIONS
C B BANK
VISA
WORLDWIDE PARTNER
4687 1234 5678 9876
4687
GOOD THRU
CARDHOLDER NAME
VISA
APPLY NOW AT CB BANK
Get Limited Edition Jersey, Cap and Traveller Bag*
Promotion period from now - 13th October 2014
Promotion
Top up and Get Limited Edition Jersey, Cap and Traveller Bag*
Top up 5,000USD
Limited edition Jersey+Traveller Bag
Top up 3,000USD
Limited edition Jersey
Top up 1,000USD
Limited edition Country Cap
Help Desk: (95)-1-378 905
Call Center: 1874
*Terms and Conditions Apply

## ဌာနဆိုင်ရာ

# ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီသို့ ကချင်ပြည်နယ်ခရီးစဉ်အတွင်း မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ဆောင်ရွက်ချက်များ ထုတ်ပြန်ကြေညာ

*(ယမန်နေ့မှအဆက်)*

နေ့စဉ်လူစီးရထား ၁၂ စင်း၊ ကုန်ရထား၊ ကျောက်ရထား၊ တိုက်ကင်းရထား စသည်များ ရှစ်စင်းခန့် စုစုပေါင်း အစင်း ၂၀ ခန့် စုန်/ဆန် သွားလာမှုရှိရာ ရထားများစောင့်ဆိုင်းဆုံရခြင်းများရှိပါသည်။ ရထားစောင့်ဆိုင်းဆုံခြင်းများကို ရထားအဆင့်အတန်းအရ ဆောင်ရွက်ရပါသည်။ မလိုလားအပ်သည့် ကြန့်ကြာမှုများမဖြစ်ပေါ်စေရေးအတွက် နေ့စဉ်စိစစ်ဆောင်ရွက်လျက်ရှိပါသည်။ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၁၉။ **ဘူတာနှင့်ရထားလမ်း ဘေးဝဲယာရှိ ကျူးကျော်များ ရှင်းလင်းပေးရန်ကိစ္စနှင့်ပတ်သက်၍** လက်ရှိကျူးကျော်စာရင်းကောက်ယူပြီး ပြုစုထားရှိပါသည်။ ထပ်မံတိုးမလာစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိကျူးကျော်များဖယ်ရှားရေးကို အခြေအနေပေါ်မူတည်၍ အချိန်ယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂၀။ **ရထားဘူတာရုံရှေ့သံလမ်းများတစ်လမ်းနှင့်တစ်လမ်းကြားတွင် ကွန်ကရစ်ခင်းပေးရန်နှင့် စကြံအစအဆုံး ကွန်ကရစ်ခင်းပေးရန်ကိစ္စနှင့် ပတ်သက်၍** ရထားဘူတာရုံရှေ့ သံလမ်းများတစ်လမ်းနှင့် တစ်လမ်းကြား သမံတလင်းခင်းပေးရန်မှာ ယခုဘဏ္ဍာရေးနှစ်တွင် အထူးသာမန်အသုံးစရိတ်မှ ပေ ၁၀၀ လျာထားပြီး ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂၁။ **မီးရထားဝန်ထမ်းအိမ်ရာကို လက်ရှိတစ်ထပ်ဆောင်မှ သုံးထပ်ဆောင်များတိုးမြှင့်ဆောက်လုပ်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** မီးရထားဝန်ထမ်းအိမ်ရာများအား သုံးထပ်ဆောင်အဖြစ် ဆောက်လုပ်ပေးရန်မှာ လက်ရှိမြန်မာ့မီးရထား၏ အရှုံးခံပြေးဆွဲမှုအနေအထားအရ ဘဏ္ဍာငွေရရှိမှုပေါ်မူတည်ပြီး လက်ရှိဝန်ထမ်းအိမ်ရာများကို ဦးစားပေးပြုပြင်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

# ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ **မံဝိန်းနှင့်ခတ်ချိုတွင် တာဝါတိုင်များ ဆောက်လုပ်နေသည်ဟု သိရှိရပါသဖြင့် SIM Card များရောင်းချပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာတွင် GSM တာဝါတိုင်တစ်တိုင် တည်ဆောက်လျက်ရှိသော်လည်း မံဝိန်းတွင်မရှိပါ။ SIM Card များ ရောင်းချရာတွင် တာဝါတိုင်တပ်ဆင်ထားရှိမှု၊ လိုင်းအင်အားသုံးစွဲမှုအပေါ်မူတည်၍ ခွဲတမ်းသတ်မှတ်ရောင်းချရခြင်းဖြစ်ပါသည်။ ယခုလောလောဆယ် ရောင်းချပေးနိုင်မှုမရှိသေးသော်လည်း တာဝါတိုင်များတပ်ဆင်ပြီးစီးပါက ခွဲတမ်းသတ်မှတ်ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ **မိုးညှင်းမြို့နယ်တွင် GSM/CDMA ဖုန်းများလိုင်းကျပ်ခြင်း၊ မကြာခဏပြတ်ကျခြင်း၊ ဆက်သွယ်မှုခက်ခဲခြင်းတို့အတွက် တာဝါတိုင်များ တိုးချဲ့တည်ဆောက်ပေးပါရန်နှင့် အင်တာနက်လိုင်းများမကောင်း၍ သုံးစွဲမရခြင်းကို ပြုပြင်ဆောင်ရွက်ပေးပါရန်၊ မိုးညှင်းမြို့သည် ခရိုင်မြို့ဖြစ်သော်လည်း ADSL မရှိသေးပါသဖြင့် ADSL တပ်ဆင်ပေးပါရန်ကိစ္စနှင့်ပတ်သက်၍** ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် GSM မိုဘိုင်းစခန်းသုံးခု၊ CDMA-800 MHz MECTel စခန်းတစ်ခု၊ CDMA-450MHz စခန်းတစ်ခု တပ်ဆင်ထားရှိပြီးဖြစ်ပါသည်။ မိုးညှင်းမြို့နယ်အတွင်း ဆက်သွယ်ပြောဆိုမှုလွယ်ကူစေရန် တာဝါတိုင်များ တိုးချဲ့တည်ဆောက်ခြင်းနှင့် အဝေးလိုင်းများ တိုးချဲ့တပ်ဆင်ရမည်ဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း မိုးညှင်းမြို့နယ် ဘီလူး၊ နမ္မား၊ အင်းတော်ကြီး(အလယ်ပုံလေး)၊ မော်ဟဲ၊ မိုးညှင်းကြေးနန်းရုံး စသည့် နေရာများတွင် GSM စခန်းငါးခုကို တိုးချဲ့တည်ဆောက်သွားမည်ဖြစ်ပြီး အဝေးလိုင်းအနေဖြင့် ရွှေဘို-ကန့်ဘလူ-ကောလင်း-အင်းတော်-မိုးညှင်း-မိုးကောင်း-မြစ်ကြီးနား ဖိုင်ဘာဆက်ကြောင်း ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းများဆောင်ရွက်ပြီးစီးပါက အင်တာနက်လိုင်းများနှင့် ဖုန်းခေါ်ဆိုမှုများ အဆင်ပြေလွယ်ကူလာနိုင်မည်ဖြစ်ပါကြောင်းနှင့် မိုးညှင်းမြို့တွင် ADSL DSLAM တစ်ခုကို ယခုဘတ်ဂျက်အတွင်း တပ်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

# ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ **ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တည်လမ်း ကတ္တရာလမ်းခင်းရာတွင် မံဝိန်းရွာမိုင်၂၆/၀ အထိ ခင်းပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တည်လမ်းတွင် မိုင်၀/၀မှ ၁၄/၆ အထိ ကတ္တရာလမ်း ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၀၀ ဒသမ ၀၀၀သန်းဖြင့် ကတ္တရာလမ်း ၁၄/၆ မှ ၁၅/၂ အထိ လေးဖာလုံကို ၁၂ ပေ အကျယ် ကတ္တရာလမ်းခင်းမည်ဖြစ်ပြီး ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၃၂၀ ဒသမ ၀၀၀ သန်းဖြင့် မိုင် ၁၅/၂ မှ ၁၆/၆အထိ တစ်မိုင်လေးဖာလုံကို ၁၂ ပေ အကျယ် ကတ္တရာလမ်းခင်းမည်ဖြစ်၍ စုစုပေါင်း ကတ္တရာလမ်းနှစ်မိုင်ဆောင်ရွက်မည်ဖြစ်ပြီး နှစ်စဉ်ရန်ပုံငွေများ တင်ပြ၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ **ဗန်းမော်-မြစ်ကြီးနားလမ်းရေစား၍ လမ်းနှင့်နီးကပ်နေသော ကမ်းပါးယံများနှင့် တောင်များမကြာခဏပြိုသောနေရာများကို ကွန်ကရစ်မြေထိန်းနံရံလုပ်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားချက်မရှိသေးပါ။ ပြည်ထောင်စု အထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေတင်ပြတောင်းခံပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ **ဗန်းမော်-မြစ်ကြီးနားလမ်းပေါ်ရှိ တံတားအမှတ် (၂/၄၈၁) နန့်မြစ်ခတံတားကို အသွားအပြန်ယာဉ်များ စောင့်ဆိုင်းနေရပါသဖြင့် တံတားချဲ့ပေးရန်ကိစ္စနှင့်ပတ်သက်၍** ဗန်းမော်-မြစ်ကြီးနားလမ်းပေါ်ရှိ တံတားအမှတ် (၂/၄၈၁) နန့်မြစ်ခတံတား ၂၆၆ ပေရှည် ကမ်းကပ်ခုံနှင့် ရေလယ်တိုင်အမျိုးအစားမှာ ကွန်ကရစ်ဖြစ်ပြီး သုံးလွှာတစ်ထပ် ဘေလီသံပေါင်နှင့် စတီးကြမ်းခင်းဖြစ်ပြီး လက်ရှိအခြေအနေမှာ ကောင်းမွန်လျက်ရှိပါသည်။

***(ဆက်လက်ဖော်ပြပါမည်)***

# နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တောင်သူများ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် ပညာပေးဆွေးနွေး

**နေပြည်တော် ဇွန် ၁၇**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်၍ အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးထုတ်လုပ်ရန် သိပ္ပံနည်းကျ (G.A.P) စိုက်ပျိုးနည်းစနစ် ပညာပေးဆွေးနွေးပွဲကို ပုဗ္ဗသီရိမြို့နယ် အောင်သုခကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဇွန် ၁၅ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ဦးစီးမှူး ဦးဖိုးတိုးက တက်ရောက်လာသော တောင်သူများကို မိတ်ဆက်စကားပြောကြားပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဥတ္တရခရိုင် ဦးစီးမှူး ဦးဝင်းဦးက တောင်သူများအား ဆွေးနွေးရာတွင် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ကို ယုံယုံကြည်ကြည်နှင့် လက်တွေ့ကျင့်သုံး စိုက်ပျိုးရန်၊ အထူးအထွက်တိုး မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးရန်၊ သွင်းအားစုများဖြစ်သည့် ဓာတ်မြေသြဇာ၊ မြေသြဇာနှင့် ရေသွင်း၊ ရေထုတ်စနစ်ကို အချိုးကျ၊ ချိန်ကိုက်ပြုလုပ်သွားရန်နှင့် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ပုံလုပ်ငန်းအဆင့်ဆင့်တို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

၎င်းပညာပေး ဆွေးနွေးပွဲကို အောင်သုခကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဝန်ထမ်းများ၊ လူမှုရေးအသင်းမှ လေ့လာသူများ၊ ယင်းကျေးရွာရှိ တောင်သူများ တက်ရောက်ကြကာ ပြန်လည်မေးမြန်းချက်များနှင့် အခက်အခဲများကို ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ညှိနှိုင်းပေါင်းစပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုပေါက် (ဥက္ကာမြေ)**

# ဟိုပင်၌ တောင်သူ ၃၅၂ ဦးကို မိုးသီးနှံစိုက်ပျိုးစရိတ် ချေးငွေထုတ်ပေး

**ဟိုပင် ဇွန် ၁၇**

ကချင်ပြည်နယ် ဟိုပင်မြို့နယ်ခွဲအတွင်းရှိ သမဝါယမအသင်းများအား မိုးသီးနှံစိုက်ပျိုးစရိတ် ချေးငွေပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၀ ရက် နံနက် ၁၀ နာရီက ဟိုပင်မြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီလေးနှင့် အသင်းဥက္ကဋ္ဌ ဦးသန်းဝင်းတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဟိုပင်မြို့နယ်ခွဲ သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးသိန်းဝင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချေးယူရရှိသည့် Exam Bank ချေးငွေနှင့် ပတ်သက်၍ ရှင်းလင်းပြီး အသင်းစုဥက္ကဋ္ဌက ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ချေးငွေများကို ပေးအပ်ခဲ့သည်။

၎င်းနောက် မိုးညှင်းမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်မော်မော်ဝင်း၊ မြို့နယ်ခွဲ သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးသိန်းဝင်းနှင့် ဝန်ထမ်းများသည် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိ ရပ်ဖများ၊ ရပ်ကွက်အထောက်အကူပြု ကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်း၍ ကျေးရွာများရှိ တောင်သူအသင်းသားများ၏ လက်ဝယ်အရောက် ဇွန် ၁၁ ရက်မှ ၁၃ ရက်အထိ ကျေးရွာပေါင်း ၁၀ ရွာ၊ အသင်း ၁၀ သင်း၊ အသင်းသား ၃၅၂ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀၊ မြေကွက်အမှတ် ၃၈၆ ကို မူလအမည်ပေါက်ဒေါ်တင်သိန်းကိုယ်စား ဦးမောင်ခင်မှ မြေပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် မြေချပါမစ် (အိမ်ရာဆောက်လုပ်ခွင့်၊ မှီခိုသူစာရင်း) ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**မြေယာရုံးခွဲ(၅)**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀ဂျေ၊ မြေကွက်အမှတ် IV ၃၊ မြေကွက်တည်နေရာအမှတ် ၉/၁၁၊ ၅၄ လမ်း၊ (၄)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ် ဦးဇော်ဝင်း ၁၂/ဗတထ(နိုင်)၀၂၀၅၄၉၊ ဒေါ်မြထွေး ၁၂/ဗတထ(နိုင်)၀၁၅၁၃၅ အမည်ပေါက်မြေပိုင်မြေအား အမည်ပေါက် ဦးဇော်ဝင်း ကွယ်လွန်သဖြင့် ဒေါ်မြထွေး၁၂/ဗတထ(နိုင်)၀၁၅၁၃၅ က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်း ၈/FMI အိမ်ရာ၊ မြေကွက် ၄၀၅၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက နှစ် ၆၀ မြေငှားစာချုပ်အမည်ပေါက်မှာ ဦးမျိုးဟန်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အပြီးအပိုင်အရောင်းအဝယ်စာချုပ် (၇၄၀၆/၂၀၁၂)တင်ပြ၍ ဒေါ်လွဲလွဲအေး ၁၄/ဘကလ(နိုင်)၁၄၀၃၄၂ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထားမူရင်းအပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၂၊ မြေကွက်အမှတ် ၇၆၊ မြေကွက်တည်နေရာအမှတ် ၇၆၊ (၈၂)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဒေါ်ဟန်သီဦး အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်ဒေါ်ဟန်သီဦး ၁၂/စခန(နိုင်)၀၀၀၃၀၂ ကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်တို့တင်ပြ၍ ဂရန်ပျောက်ဖြင့် ဂရန်မိတ္တူလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄(တောင်)၊ မြေကွက်အမှတ် ၇၃၇/ခ၊ မြေကွက်တည်နေရာအမှတ် ၇၃၇/ခ၊ အောင်မေတ္တာလမ်း၊ ၄ တောင်ရပ်ကွက်၊ သာကေတ ဒေါ်ခင်နုအမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်နု(အပျိုကြီးဘဝဖြင့်)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောညီမဖြစ်သူ ဒေါ်အေးသိန်း ၁၂/သကတ(နိုင်)၀၇၄၁၆၅မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၉၁၄/က၊ မြေကွက်တည်နေရာအမှတ် ၉၁၄/က၊ ၁၉လမ်း၊ (၇)ရပ်ကွက် ဒေါ်အုန်းရှင်အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်ဒေါ်အုန်းရှင်ကွယ်လွန်သဖြင့် ဦးတင်သန်း ၁၂/ဥကတ (နိုင်)၀၈၉၀၆၀က တစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃၊ မြေကွက်အမှတ် ၂၄၊ မြေကွက်တည်နေရာအမှတ် ၃၃၂၄၊ ပြည်တော်သာလမ်းနှင့် ရေဖြူလမ်းထောင့်၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာ ဒေါ်ခင်သက်တင် IGU-၀၀၀၄၆၄ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဒေါ်ခင်သက်တင်ကွယ်လွန်သဖြင့် ဦးခင်ဦး ၁၂/ရကန(နိုင်)၀၀၆၁၈၁က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ရွှေနံ့သာစံပြ၊ မြေကွက်အမှတ် ၉၂၁၊ မြေကွက်တည်နေရာအမှတ် ၉၂၁၊ သရဖီလမ်းနှင့် ၁၀လမ်းထောင့်၊ ဒေါ်ခင်သက်တင် IGU-၀၀၀၄၆၄ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်သက်တင် ကွယ်လွန်သဖြင့် ဦးခင်ဦး ၁၂/ရကန(နိုင်)၀၀၆၁၈၁က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ရန်ပြေ၊ မြေကွက်အမှတ် ၁၁၅၆၊ မြေကွက်တည်နေရာအမှတ် ၂၄၊ ရန်ပြေ ၁၉ လမ်းအရှေ့၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ် (ဦးမောင်ကြည်)အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးမောင်ကြည် ၁၂/သကတ(နိုင်)၁၂၈၂၁၁က ဂရန်မူရင်းပျောက်ဆုံးသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဆ)၊ မြေကွက်အမှတ် ၃၃၁/၂၊ မြေကွက်တည်နေရာအမှတ် ၃၃၁/၂၊ ခေမာသီ ၁လမ်း [ဒေါ်ညွှန့်အေး ၁၂/ဥကမ(နိုင်)၀၀၈၆၅၈] အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဒေါ်ညွှန့်အေးမှ ဂရန်ပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး/ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ ၎င်းထံမှအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၂၁၁/၂၀၁၃ ဖြင့်ရရှိသူ ဒေါ်ဝင်းဝင်းထွန်း(ခ)ဂျိုးစပင်း ၁၂/ဒဂတ(နိုင်)၀၁၉၁၃၁ မှ ဂရန်မိတ္တူလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၈၈၉/က၊ မြေကွက်တည်နေရာအမှတ် ၈၈၉/က၊ သီရိဇေယျာ ၁၉လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်အုန်းနုအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဒေါ်အုန်းနုနှင့် ခင်ပွန်းဦးဝင်းစိန်တို့ ကွယ်လွန်သဖြင့် ဦးဌေးအောင် ၁၂/ဥကတ(နိုင်)၀၁၉၅၈၈က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၁၇၊ မြေကွက်တည်နေရာအမှတ် ၁၇၊ နဝရတ်လမ်းကျယ်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ကြည်အောင်အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ကြည်အောင် ၁၂/သကတ(နိုင်)၁၂၆၆၆၀ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၆၇၀၈/၁၃ ရသူ ဦးမိုဟာမက်အီဗရာဟင်(ခ) ဦးဘထွန်းမှ ၂၀၁၃ ခုနှစ်တွင် ကူးယူခဲ့သည့် အရောင်းမြေပုံမူရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အိမ်ဆောက်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

အတွေးအမြင်

# တင်းလွန်းလျှင်ပြတ်တတ်သည်

ကျောင်းဖွင့်ပြီဆိုလျှင်ဖြင့် သားငယ်၊ သမီးငယ်တို့နှင့် မိဘများ အမြဲနှစ်ပါးသွားကြရသည်က ကျောင်းပြန်လာလျှင် အိမ်စာကျက်ရန်၊ မှတ်ရန်၊ ရေးသားရန်ဖြစ်သည်။ ကလေးများသည် နံနက်မှ ညနေအထိ ကျောင်းစာများနှင့် လုံးပန်းခဲ့ရပြီး အိမ်ပြန်ရောက်ချိန်တွင် ကစားလိုကြသည်။ နားလိုကြသည်။ သို့သော် မိဘများက ထိုသို့မဟုတ်။ စာကို ဆက်သင်စေချင်ကြသည်။ ထိုမှစ ဝိရောဓိအသွင် ပြောင်းလာကြသည်။

အချို့သောကလေးများက မိဘကိုကြောက်၍ စာလုပ်ရန် ဟန်ပြင်ကြသည်။ အချို့က ဆန့်ကျင်ကြသည်။ ပဋိပက္ခတဖြည်းဖြည်းကြီးထွားလာသည်။ ဤသို့သော အဖြစ်မျိုးများသည် အိမ်ထောင်စု အတော်များများ၌ ဖြစ်ပွားတတ်သည်။ သားသမီးကို ပညာတတ်ကြီးများ ဖြစ်ဖို့အရေး မိဘအရေးကြောင့်ပင် ဖြစ်သည်။

ထို့ကြောင့် ကျောင်းစာများနှင့် လုံးပန်းနေရသည့် ကလေးများကို ကျောင်းမှပြန်ရောက်သည်နှင့် အဝတ်အစားလဲစေပြီး ခေတ္တအနားယူခိုင်းပါ။ အဆာပြေမုန့်တစ်ခုခုကျွေးပြီး ကျောင်းတွင် တစ်နေ့တာဖြစ်ပျက်သမျှကို မေးမြန်းကာ ရယ်မောစရာရှိက အတူလိုက်၍ ရယ်မောပေးပါ။ သူတို့၏ ကလေးသဘာဝအချင်းချင်း ရန်ဖြစ်သမျှပြောပြလျှင် သေချာစွာနားထောင်၍ ရန်ဖြစ်တာ မကောင်းကြောင်း သေချာစွာရှင်းပြပါ။ ထို့နောက်မှ ယနေ့သင်သမျှစာများတွင် ခက်ခဲသော၊ မရသော စာရှိမရှိမေးပါ။ အိမ်စာပါလားမေးပါ။ သူတို့လေးတွေ၏ အမောကို ထိုနည်းများဖြင့် ခေတ္တဖြေဖျောက်ပေးနိုင်ပါက ပိုကောင်း၏။ ထို့နောက်တွင် အိမ်စာပါလျှင် ရေးခိုင်းပါ။ မပါလျှင် သင်ယူကျက်မှတ်လာသည့် သင်ခန်းစာများကို ပြန်လည်လေ့ကျင့်ခိုင်းပါ။ အချို့သောကလေးငယ်များသည် ဉာဏ်ရည်ထက်မြက်သော်လည်း ဝီရိယအားနည်းတတ်သည်။ ထိုသို့သော ကလေးများကို သူတို့နှစ်သက်သော အစားအစာ သို့မဟုတ် စိတ်ဝင်စားစရာတစ်ခုခုနှင့် စာဖတ်အောင်ဆွဲဆောင်ပါ။ ဥပမာ "ဒီစာပိုဒ်လေးရသွားရင်၊ ဒီသင်္ချာတွက်ပြီးသွားရင် မုန့်ကျွေးမယ်၊ ကာတွန်းပေးကြည့်မယ်၊ ဂိမ်းဆော့မယ်" စသည်ဖြင့် ဆွဲဆောင်ပါ။ ဉာဏ်ရည်မထက်သော ကလေးများကိုမူ ဆူပူအော်ဟစ်ကာ စာဖတ်ခိုင်းခြင်းမှ တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။ ထိုကလေးသည် မိဘ၏အော်ဟစ်မှုကြောင့် စာကိုပို၍ ကြောက်သွားလျှင် ဘဝတစ်သက်တာ ခံစားသွားရပေလိမ့်မည်။ သူတို့လေးတွေကို အနားမှမိဘကထိုင်ကာ စာအတူကူကျက်ပေးခြင်း၊ တွက်ပေးခြင်းပြုလုပ်ပေးပါ၊ တတ်နိုင်သမျှ ညင်သာစွာပြောဆိုသင်ပြပေးပါက မိဘနှင့်အနီးကပ်ထိတွေ့မှုကြောင့်လည်းကောင်း၊ ညင်သာပျော့ပျောင်းသော သာယာသံကြောင့်လည်းကောင်း စာကျက်ရမှတ်ရ လွယ်ကူမည်ဖြစ်သည်။ စာတစ်ကြောင်းကို တစ်ခါနှင့်မရလျှင် ထပ်ကာထပ်ကာ ဆိုခိုင်းပါ။ ဖြစ်နိုင်လျှင် စာရွက်ပေါ်တွင်ရေး၍ ကျက်ခိုင်းပါ။ စာမရ၍မအော်မငေါက်မိပါစေနှင့် အဓိကမှာ စာကိုကြောက်မသွားစေရန်ဖြစ်သည်။

ကလေးများ၏ ပင်ကိုဉာဏ်ရည်ဉာဏ်သွေးကို မိဘများက ပို၍သိကြပါလိမ့်မည်။ ကိုယ့်ကလေးသူများထက်တော်ရန်၊ အတင်းတွန်းအားမပေးပါနှင့်။ သူတို့၏ ဉာဏ်ရည်မီသမျှကိုလက်ခံပေးပါ။ ဘေးမှအားပေးပါ။ ကူညီပါ။ သို့မှသာ လိုရာပုံသွင်းနိုင်မည်ဖြစ်သည်။ မိဘများ၏ တွန်းအားပေးမှုကြောင့် စိတ်ဖိစီးမှုများနှင့် ဒုက္ခကြုံရသော ကလေးများရှိပါသည်။ ထိုအခါမှ မိဘများထိတ်လန့်ကာ ဘာမှလုပ်မရတော့၊ အချိန်လွန်မှ နောင်တရသွားကြသူ မိဘများလည်း ဒုနှင့်ဒေးရှိပါသည်။

ထို့ကြောင့် ကျောင်းသားနှင့် မိဘတို့၏ ပညာရေးလောဘ လွန်ဆွဲပွဲတွင် မိဘများဘက်က အတင်းလိုရာပုံသွင်းဆွဲယူခြင်းမှ ရှောင်ကြဉ်နိုင်ကြပါစေရန်နှင့် တင်းလွန်းလျှင် ပြတ်တတ်ကြောင်း သတိပေးစကား ပြောကြားလိုက်ရပါသည်။

**အင်ကြင်းမွှေး**

**မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ဇွန် ၁၄ ရက်က ထားဝယ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ ဇနီးများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်သီသီစန်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ ကြည့်ရှုအားပေးကြ စဉ်။** ဖိုးရွှေသွန်း(ထားဝယ်)

# ပုလဲသွယ်စပ်မျိုးနွေစပါး နေပြည်တော်ကောင်စီနယ်မြေတွင် အောင်မြင်ဖြစ်ထွန်း

**နေပြည်တော် ဇွန် ၁၇**

ရာသီဥတုဒဏ်၊ ရေဝတ်ဒဏ် ခံနိုင်ရည်ရှိပြီး မျိုးစေ့နှုန်း အနည်းငယ်သာသုံးရသော ပုလဲသွယ်နွေစပါးများ နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ်တွင် အောင်မြင်ဖြစ်ထွန်းနေမှုကို တွေ့ရသည်။

ဒေသခံကျေးလက်တောင်သူများအနေဖြင့် ဒေသမျိုးစပါးများဖြစ်သော မနောသုခ၊ ရွှေသွယ်ရင်စပါးများကို စိုက်ပျိုးခဲ့ကြပြီး ယခုအချိန်တွင် စိုက်ရက် ၁၁၀ သာစိုက်ပျိုးရသည့် ရက်တိုအထွက်နှုန်းကောင်းသော ပုလဲသွယ်စပ်မျိုးစပါးများကို စိတ်ဝင်တစား စိုက်ပျိုးလာကြသည်။

တောင်သူများအနေဖြင့် ပုလဲသွယ်စပ်မျိုးစပါးကို ၂၀၁၀-၂၀၁၁ ခုနှစ်များတွင် စမ်းသပ်စိုက်ပျိုးခဲ့ကြသည်။ ဈေးကွက်အာမခံချက်၊ စပ်မျိုးစပါး ပုလဲသွယ်အပေါ် ယုံကြည်မှုနည်းပါးခဲ့သောကြောင့် တောင်သူများအနေဖြင့် စိုက်ပျိုးဖြစ်ထွန်းကြသော်လည်း အနည်းငယ်သာစိုက်ပျိုးခဲ့ကြသည်။ ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းတို့ စည်းရုံးမှုဖြင့် ၂၀၁၃-၂၀၁၄ တွင် ပုလဲသွယ်စပ်မျိုးစပါးကို ယခင်ဧက ၁၀၀ မှ ဧက ၅၀၀ အထိ တိုးချဲ့စိုက်ပျိုးခဲ့ကြသည်။

ယခင်ဒေသထွက် မနောသုခ၊ ရွှေသွယ်ရင်စပါးများ စိုက်ပျိုးမှုအနေဖြင့် တစ်ဧကလျှင်မျိုးစေ့နှုန်း နှစ်တင်းကျော် သုံးတင်းသုံးခဲ့ရပြီး အထွက်နှုန်းအနေဖြင့် နွေစပါး တင်း ၉၀ မှ ၁၂၀ အထိ မြေအမျိုးအစားပေါ် မူတည်ပြီး ရရှိသည်။ ပုလဲသွယ်စပ်မျိုးစပါးအနေဖြင့် ရက်ပေါင်း ၁၁၀ ခန့်သာ စိုက်ပျိုးရပြီး တစ်ဧကလျှင် မျိုးစေ့နှုန်း ငါးပြည်ခွဲခန့်သာ အသုံးပြုရသည်။ စိုက်ပျိုးနည်းအနေဖြင့် သိပ္ပံနည်းကျ (GAP) စနစ်ဖြင့် ချက်ချင်းနုတ်၊ချက်ချင်းသယ်၊ ချက်ချင်းစိုက်စနစ်ဖြင့် အသုံးပြုစိုက်ပျိုးခဲ့ရာ မြေအမျိုးအစားပေါ် မူတည်၍ နွေစပါး တင်း၁၇၀မှ၁၉၀ကျော်အထိ ဖြစ်ထွန်းထွက်ရှိသည်။

စိုက်ပျိုးရာတွင် ပံ့ပိုးမှုအနေဖြင့် ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးနှင့် စိုက်ပျိုးရေးဝန်ထမ်းများသည် ရပ်ကျေးတောင်သူများနှင့် တွေ့ဆုံ၍ ၂၀၁၃-၂၀၁၄ ခုနှစ် စိုက်ပျိုးနှစ်တွင် မြို့နယ်အနေဖြင့် စိုက်ပျိုးမည့်တောင်သူများကို တစ်ဧကလျှင် နုတ်၊ သယ်၊ စိုက် ငွေကျပ် ၅၀၀၀၀၊ ကုန်ကျစရိတ်ကို ငွေကျပ် ၂၅၀၀၀နှင့် ပုလဲဓာတ်မြေဩဇာတစ်အိတ် ကုန်ကျမှု စိုက်ခံကာ ထွက်ပြီးစပါး ရောင်းပြီးမှပြန်လည်ပေးဆပ်ရန်၊ ထွက်ရှိလာသော စပါးများကိုလည်း ကာလပေါက်ဈေးအတိုင်း မှန်ကန်မှုနှင့် ဝယ်ယူပါမည်ဟု ကတိခံစည်းရုံးခဲ့သည်။

စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် အဖွဲ့ဝန်ထမ်းများသည် နွေစပါးစိုက်ပျိုးသည့် ပျိုးကွက်များသို့ ကိုယ်တိုင်ကြပ်မတ်စစ်ဆေးဆောင်ရွက်မှုများပြုလုပ်၍ ပျိုးထောင်ချိန်မှ ရိတ်သိမ်းချိန်အထိ ကူညီပံ့ပိုးမှုများပေးသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ၂၀၁၄ နွေစပါးစိုက်ချိန်အမီ တောင်သူများကို တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်း ထုတ်ချေးပေးခဲ့သည်။

ဇေယျာသီရိမြို့နယ် အောင်ဇေယျရပ်ကွက်နေ တောင်သူ ဦးဝင်းမြင့်အနေဖြင့် ၂၀၁၃ ခုနှစ်တွင် ပုလဲသွယ်စပ်မျိုးစပါးကို ကြဲ၊ ပက် စနစ်ဖြင့် သုံးဧက စမ်းသပ်စိုက်ပျိုးကြည့်ခဲ့ရာ တစ်ဧကလျှင် မျိုးစေ့ (11kg) ကုန်ကျခဲ့ပြီး မြေနိမ့်ရေဝပ်နေရာများတွင် အညှောင့်ပုတ်ခြင်း၊ ကုန်းကျနေရာများတွင် မျိုးစေ့များကို ငှက်ကောက်၊ ကြွက်စားခြင်း၊ အပင်ပေါက်မညီညာခြင်းများဖြစ်သည့်အတွက် ကောက်စိုက်စရိတ် ပိုမိုကုန်ကျခဲ့သည်။ ထို့ကြောင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုများနှင့် ပေါင်းစည်း၍ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် နှစ်သီးစားအနေဖြင့် ပုလဲသွယ်စပ်မျိုးစပါးကို အဓိကထားစိုက်ပျိုးခဲ့ရာ တောင်သူဦးဝင်းမြင့်က "ဒီနှစ်ကျွန်တော် ၁၆ ဧက တိုးချဲ့စိုက်ပျိုးတယ်၊ နည်းစနစ်မှန်တယ်၊ သေချာဂရုစိုက်တယ်၊ တစ်ဧကကို (7kg) ငါးပြည်ခွဲခန့်ကြဲပြီး စိုက်တယ်၊ တစ်ဧကကို Npk 15 ပတ်လည်တစ်အိတ် မြေခံသုံးပြီး ရွှေကြက်ကွန်ပေါင်း တစ်အိတ်၊ ပုလဲဓာတ်မြေဩဇာ တစ်အိတ်ခွဲ အသုံးပြုစိုက်ပျိုးခဲ့တယ်၊ ပုလဲသွယ်စပ်မျိုးစပါးက စိုက်ပျိုးရက် ၁၁၀ ခန့်ပဲ စိုက်ရတဲ့အတွက် စိုက်ရက်တိုတယ်၊ စပါးအထွက်နှုန်းကောင်းတယ်၊ ကျွန်တော် စံပြစိုက်ကွက်အနေနဲ့ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ တစ်ဧကကို စပါး(အခြောက်) ၁၇၅ တင်း ထွက်ရှိခဲ့တယ်"ဟု ပြောပြသည်။

**ဒေသခံကျေးလက်တောင်သူများအနေဖြင့် ဒေသမျိုးစပါးများဖြစ်သော မနောသုခ၊ ရွှေသွယ်ရင်စပါးများကို စိုက်ပျိုးခဲ့ကြပြီး ယခုအချိန်တွင် စိုက်ရက် ၁၁၀ သာ စိုက်ပျိုးရသည့် ရက်တို အထွက်နှုန်းကောင်းသော ပုလဲသွယ်စပ်မျိုးစပါးများကို စိတ်ဝင်တစား စိုက်ပျိုးလာကြသည်။**

စပါးဈေးအနေဖြင့် ယခင်နှစ်များတွင်လည်း တင်း ၁၀၀လျှင် ငွေကျပ် ၄၂၀၀၀၀ မှ ၄၃၀၀၀၀ ခန့်သာ ရရှိခဲ့ပြီး ယခု ၂၀၁၃-၂၀၁၄ ခုနှစ်တွင် နွေစပါးတင်း ၁၀၀ လျှင် ငွေကျပ် ၄၈၀၀၀၀ မှ ၅၀၀၀၀၀ အထိ တိုးမြင့်ရရှိခဲ့ပြီး ဈေးကွက်ခိုင်မာခဲ့သည်။ ပုလဲသွယ်နွေစပါး စိုက်ပျိုးခဲ့ရသော တောင်သူများအနေဖြင့် စပါးထွက်အားကောင်းသလို ဈေးနှုန်းခိုင်မာခဲ့သောကြောင့် ယခုနှစ်အတွက် မြေကြီးမှ ရွှေသီးခဲ့ရပါပြီဟု ဇေယျာသီရိမြို့နယ် အောင်ဇေယျစံပြရပ်ကွက်နေ တောင်သူတစ်ဦးက ပြောကြားသည်။

**ကိုမျိုး(ရွှေပေါက္ကံ)**


**ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်**

**အကြောင်းကြားစာ**

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်း-၂၂)**

**မန္တလေးခရိုင်တရားရုံးတော်၌**

**၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၈၂ နှင့်ဆက်သွယ်သည့်**

**၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၅၈**

၁။ ဒေါ်ဝင်း **နှင့်** ဦးလှမောင်

၂။ ဦးအောင်ကျော်ထွန်း

**ဒီကရီအနိုင်ရသူများ** **တရားရှုံး**

ဦးလှမောင် ဦးပိုင်အမှတ် ၅၈-၄၊ အကွက်အမှတ် ၁၄၆၊ မေဃဂီရိရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၃၈၂တွင် ရရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ဝင်း ပါ(၂)ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့် အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြနိုင်သည့် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင် ၇ရက် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဇွန် ၁၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ခင်မြင့်မြင့်**
**တွဲဖက်ခရိုင်တရားသူကြီး(၄)**
**မန္တလေးခရိုင်တရားရုံး**

**အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ**

**လျှောက်ထားကြောင်း**

**အကြောင်းကြားစာ**

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**

**မန္တလေးခရိုင် ခရိုင်တရားမရုံး၌**

**၂၀၁၄ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၅၂**

ကွယ်လွန်သူ ဦးကျော်ကျော် ၉/မတရ(နိုင်)၁၀၈၀၆၈၌ ကျန်ရှိရစ်သော ပစ္စည်းအကြောင်း။

ဒေါ်စန္ဒာဝင်း **လျှောက်သူ**

မဟာအောင်မြေမြို့နယ်၊ ဥယျာဉ်တန်း၊ မဟာမြိုင်(၁)၊ အမှတ်ခ/၁၁နေ ဒေါ်စန္ဒာဝင်းက ကွယ်လွန်သူ ဦးကျော်ကျော်၏ဇနီး ဖြစ်သည်ဟူ၍ မဟာမြိုင်(၁)၊အမှတ်ခ/၁၁နေ ၄င်းကွယ်လွန်သူ ဦးကျော်ကျော်မှာ က ျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၄င်းကွယ်လွန်သူ ဦးကျော်ကျော်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ခုနှစ် ဇွန် ၂၇ရက် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၁ရက်)တွင် လာရောက်ကြရမည်။ ၄င်းရက်တွင် လျှောက်သူ ဒေါ်စန္ဒာဝင်း၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ် ရသင့်မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် ဇွန် ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သင်းသင်းချို)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မန္တလေးခရိုင်တရားရုံး**

**အကြောင်းပြရန်ပေးသည့်**

**အကြောင်းကြားစာ**

**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

**၂၀၁၄ ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၅၁**

ဒေါ်မြင့်မြင့် ပါ-၄ **နှင့်** ဒေါ်ခင်မေ ပါ-၁၈

**လျှောက်သူများ** **အလျှောက်ခံရသူများ**

(၁၀)ဦးမောင်မောင် (၄၂×၄၃)လမ်းကြား၊ (၆၇×၆၈)လမ်းကြား၊ မဟာမြိုင် (၁)၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။

(၁၁)ကိုအောင်မိုးသူ စိုက်ပျိုးရေးတိုက်ခန်း၊ (၆၇×၆၈)လမ်းကြား၊ သိပ္ပံလမ်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ဒေါ်မြင့်မြင့် ပါ-၄ က ဤရုံးသို့ မန္တလေးခရိုင်တရားရုံး မကြီး ၈၀၉/၂၀၁၁၏(၂၇-၁-၂၀၁၄)ရက်စွဲပါ အမိန့်နှင့်စပ်လျဉ်းသည့် အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၄ခုနှစ် ဇွန် ၃၀ ရက် (၁၃၇၆ ခုနှစ် ဝါဆိုလဆန်း ၄ရက်) မွန်းမတည့်မီ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင်တို့ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ် ဇွန် ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**တင်ထွေးဦး**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

# လမ်းပေါ်ကျူးကျော်ဈေးဆိုင်နေရာများ ကျပ်သိန်းဆယ်ဂဏန်းနှင့်ချီ၍ အရောင်းအဝယ်ဖြစ်

**ရန်ကုန် ဇွန် ၁၇**

ရန်ကုန်မြို့တွင်း နေရာအနှံ့ယာဉ်ကြောပိတ်ဆို့မှုများကြောင့် ယာဉ်မရပ်ရလမ်းများ၊ မြို့နယ်အသီးသီးတွင် သတ်မှတ်ခြင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အင်အားတိုးချဲ့ကာ ယာဉ်စည်းကမ်းချိုးဖောက်သူများကို အရေးယူခြင်းများ ပြုလုပ်နေကြောင်းကို နေ့စဉ်သတင်းစာ၊ ဂျာနယ်စာမျက်နှာများပေါ်တွင်သာမက ရုပ်မြင်သံကြားနှင့်အွန်လိုင်းများပေါ်တွင် နေ့စဉ်ဆိုသလို တွေ့မြင်နေရသည်။ မင်္ဂလာတောင်ညွန့်မြို့နယ်၏ သိမ်ဖြူလမ်းမှ အထက်ပန်းဆိုးတန်းလမ်းအထိ တည်ရှိသော မြန်မာ့ဂုဏ်ရည်လမ်းမှာ ခရီးသည်တင်ဘတ်စ်လိုင်းကားနှစ်လိုင်းနှင့် မော်တော်ယာဉ်အများအပြား ဖြတ်သန်းသွားလာလျက်ရှိသည့် ကွန်ကရစ်လမ်းမကြီးဖြစ်ပြီး ယာဉ်ကြောတစ်ဖက်နှစ်ကြောစီ သွားလာနိုင်ရန် တည်ဆောက်ထားခြင်းဖြစ်သည်။

မြို့တော် စည်ပင်သာယာရေးကော်မတီက ရေစီးရေလာကောင်းရန် မြောင်းအသစ်များ တူဖော်ပေးခြင်းနှင့်အတူ ရှစ်ပေအကျယ်လူသွားစင်္ကြံ တည်ဆောက်ပေးခြင်းတို့ကို လုပ်သားအင်အား ၁၅၀ ကျော်ဖြင့် အုပ်စုလေးစုခွဲကာ တည်ဆောက်ပြုပြင်ပေးလျက်ရှိသည့် မြန်မာ့ဂုဏ်ရည်လမ်းတွင် ဒေသခံမဟုတ်သည့် များပြားလှသော လမ်းဘေးဈေးသည်များက ယာဉ်ကြောတစ်ကြောစာနေရာယူ၍ အမိုးတဲများ၊ ထိုင်ခုံနေရာများချကာ မော်တော်ကားလမ်းပေါ်တွင် နံနက်မိုးလင်းမှ ညမိုးချုပ်သည်အထိ တစ်နေကုန်ဈေးရောင်းချနေသည်ကို ဇွန် ၁၅ ရက်က တွေ့မြင်ရသည်။

လမ်းဘေးဈေးသည်များမှာ တစ်ဆထက်တစ်ဆ ပိုမိုများပြားလာပြီး ထိန်းကွပ်မည့်သူမရှိ၍ မိမိမပိုင်သော လမ်းပေါ်မှနေရာကွက်ကို ဈေးရောင်းနေရာအဖြစ်သတ်မှတ်ပြီး ကျပ်သိန်းနှင့်ချီ၍ ရောင်းဝယ်နေကြသည်ကလည်း ဟိုလေးတကျော်ပင်ဖြစ်နေသည်။ လေးပေခန့်အကျယ် ငါးပိရောင်းဆိုင်ကို ငွေကျပ် ငါးသိန်းနှင့်ရောင်းချလိုက်သည့်သတင်း၊ ၁၀ ပေခန့်အကျယ်ကို ထမင်းဆိုင်ရောင်းသူက ၁၅ သိန်းနှင့် ဝယ်ယူလိုက်သည့်သတင်း၊ မပြောင်းမရွှေ့ဘဲ ၂၄ နာရီ သစ်သီးအရောင်းဆိုင်ဖွင့်သူအား ၁၀ သိန်းနှင့် ရောင်းချသွားသည့်သတင်း၊ ဆိုင်ခုံနေရာချထားပြီး ကိုယ်တိုင်ဈေးမထွက်ဘဲ တစ်ရက် ငွေကျပ် ၅၀၀ နှုန်းနှင့် ဈေးရောင်းရန်အငှားချထားသည့် သတင်းများသည် မြန်မာ့ဂုဏ်ရည်လမ်း လမ်းဘေးဈေးကွက်၏ မထူးဆန်းတော့သော သတင်းများပင်ဖြစ်ပေသည်။ လမ်းဘေး ဈေးရောင်းနေရာ တန်ဖိုးကြီးမြင့်လာမှုကြောင့် ဈေးသည်အချင်းချင်း နေရာလုစကားများ ရန်ဖြစ်ခြင်းနှင့်ခုတ်သဖြင့် ရာဇဝတ်မှုခင်းလည်း မကြာခဏဖြစ်ပွားခဲ့သည်။ ဈေးဆိုင်ခုံ၊ စားသုံးနေသူနှင့် မော်တော်ယာဉ်မလွတ်ကင်း၍ ထိပြီသဖြင့် စကားများရန်ပွဲဖြစ်ရသည်မှာလည်း အကြိမ်ကြိမ်ပင်ဖြစ်သည်။ ရေမြောင်းတူးဖော်မှု ပြီးစီးနေပြီဖြစ်၍ စင်္ကြံပလက်ဖောင်းခင်းမှုလည်း မကြာခင်ပြီးစီးတော့မည်ဖြစ်ရာ လမ်းဘေးဈေးသည်အရေး ပိုမိုရှုပ်ထွေးမလာစေရန်နှင့် ယာဉ်ကြောပိတ်ဆို့မှု ယာဉ်မတော်တဆ အန္တရာယ်တို့ကို တာဝန်ရှိသူတို့ ကြပ်မတ်ဆောင်ကြိုတင်တားဆီး ကာကွယ်နိုင်ရေး အတွက် မြန်မာ့ဂုဏ်ရည်လမ်း ကားလမ်းပေါ်တက် ဈေးရောင်းနေမှုများ ရှက်ပေးနိုင်ရေး ထင်သာမြင်သာ ပြုပြင်စရာအဖြစ် ပြည်သူ့ဆန္ဒအမှန်ကို ရေးသားတင်ပြအပ်ပါသည်။ **အောင်သန်း(တောင်ညွန့်)**

# ကမ္ဘာနှင့်အဝန်း တိုးလာနေသော အဝလွန်ရောဂါဘေး

အဝလွန်ခြင်းသည် ကမ္ဘာပေါ်တွင် စိုးရိမ်ဖွယ်ကောင်းသည့် အကြမ်းဖက်မှုအသွင်ဆောင်လာသည့်စိန်ခေါ်မှုကြီးတစ်ရပ် ဖြစ်လာနေပါသည်။

လူ့ခန္ဓာကိုယ်ရှိ ဝမ်းဗိုက်၊ ပေါင်ရင်း၊ တင်ပါးတို့တွင် အဆီများစုလာခြင်းကို ကိုယ်အလေးချိန်ပိုခြင်း (Over Weight) အဆင့်ဟုဆေးပညာက သတ်မှတ်ထားပါသည်။ ၄င်းအဆင့်ထက်ကျော်လွန်လာပြီး ခန္ဓာကိုယ်၏ ကိုယ်တွင်းအင်္ဂါများ ဥပမာ အသည်း၊ ကျောက်ကပ်၊ အူစသည်တို့တွင် အဆီများစုပုံလာပြီဆိုပါက အဝလွန်ခြင်း (obesity)အဆင့်သို့ ရောက်ရှိလာပါသည်။ ထိုသို့သော အခြေအနေမျိုးတွင် အချိန်မီမကုသပါက နောက်ဆက်တွဲဆိုးကျိုးများအဖြစ် နှလုံး၊ သွေးတိုး၊ ဆီးချိုရောဂါများအပြင် အခြားသော ဆက်စပ်ရောဂါများလည်း ဖြစ်ပေါ်လာနိုင်ပါသည်။ ခါးလုံးပတ်ထက် ဝမ်းဗိုက်လုံးပတ်ပိုများပါက (ခါးထက်ဗိုက်ကပိုတုတ်ပါက) အဝလွန်ရောဂါ (obesity) ဖြစ်ပေါ်နေကြောင်း အလွယ်တကူသိရှိနိုင်ပါသည်။

မြန်မာနိုင်ငံတွင် အိုဗာဝိတ်(ကိုယ်အလေးချိန်ပိုနေသူ)ဖြစ်နေသူပေါင်းမှာ ၂၅ ရာခိုင်နှုန်းခန့်ရှိနေပြီး အဝလွန်ခြင်း (obesity) ဖြစ်နေသူပေါင်းမှာ ၆ ဒသမ ၈ ရာခိုင်နှုန်းခန့်ရှိနေပါသည်။ (အဝလွန်ခြင်းသည် အိုဗာဝိတ်ခေါ် ကိုယ်အလေးချိန်ပိုနေသူထက်ပိုဆိုးသည်။) ခါးအတိုင်းအတာ အမျိုးသား ၃၈ လက်မနှင့် အမျိုးသမီး ၃၃ လက်မထက်ကျော်လွန်ပါက အဝလွန်ခြင်းဟု သတ်မှတ်ပါသည်။

အဝလွန်ခြင်းနှင့်ပတ်သက်၍ အင်္ဂလိပ်ဆိုရိုးတစ်ခုရှိရာ "သင်သည် သင့်သေတွင်းကို သင့်မေးရိုးနှစ်ဖက်ဖြင့်တူးသည် (You dig your cave with your Jaws)"ဟူ၍ ဖြစ်သည်။ အစားကြူးရာမှ ရောဂါမြောက်မြားစွာ ရရှိလေရာ အထက်ကဆိုသကဲ့သို့ နှလုံး၊ သွေးတိုး၊ ဆီးချို စသည်ဖြင့် ဖြစ်သည်။ ဤဆိုရိုးစကားမှာ အစားမကြူးရန် သတိပေးခြင်းပင်ဖြစ်သည်။

ယနေ့ကမ္ဘာပေါ်တွင် အဝလွန်ခြင်းသည် ကမ္ဘာ့နိုင်ငံတိုင်းလိုလိုတွင် ထိတ်လန့်ဖွယ်ဖြစ်ပေါ်နေပေရာ သတိပေးထားသည့် ကျန်းမာရေးသတင်းတစ်ပုဒ်ကို မကြာမီကဖတ်မိပေရာ အောက်ပါအတိုင်းဖြစ်၏။

ကမ္ဘာပေါ်ရှိ မည်သည့်နိုင်ငံကမျှ လွန်ခဲ့သည့် အနှစ် ၃၀ အတွင်း အဝလွန်ခြင်းသည် သိသိသာသာ လျော့နည်းကျဆင်းသွားသည်ကို မတွေ့မြင်ခဲ့ရ၊ ၂၀၁၃ ခုနှစ်တွင် ကမ္ဘာပေါ်၌ ကိုယ်အလေးချိန်ပိုနေသူနှင့် အဝလွန်သူဦးရေမှာ ၂ ဒသမ ၁ ဘီလီယံ(ယင်းမှာ လူသန်းပေါင်း ၂၁၀၀၊ တစ်နည်းအားဖြင့် ကမ္ဘာ့လူဦးရေ၏ လေးပုံတစ်ပုံခန့်၊ တစ်နည်းအားဖြင့် လူလေးဦးတွင် တစ်ဦး နှုန်း)ရှိသည်ဟု The Lanut အမည်ရှိ ဗြိတိသျှဆေးပညာဂျာနယ်တွင် နောက်ဆုံးထွက်ရှိသော ကိန်းဂဏန်းများဖြင့် တွက်ချက်ဖော်ပြထားပါသည်။

နိုင်ငံတကာသုတေသီများပါဝင်သော အဖွဲ့တစ်ဖွဲ့သည် စောင့်ကြပ်စစ်ဆေးခြင်းများမှ ရနိုင်သမျှသော အချက်အလက်များကို ရယူကာ ၁၉၈၀ ပြည့်နှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ကမ္ဘာ့နိုင်ငံပေါင်း ၁၈၈ နိုင်ငံတွင်ရှိသော ကိုယ်အလေးချိန်ပိုနေသူများ (ခန္ဓာကိုယ်ထုအညွှန်းကိန်း 25 kg/m2 နှင့် အထက်)နှင့် အဝလွန်သူများ(BMT ယင်းမှာ ခန္ဓာကိုယ်ထုအညွှန်းကိန်း 30 kg/m2 နှင့်အထက်)ကို အစီရင်ခံခဲ့ပါသည်။

ခန္ဓာကိုယ်ထုအညွှန်းကိန်း(body max index အတိုကောက် BMI)ဆိုသည်မှာ ကိုယ်အလေးချိန် (ကီလိုဂရမ်ဖြင့်)ကို အရပ် (မီတာဖြင့်)၏ နှစ်ထပ်ဖြင့်စား၍ရသော ကိန်းပင်ဖြစ်သည်။

ကမ္ဘာနှင့်အဝန်း အဝလွန်ခြင်း (obesity)နှင့် ကိုယ်အလေးချိန်ပိုခြင်း (over weightedness)တို့သည် လူရွယ်လူကြီးများတွင် (ကိုယ်အလေးချိန် ၂၈ ရာခိုင်နှုန်းပိုတိုးသည်) ရော ကလေးများတွင်ပါ (ကိုယ်အလေးချိန် ၄၇ ရာခိုင်နှုန်းအထိ ပိုများလာ၏) လွန်ခဲ့သော ၃၃ နှစ်ကာလအတွင်း ရုတ်တရက်ထိတ်လန့်ဖွယ်ရာ မြင့်တက်လာခဲ့ပါသည်။

မှန်ပါသည်။ ကိုယ်အလေးချိန်ပိုနေသူများနှင့် အဝလွန်သူများသည် တစ်ကမ္ဘာလုံးတွင် ၁၉၈၀ ပြည့်နှစ်က ၈၅၇ သန်းရှိနေခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် ၂ ဒသမ ၁ ဘီလီယံ(ယင်းမှာ လူသန်းပေါင်း ၂၁၀၀)သို့ မြင့်တက်လာခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေ ဝသူနှုန်းမှာ ကမ္ဘာတစ်ဝန်းလုံးတွင် နေရာတစ်ခုနှင့် တစ်ခု မတူကွဲပြားကြပါသည်။ ဥပမာအားဖြင့် ကမ္ဘာပေါ်တွင် ဝသူ ၆၇၁ သန်းသည် ကမ္ဘာ့ ၁၀ နိုင်ငံတွင် နေထိုင်ကြရာ ယင်းတို့မှာ အမေရိကန်ပြည်ထောင်စု (၁၃ ရာခိုင်နှုန်းကျော်)၊ တရုတ်နှင့်အိန္ဒိယ(နှစ်နိုင်ငံပေါင်း ၁၅ ရာခိုင်နှုန်း)၊ ရုရှား၊ ဘရာဇီး၊ မက္ကဆီကို၊ အီဂျစ်၊ ဂျာမနီ၊ ပါကစ္စတန်နှင့် အင်ဒိုနီးရှားတို့တွင် နေထိုင်ကြပါသည်။ ပစ္စုပ္ပန်တွင် ကမ္ဘာ့လူဝကြီးများ၏ ၆၂ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်ကြပါသည်။ **ဒေါက်တာဘီရော်**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ရွာတန်းရှည်အုပ်စု၊ ချောင်းနားတိုက်ကျေးရွာနေ ဦးဘိုကြည်၏သား မောင်တင်မောင်ဆွေ ၈/မမန(နိုင်)၁၂၈၁၁၉ နှင့် မောင်ဆွေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**တင်မောင်ဆွေ(ခ)မောင်ဆွေ**

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ လယ်ယာကျေးရွာ၊ အထက(၄) နဝမတန်း(က)မှအောင်မြင်သော မဇင်မာခိုင်၏ဖခင်အမည်မှန်မှာ ဦးမိုးသက်ထွန်း ၁၃/တကန(နိုင်)၂၀၃၀၆ ဖြစ်ပါကြောင်း။

**ဦးမိုးသက်ထွန်း**

## မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း၏ CME ဖိတ်ကြားလွှာ

မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်းနှင့် Parkway College of Nursing and Allied Health(Singapore)တို့ ပူးပေါင်း၍ ပုဂ္ဂလိကဆေးရုံများမှ ကျန်းမာရေးစောင့်ရှောက်သူ (အုပ်ချုပ်သူ၊ ဆရာဝန်၊ ဆရာမ)များအတွက် ဒုတိယအကြိမ် စဉ်ဆက်မပြတ်ကျန်းမာရေးစောင့်ရှောက်မှုသင်ကြားရေးအစီအစဉ်(CME on Infection Control)ကို ရန်ကုန်နှင့်မန္တလေးမြို့များတွင် ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**Date-** 23 to 24 June 2014 (Mandalay)
26 to 27 June 2014 (Yangon)

**မှတ်ချက်။** သင်တန်းသားဦးရေကန့်သတ်ထားပြီး အသင်းဝင်ဆေးရုံများကို အထူးနှုန်းဖြင့် ဦးစားပေးလက်ခံပါမည်။ သင်တန်းသားအမည်စာရင်းကို ၂၀-၆-၂၀၁၄ ရက်(ရုံးချိန်အတွင်း) နောက်ဆုံးထားပေးပို့ပါရန်။

**ဆက်သွယ်ရန် ဖုန်း-၀၁-၂၃၀၁၅၈၇၊ ၀၁-၁၂၂၀၇၄၇ (ရန်ကုန်)**
**၀၉-၅၂၄၀၂၇၃၊ ၀၉-၈၁၀၂၃၆၉၂ (မန္တလေး)**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ ရေအားလျှပ်စစ်စီမံကိန်းများသို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဒုတိယလေးလ (၂၀၁၄ ခုနှစ် ဩဂုတ်လမှ နိုဝင်ဘာလ)အတွင်း စီမံကိန်းစခန်းဂိုဒေါင်အရောက် တည်ဆောက်ရေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ ကွန်တိန်နာများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၈-၆-၂၀၁၄ရက်
**တင်ဒါအရောင်းပိတ်မည့်ရက်** - ၂၇-၆-၂၀၁၄ရက် (၁၆း၃၀)နာရီ
**Company Profile နှင့် တင်ဒါအာမခံငွေချက်လက်မှတ် နောက်ဆုံးတင်ပြရမည့်ရက်** - ၂-၇-၂၀၁၄ ရက် (၁၆း၃၀)နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာအသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်-

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁**

**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဘုရင့်နောင်၊ ဦးပိုင်အမှတ် ၉၆^က^၊ ဧရိယာ ၀ ဒသမ ၀၄၆ ဧကရှိ ဦးမြတ်ကိုကိုပါ(၂) အမည်ဖြင့်ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဦးသက်ဦး၊ ဒေါ်ဌေးဌေးရီ[၉/တကန(နိုင်)၀၀၃၅၄၉၊ ၉/တကန(နိုင်)၀၀၃၂၇၉ ] (ဘ)ဦးသာဒင်၊ ဦးမြင့်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ဈေးပြိုင်တင်ဒါခေါ်ယူခြင်း**

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းစက်ရုံများမှ ထုတ်ကုန်ပစ္စည်းများကို ဈေးပြိုင်တင်ဒါစနစ်ဖြင့် အောက်ပါအစီအစဉ်အတိုင်း ရောင်းချမည်ဖြစ်ပါသည်-

၂။ **ရောင်းချမည့်ပစ္စည်းများ** - ချည်မျှင်များ၊ ပိတ်ကြမ်းများ၊ အဖြူချွတ်ဆေးဆိုး ပန်းရိုက်ပိတ်များ၊ ကျားဝတ်ချုပ်ထည်များ၊ မဝတ်ချုပ်ထည်များ၊ သက်န်းများ၊ အသင့်ချုပ်ပြီး နိုင်ငံတော်အလံအမျိုးမျိုးနှင့် အခြားချုပ်ထည်များ၊ အလေအလွင့်ပစ္စည်းများ

၃။ **ဈေးပြိုင်ရောင်းချမည့်ရက်** - ၂၄-၆-၂၀၁၄ ရက် (အင်္ဂါနေ့)
**ဈေးပြိုင်ရောင်းချမည့်အချိန်** - နံနက် ၁၀း၀၀နာရီ
**ဈေးပြိုင်ရောင်းချမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၇၊ နေပြည်တော်

၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၅၇၊ ၀၆၇-၄၀၈၂၁၃၊ ၀၆၇-၄၀၈၃၆၉၊ ၀၁-၆၆၁၃၀၅၊ ၀၁-၆၆၀၄၁၀ (ဈေးကွက်ရှာဖွေရေး)တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အထည်အလိပ်လုပ်ငန်း**

**ကန့်ကွက်နိုင်ပါကြောင်း**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့နယ်၊ စွမ်စော်ရပ်ကွက်၊ ကွင်းအမှတ် ၆၀၊ ဦးပိုင်အမှတ် ၄၊ မန့်ဝိန်းအရှေ့မြောက်မြို့၊ မြေ ၀ ဒသမ ၂၈၈ဧက (ဂရန်အမည်ပေါက်ပြီး)နှင့် မူဆယ်မြို့နယ်၊ စွမ်စော်ရပ်ကွက်၊ ကွင်းအမှတ် ၆၀၊ ဦးပိုင်အမှတ် ၂၈၊ မိန့်ဝိန်း၊ အရှေ့မြောက်မြို့မြေ ၀ ဒသမ ၄၇၃ဧက (ဂရန်အမည်ပေါက်ပြီး)မြေကွက်နှင့်ပတ်သက်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နန်းဖြူဖြူခိုင် ၁၃/နခန(နိုင်)၀၀၀၃၂၉ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းအေးခင် (အထက်တန်းရှေ့နေ) (၄၁၃၀၂)**
**ဖွေးဟုန်ရပ်ကွက်၊ မူဆယ်မြို့၊ ဖုန်း-၀၉-၂၅၆၂၃၆၆၀၆၊ ၁၃၃၁၂၇၂၃၅၀၈**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# ကရင်ပြည်နယ်ရဲတပ်ဖွဲ့နှင့် ဘားအံမြို့နယ် အကောက်ခွန်ဦးစီးဌာန ပူးပေါင်းအဖွဲ့ အကောက်အခွန်မဲ့ ကုန်ပစ္စည်းတင်သွင်းမှုများ စိစစ်၊ ဖမ်းဆီး၊ အရေးယူဆောင်ရွက်

ကရင်ပြည်နယ် နယ်စပ်ဖြစ်သောမြဝတီမြို့မှ ရန်ကုန်မြို့သို့ အကောက်အခွန်မဲ့ တင်သွင်းလာသောကုန်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များကို ကရင်ပြည်နယ်ရဲတပ်ဖွဲ့နှင့်ဘားအံမြို့နယ်အကောက်ခွန် ဦးစီးဌာန ပူးပေါင်းအဖွဲ့တို့က စိစစ်ဖော်ထုတ်ဖမ်းဆီးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇွန် ၉ ရက် မွန်းတည့် ၁၂ နာရီခန့်က ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရဲအကူတပ်ဖွဲ့ခွဲမှ ဒုရဲမှူး အောင်ထူး ဦးစီးတပ်ဖွဲ့ဝင်များ၊ ဘားအံမြို့နယ်အကောက်ခွန်ဦးစီးဌာနမှ ဒုအကောက်ခွန်မှူးဦးထင်အောင်မြင့်တို့သည် မြဝတီမြို့မှရန်ကုန်မြို့ဘက်သို့ အကောက်အခွန်မဲ့ပစ္စည်းများသယ်ဆောင်လာကြောင်း သတင်းအရ ယာဉ်မောင်းကျော်မင်း(၃၅နှစ်) ကျိုက်ကော်ကျေးရွာ သထုံမြို့နယ် နေသူ မောင်းနှင်လာသော ၉စ/----- DYAN အဖြူရောင် ခြောက်ဘီးယာဉ်ကို ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ ခေါ်ဆောင်၍ ရှာဖွေစစ်ဆေးခဲ့ရာ အဆိုပါ ယာဉ်ပေါ်တွင် SINGER Beer တစ်ဖာလျှင် ၂၄ ဘူးပါ၊ Beer ဖာ ၂၀ ရှာဖွေတွေ့ရှိရပြီး ၎င်းဘီယာဖာများနှင့် ပတ်သက်၍ အကောက်ခွန် ဆောင်ထားခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရဖြင့် တရားမဝင် အကောက်ခွန်မဲ့ ဘီယာများ သယ်ဆောင်လာသူ ကျော်မင်းအား ဒုရဲမှူး အောင်ထူးက တရားလို ပြုလုပ်တိုင်တန်းသဖြင့် ဘားအံမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဇွန် ၉ ရက် မွန်းတည့် ၁၂ နာရီက ယာဉ်မောင်း ဝင်းခိုင်(ခ) ကရင်လေး (၂၇ နှစ်) သထုံမြို့နယ်နေသူသည် မြဝတီမြို့မှရန်ကုန်ဘက်သို့ မောင်းနှင်လာသော 9F/---- Light Truck အဖြူရောင်ယာဉ်မှာ အကောက်အခွန်မဲ့ပစ္စည်းများသယ်ဆောင်လာသော သတင်းအရ အဖွဲ့စုံဖြင့် ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးသို့ခေါ်ဆောင်၍ ရှာဖွေစစ်ဆေးခဲ့ရာ တစ်ဖာလျှင် ၂၄ဘူးပါ ဘီယာ ၁၄၈ ဖာကို တွေ့ရှိရပြီး တရားဝင်အခွန် ဆောင်ထားခြင်းမရှိကြောင်း စစ်ဆေးပေါ်ပေါက်၍ အကောက်ခွန်မဲ့ ဘီယာဖာများကို သယ်ဆောင်လာသူ ဝင်းခိုင်(ခ) ကရင်လေးအား ဒုရဲမှူးအောင်ထူးကတရား လိုပြုလုပ်တိုင်တန်း၍ ဘားအံမြို့မ ရဲစခန်းက အမှုဖွင့်လှစ်၍ရဲအုပ်ဟန်နိုင်ဦးက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါနေ့တွင်ပင် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရုံးရဲအကူတပ်ဖွဲ့ခွဲမှ ဒုရဲမှူး အောင်ထူးဦးစီးရဲတပ်ဖွဲ့ဝင်များ၊ ဘားအံမြို့နယ်အကောက်ခွန်ဦးစီးဌာနမှ ဒုအကောက်ခွန်မှူး ဦးထင်အောင်မြင့်တို့သည် မြဝတီမြို့မှ ရန်ကုန်မြို့သို့ အကောက်အခွန်မဲ့ပစ္စည်းများ သယ်ဆောင်လာကြောင်း သတင်းအရ ယာဉ်မောင်း သန်းထွန်း (၄၈ နှစ်) နန်းတော်ရာရပ်ကွက် ပဲခူးမြို့နေသူ မောင်းနှင်လာသော 1H/----- CANTER အဖြူရောင် ခြောက်ဘီး ယာဉ်ကို ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ ခေါ်ယူ၍ သက်သေများရှေ့တွင် ရှာဖွေစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် SUZUKI Smash ဆိုင်ကယ် ၂၀ စီး၊ SCOOPY I ဆိုင်ကယ် ငါးစီး၊ HONDA CLICK ဆိုင်ကယ် ငါးစီး စုစုပေါင်းဆိုင်ကယ် ၃၀ စီးတို့ကို ရှာဖွေတွေ့ရှိရပြီး ဆိုင်ကယ်များမှာ တရားဝင်အခွန်ဆောင်ထားခြင်းမရှိကြောင်းနှင့် ပိုင်ရှင်ဖြစ်သူမှာပဲခူးမြို့နေသူ ဦးမြင့်(စုံစမ်းဆဲ) ဆိုသူဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ **(အပေါ်ပုံ)**

ယင်းသို့ အကောက်ခွန်မဲ့ ကုန်ပစ္စည်းများ စိစစ်၊ ဖမ်းဆီးမှုများ ဆောင်ရွက်နေစဉ်မှာပင် ဇွန် ၉ ရက် မွန်းတည့် ၁၂ နာရီက မြဝတီမြို့မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသော ယာဉ်မောင်းဦးကိုကိုနိုင် (၅၀ နှစ်) ဇေယျာမွန်ရပ်ကွက် ကျိုက်ထိုမြို့ နေသူမောင်းနှင်လာသော 5F/ --- CANTER အဖြူရောင် ခြောက်ဘီးယာဉ်ကို သတင်းအရ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရုံးသို့ ခေါ်ဆောင်၍ ရှာဖွေစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် HONDER SX ၁၁ စီး၊ Wave Alpha ၂၉ စီး စုစုပေါင်းဆိုင်ကယ် အစီး ၄၀ တို့အား ရှာဖွေတွေ့ရှိပြီးဆိုင်ကယ်များနှင့်ပတ်သက်၍ တရားဝင်အခွန်ပေးဆောင်ထားခြင်း မရှိကြောင်းနှင့် ပိုင်ရှင်ဖြစ်သူမှာ ပဲခူးမြို့နေ မမီးမီး (စုံစမ်းဆဲ)ဆိုသူ ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ **ထွန်းထွန်းထွေး(ဘားအံ)**

## ဥပဒေပညာဌာန ရွှေရတုအထိမ်းအမှတ်မဂ္ဂဇင်းထုတ်မည်

**ရန်ကုန် ဇွန် ၁၇**

ရန်ကုန်တက္ကသိုလ်ဥပဒေပညာဌာန ဥပဒေဘွဲ့နှစ် (၅၀) ပြည့်ရွှေရတု ၁၉၆၄-၂၀၁၄ အထိမ်းအမှတ်အတွက် မဂ္ဂဇင်းထုတ်ဝေမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ဥဒေပညာဘွဲ့နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်မဂ္ဂဇင်းကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာပထမရက်သတ္တပတ်အတွင်း ထုတ်ဝေရန်စီစဉ်နေရာ အသေးစိတ်သိရှိလိုသူများအနေဖြင့် ဦးစီးကော်မတီဥက္ကဋ္ဌ ဦးဘတင့်ဆွေ ဖုန်း-၀၁-၆၁၄၀၇၁ နှင့် မဂ္ဂဇင်းကော်မတီဥက္ကဋ္ဌ ဦးနေလ ဖုန်း-၀၉-၅၀၀၁၇၄၁ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **ခင်မောင်သော်(ကမာရွတ်)**

## လယ်ယာစခန်း(ခွဲ)ဖွင့်၍ ထွန်ယက်ရေးလုပ်ငန်းများဆောင်ရွက်

**နောင်ချို ဇွန် ၁၇**

ကျောက်မဲခရိုင် နောင်ချိုမြို့နယ် အထက်ကြူအင်းကျေးရွာအုပ်စု အတွင်းတောင်သူများ ပြောင်းသီးနှံစိုက်ရာတွင် ခက်ခဲမှုမရှိစေရေးအတွက် အချိန်မီထွန်ယက်ရေးဆောင်ရွက်နိုင်ရန် အမှတ် (၉၆) စက်မှုလယ်ယာ စခန်း(ခွဲ) နောင်ချိုမြို့မှ ထွန်စက်လေးစီးဖြင့် ရှေ့တန်းစခန်းဖွင့်လှစ်၍ ၂၀၁၄ ခုနှစ် မေလမှ စတင်ကာ ထွန်ယက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက်**

## စစ်မှုထမ်းဟောင်းအဖွဲ့ သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့

**စလင်း ဇွန် ၁၇**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ငွေ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၁၅ ရက်က စလင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အဖွဲ့ဒုတိယဥက္ကဋ္ဌ ဒုတိယအရာခံဗိုလ်ကိုလေး (ငြိမ်း)မှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သားသမီးများအား နှစ်စဉ်ပညာသင်သင်စရိတ်ထောက်ပံ့ပေးခဲ့ကြောင်းနှင့် ယခုနှစ်တွင်လည်း အဖွဲ့ဝင်များ၏ ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ငွေများ ပေးအပ်မည်ဖြစ်ကြောင်း ပြောကြားပြီး စည်းရုံးရေးကော်မတီများက တစ်ဦးချင်းပေးအပ်ခဲ့သည်။ ယခုနှစ်အတွက် ပေးအပ်ငွေမှာ အဖွဲ့ဝင် ၂၁၁ဦးအတွက် ပညာသင်ထောက်ပံ့ငွေကျပ် ၁၇၉၃၅၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## မယင်းကြီးကျေးရွာရှိ ကျောင်းသားများကို စာရေးကိရိယာများလှူဒါန်း

**နေပြည်တော် ဇွန် ၁၇**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးအုပ်စု မယင်းကြီးကျေးရွာ မယင်းကြီးမိုးကောင်းကျောင်းဆရာတော် (တောင်တန်းသာသနာပြုဆရာတော်)က မယင်းကြီးကျေးရွာရှိ အမကနှင့် အလက ကျောင်းသား ကျောင်းသူများ ပညာရေးကို ထွန်းပေါက်စေရန်ရည်ရွယ်ပြီး ကျောင်းသုံးဗလာစာအုပ်နှင့် အခြားစာရေးကိရိယာများကို ဇွန် ၁၃ ရက်က အဆိုပါကျေးရွာ၌ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ ဆရာတော်အနေဖြင့် မယင်းကြီးကျေးရွာရှိ အမကနှင့် အလကကျောင်းသား ကျောင်းသူများကို နှစ်စဉ်လှူဒါန်းခဲ့ရာ ယခုနှစ်တွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၀၀ ကျော်အတွက် ဗလာစာအုပ် ဒါဇင် ၁၀၀ အပြင် ခဲတံ၊ ခဲဖျက်၊ ချွန်စက်၊ ပေတံ ဒါဇင် ၂၀ စီကို ပေးအပ်ခဲ့ကြောင်းသိရသည်။ **မောင်လွင်(တပ်ကုန်း)**


### အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ အမှတ်(၃)တိုးချဲ့ရပ်ကွက်၊ အမှတ် ၅၉၀ B/ဂ မြေကွက်အမှတ် WK-6 ဟုခေါ်တွင်သော အလျားပေ၆၀၊ အနံပေ၄၀ရှိ မြေကွက်နှင့် ဆက်စပ်ပစ္စည်းများကိုဝယ်ယူပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်ခင်ကြူ ၁၂/မဘန (နိုင်) ၀၀၃၇၅၅ထံမှ ၁၀-၁၂-၂၀၁၁ ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဦးချစ်လှိုင် HBI-၂၃၉၃၈၉က ဝယ်ယူခဲ့ပါသည်။ ဦးချစ်လှိုင်ထံတွင် ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများလက်ဝယ်ရှိပါ၍ ရောင်းချပိုင်ခွင့်၊ လွှဲပြောင်းပိုင်ခွင့်ရှိကြောင်း အများသိရှိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးချစ်လှိုင်**
**HBI-၂၃၉၃၈၉**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်(ဟိန်း)**
**စဥ်-၅၆၄၅(တရားလွှတ်တော်ရှေ့နေ)**
**အမှတ် ၁၀၃၊ (လေး-လွှာ)၊ ဌာနာလမ်း၊**
**ကြည့်မြင်တိုင်မြို့နယ်**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဂ/၉၁၇၃ DONG FENG DUMP TRUCK (6x4) L.H.D ယာဉ်လက်ဝယ်ရှိသူ ရောရွှေဝါကုမ္ပဏီလီမိတက်မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

### ဝန်ထမ်းများအလိုရှိသည်
### သံလွင်မေတ္တာ အိမ်၊ ခြံ၊ မြေအကျိုးဆောင်ကုမ္ပဏီ

**မြောက်ဒဂုံ၌သာခန့်ထားရန်-**

(1) Sales and Marketing 20 posts.
(2) Sales and Marketing Supervisor 5 posts. (At least 2 years' experience need driving license).
(3) Sales and Marketing Manager 2 posts.(At least 5 years' experience need driving license).

လစာကောင်းနှင့် Percentage ကောင်းပေးမည်။ အနိမ့်ဆုံးပညာရည်အချင်း တက္ကသိုလ် ဝင်တန်းအောင်ရမည်။ ရုပ်ရည်သန့်ပြန့်ပြီး ပေါင်းသင်းဆက်ဆံကောင်းမွန်သူဖြစ်ရမည်။ တက်ကြွသွက်လက်ပြီး အလုပ်ကြိုးစားသူဖြစ်ရမည်။

**လျှောက်ထားလိုသူများသည်-**

၁။ ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဓာတ်ပုံနှစ်ပုံ၊ ၂။ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊
၃။ မှတ်ပုံတင်/အိမ်ထောင်စုစာရင်းမိတ္တူ၊ ၄။ အလုပ်သမားမှတ်ပုံတင်/သက်ဆိုင်ရာအောင်လက်မှတ်မိတ္တူ။

**လျှောက်ထားလိုသူများသည် ကြော်ငြာပါသည့်ရက်မှ နှစ်ပတ်အတွင်း ဖော်ပြပါလိပ်စာသို့ လျှောက်ထားနိုင်ပါသည်။**
**အမှတ် ၉၃၆၊ ဘုရင့်နောင်လမ်း၊ (၄၃)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၈၀၁၁၂၈၅၊ ၀၁-၈၀၁၁၂၈၆**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၇/ရန်အောင်မြောက်၊ မြေကွက်/ဦးပိုင်အမှတ် ၁၃၀ဃ၊ ဧရိယာ ၀ဒသမ၀၃၈ ဧကရှိ ဦးဇော်မင်း ပါ(၂) အမည်ဖြင့် ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား အမည် ဦးဇော်မင်းအောင် ၉/ပမန(နိုင်)၁၂၂၅၄၇ (ဘ)ဦးကျော်မြင့်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင် မြေကွက်အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ရှင်ဘို့မယ်၊ ဦးပိုင်အမှတ် ၁၁၃၊ ဧရိယာ ၀ ဒသမ ၀၇၃ဧကရှိအစိုးရမြေမျိုးမြေကွက်အား ဦးသက်မော် ၉/တကန(နိုင်)၀၀၃၈၈၈ (ဘ)ဦးသာဒင်မှ ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ဝန်ထမ်းအလိုရှိသည်

နယ်တွင်တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ဘွဲ့ရအမျိုးသားဝန်ထမ်းများအလိုရှိသည်-

၁။ B.E (Civil) ၂ ဦး
၂။ B.Tech/A.G.T.I (Civil) ၂ ဦး

လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၇၃၁၅၇၅၁၁၊ ၀၉-၄၉၂၇၀၈၁၃**

### သတိပေးတားမြစ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ ၃၉ လမ်း၊ တိုက်အမှတ် ၉၅၊ ဒုတိယထပ်(ယာဘက်)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ မူလပိုင်ရှင် ဦးဇော်နိုင်နာ မော်လုပ် ၁၂/ဗတထ(နိုင်)၀၃၁၀၂၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်ဦး ၁၂/ကတတ(နိုင်)၀၁၃၁၀၉ က ၁၁-၆-၂၀၁၄ရက်တွင် ဝယ်ယူပိုင်ဆိုင်လက်ရှိထားသည့်ပစ္စည်းဖြစ်၍ ဦးမြင့်ဦး၏ အတိအလင်း သဘောတူညီချက်မရှိဘဲ ရောင်းချခြင်း အပါအဝင် တစ်နည်းနည်းဖြင့် စီမံဆောင်ရွက်ခြင်းမပြုလုပ်ရန်နှင့် လိုက်နာမှုမရှိပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ချက်အရ-**

**ဦးတင်အေး(တရားလွှတ်တော်ရှေ့နေ)**
**၁၄၉၊ မြေညီ၊ လမ်း၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၅၇၈၂၁**

## မယ်ဖှာ့လုံဖောင်ဒေးရှင်းမှ လူနာတင်ယာဉ်လှူဒါန်း

**တာချီလိတ် ဇွန် ၁၇**

တာချီလိတ်မြို့ ပြည်သူ့ဆေးရုံသို့ ငွေကျပ်သိန်း ၁၀၀ ခန့် တန်ဖိုးရှိသော Nissan Truck အရေးပေါ် လူနာတင်ယာဉ်တစ်စီးကို ထိုင်းနိုင်ငံ မယ်ဖှာ့လုံဖောင်ဒေးရှင်းက ဇွန် ၁၂ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။

လှူဒါန်းပွဲအခမ်းအနားကို ဆေးရုံဝင်းအတွင်းရှိ အစည်းအဝေးခန်းမဆောင်၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက အမှာစကားပြောကြားပြီး မယ်ဖှာ့လုံဖောင်ဒေးရှင်း ညွှန်ကြားရေးမှူး ဦးခမ်းအောင်က အရေးပေါ် လူနာတင်ယာဉ်နှင့် ပတ်သက်၍ ဆောင်ရွက်ခဲ့ရသည့် လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လှူဒါန်းသည့် Nissan Truck အရေးပေါ် လူနာတင်ယာဉ်ကို ထိုင်းနိုင်ငံမှ တာချီလိတ်အထိ အကျိုးဆောင်ဆောင်ရွက်ခဲ့သူ တာချီလိတ်နှင့်မိုင်းဆတ်ခရိုင် စီမံကိန်းမန်နေဂျာ ဦးအာဗေလနှင့် မယ်ဖှာ့ လုံဖောင်ဒေးရှင်းမှ ညွှန်ကြားရေးမှူး ဦးခမ်းအောင်တို့ကအရေးပေါ် လူနာတင်ယာဉ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို အလှူရှင်များကိုယ်စားပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် တာချီလိတ်ပြည်သူ့ဆေးရုံမှ အရိုးအထူးကုဆရာဝန်ကြီး ဒေါက်တာကြီးမြင့်သိန်းက လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အခမ်းအနားသို့ တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဝင်းထွန်း၊ တာချီလိတ်မယ်ဖှာ့လုံဖောင်ဒေးရှင်းမှ ညွှန်ကြားရေးမှူး ဦးခမ်းအောင်နှင့် စီမံကိန်းဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တာချီလိတ်ပြည်သူ့ဆေးရုံမှ အရိုးအထူးကုဆရာဝန်ကြီး ဒေါက်တာကြီးမြင့်သိန်းနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

**မြင့်မိုရ်(တာချီလိတ်)**

## ရွှေစည်းခုံစေတီတော် အုတ်မြစ်စီမင်္ဂလာနှင့် စက္ခုဒါနဆေးရုံ မြေသန့်မင်္ဂလာအခမ်းအနားကျင်းပ

**မိုးကုတ် ဇွန် ၁၇**

မိုးကုတ်မြို့ တောင်ကချင်ရပ် သီတဂူဓမ္မဝိဟာရ ကျောင်းတိုက်အတွင်း သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ဆရာတော် ဒေါက်တာအရှင်ဉာဏိဿရဦး ဆောင်၍ တည်ထားကိုးကွယ်မည့် ရွှေစည်းခုံပုံတူစေတီတော်အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို ဇွန် ၁၂ ရက်က မိုးကုတ်မြို့ တောင်ကချင်ရပ်ရှိ သီတဂူဝိဟာရ ကျောင်းဝင်းအတွင်း၌ ကျင်းပခဲ့သည်။

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက ဩဝါဒကထာများမြွက်ကြားတော်မူပြီး ဆရာတော်ကြီးနှင့်တကွ ကြွရောက်တော်မူကြကုန်သော ရဟန်းသံဃာများက မြတ်စွာဘုရားဟောကြားတော်မူသော မင်္ဂလသုတ်နှင့် မေတ္တသုတ်တံများအား ရွတ်ဖတ်ပူဇော်ကြကာ ရွှေစည်းခုံဘုရား တည်ထားကိုးကွယ်မည့် မြေနေရာ၏ မင်္ဂလာထောင့်များတွင် ဆရာတော်ကြီးနှင့် ဆရာတော်များ၊ မိုးကုတ်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဥက္ကာနှင့် အလှူရှင် ခိုင်သစ္စာကျောက်မျက်ကုမ္ပဏီမိသားစုတို့က ရတနာအုတ်မြှုပ်နှံခြင်းနှင့် အုတ်မြစ်ချမင်္ဂလာကို ကျင်းပခဲ့ကြသည်။ ထို့နောက် ဆရာတော်ကြီးနှင့် သံဃာတော်များ၊ ဧည့်ပရိသတ်များသည် သီတဂူခိုင်သစ္စာ စက္ခုဒါနဆေးရုံတော် ဆောက်လုပ်မည့်မြေနေရာသို့ သွားရောက်ပြီး မြေသန့်မင်္ဂလာ အခမ်းအနားကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ စေတီမှာ ယခင်ကတည်ထားကိုးကွယ်ထားသည့် ကမ္ဘာလုံးရုပ်တော်မူ ရုပ်ပွားတော်အပေါ်တွင် ခြုံငုံ၍ ရွှေစည်းခုံပုံတူစေတီတော် ထပ်မံတည်ထားခြင်း ဖြစ်ကြောင်း သိရသည်။ အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**နေဝါ(မိုးကုတ်)**

## သတင်းတို

### မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲကျင်းပ

**မိုးနဲ ဇွန် ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲအခမ်းအနားကို ဇွန် ၁၆ ရက်က အခြေခံပညာအထက်တန်းကျောင်း ပုလဲဆောင်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဖိုးလှက အမှာစကားပြောကြားပြီး မြို့နယ်စခန်းမှူး ဒုရဲမှူးဝင်းထိန်က မူးယစ်ဆေးသုံးစွဲခြင်း၏ ဆိုးကျိုးများ အကြောင်းကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးချစ်ဦးမောင်က ပြစ်မှုနှင့်ပြစ်ဒဏ်များကိုလည်းကောင်း၊ မြို့နယ်လက်ထောက်ဆရာဝန် ဒေါက်တာဆုမွန်ကြည်က မူးယစ်ဆေးနှင့် ကျန်းမာရေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်တရားသူကြီး ဦးဇော်မင်းနိုင်က မူးယစ်ဆေးဝါးဆိုင်ရာ ဆိုးကျိုးများကိုလည်းကောင်း ဟောပြောခဲ့ကြသည်။ ဟောပြောပွဲသို့ ဒေသခံလူငယ်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဆောင်ရွက်

**စစ်တွေ ဇွန် ၁၇**

စစ်တွေမြို့ ပြည်တော်သာရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကို ဇွန် ၁၄ ရက်က ဆောင်ရွက်ခဲ့သည်။

ပြည်နယ်ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာစံကျော့ခိုင်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး(ငြိမ်း) ဒေါက်တာကျော့သာစိန်တို့က သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ခြင်းဆိုင်ရာများ၊ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုကိုစတင်သည့် ခြင်ကျားများ မခိုအောင်းနိုင်စေရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အသိပညာပေးဟောပြောသည်။ ထို့နောက် ခြင်ထောင်နှင့် ကျောင်းပြတင်းပေါက်လိုက်ကာများအား စနစ်တကျ ဆေးစိမ်နည်းတို့ကို သရုပ်ပြသပြီးနောက် ကျောင်းပတ်ဝန်းကျင်အတွင်း ခြင်များခိုအောင်းနိုင်သော ချုံများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ကျောင်းစာသင်ခန်းများကို ခြင်ဆေးဖျန်းစက်နှစ်လုံးဖြင့် ခြင်ဆေးဖျန်းခြင်း၊ အမှိုက်သရိုက်နှင့် အညစ်အကြေးများ ရှင်းလင်းဖယ်ရှားခြင်းများ၊ ရေကန်များသို့ အဘိတ်ဆေးခတ်ခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## စပါးစိုက်ခင်း ပိုးမွှားကာကွယ်နှိမ်နင်းရေး နည်းပညာများ လက်တွေ့သရုပ်ပြ

**မြစ်သား ဇွန် ၁၇**

မြစ်သားမြို့နယ်အတွင်း ယခုနှစ် စပါးစိုက်ရာသီတွင် စိုက်ခင်းများအတွင်း ကျရောက်လျက်ရှိသော ရောဂါပိုးမွှားများ ကာကွယ်နှိမ်နင်းရေးအတွက် ရောဂါပိုးမွှားကာကွယ်နှိမ်နင်းရေး နည်းပညာများနှင့် လက်တွေ့ဆောင်ရွက် သရုပ်ပြခြင်းကို ဇွန် ၁၃ ရက်က ရွာခိုင်ကြီးကျေးရွာမှ တောင်သူ ဦးကျော်ကွန့်၏ ပုလဲသွယ်စပ်မျိုးစပါး သုံးဧကစိုက်ကွင်း၌ ကျင်းပခဲ့သည်။ သရုပ်ပြပွဲတွင် တက်ရောက်လာသူ တောင်သူများအား စပါးစိုက်ကွင်းများတွင် ကျရောက်တတ်သောပိုးမွှားရောဂါများအကြောင်း၊ ပိုးသတ်ဆေး အသုံးပြုပုံ ပြုနည်း၊ ရောဂါပိုးမွှားများ ဆေးယဉ်ပါးမှု မဖြစ်အောင် အထူးဂရုပြုပြီး ပိုးမွှားကာကွယ်နှိမ်နင်းခြင်းတို့ကို သရုပ်ပြခဲ့သည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**


# ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဗိုလ်မှူးတင်လှိုင်-ဒေါ်ခင်မျိုးသန့်တို့၏ သားငယ် **မောင်ဇင်မျိုး တင် ဆ၁၈-၁၁၉ (ခြောက်ဘာသာဂုဏ်ထူး) (ဘာသာစုံဂုဏ်ထူး)** ဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။

**ဦးဦး - ဦးအောင်နိုင် (စစစ)မုံရွာ-ဒေါ်ခင်နုနု**

**အန်တီကြီး - ဦးမြင့်လွင်-ဒေါ်ဝင်းဝင်းမော်**

**အန်တီငယ် - ဦးလှမိုး(တာယာစက်ရုံ-သထုံ)-ဒေါ်ဝေဝေကြူ**

## အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ကျန်စစ်သားစက်မှုဇုန်(ယခင်သိမ်ကျောင်းရှမ်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၄၅၅ဘီ)၊ မြွေဟောက်ကုန်း၊ ဦးပိုင်အမှတ် (၅/၁)၊ ဧရိယာ ၂ ဒသမ ၀၂ ဧကရှိ မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ကွယ်လွန်သူဦးဘလှ(ဘ)ဦးချမ်းသာအမည်ပေါက်ဖြစ်ပြီး အမွေခံသားသမီးနှင့်မြေးအားလုံးတို့က ဦးဘလှ၏ဆန္ဒအတိုင်း ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်)၊ သရက်ပင်ချောင်ကျေးရွာ၊ သာသနဂုဏ်ရောင်ကျောင်းတိုက်ဆရာတော် အရှင်ဂုဏိဿရ [သာသနာဝင်အမှတ် ၁၂/ဗဟန(သ)၀၀၂၈၆၂] လက်ဝယ်သို့ ၂၇-၉-၂၀၁၃ ရက်က လှူဒါန်းထားခဲ့ပြီးဖြစ်သည့် ပစ္စည်းဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဦးတင်အေး**

**တရားလွှတ်တော်ရှေ့နေ**

**၁၄၉၊ လမ်း ၄၀၊ (၉)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း-၀၉-၅၀၅၇၈၂၁**

## လယ်တီစံမဟာစည်သာသနာ့ရိပ်သာ ဝါတွင်း(တစ်လ)အထူးတရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မဟာညောင်ကုန်းကျောင်းတိုက်၊ လယ်တီစံမဟာစည် သာသနာ့ရိပ်သာတွင် (ဝါဆိုလပြည့်နေ့ ၁၁-၇-၂၀၁၄ ရက်မှ ဝါခေါင်လပြည့်နေ့ ၁၀-၈-၂၀၁၄ ရက်)ထိ ဝါတွင်း(တစ်လ) အထူးတရားစခန်းပွဲကြီးကို ကမ္ဘာ့သာသနာပြုအကျော် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မဟာသတိပဋ္ဌာန်တရားတော်များကို မဟာစည်နာယက ဆရာတော်ကြီးများနှင့် လယ်တီစံဆရာတော်များမှ ဟောကြားပြသပါမည်။

တရားစခန်း ဝင်ရောက်အားထုတ်လိုကြသော ယောဂီသူတော်စင်များသည် ကြိုတင်စာရင်းပေးသွင်းနိုင်ကြပါပြီ။ မိမိတို့စွမ်းနိုင်သမျှ အားလပ်သည့်ရက်များတွင် ဝင်ရောက်အားထုတ်နိုင်ပါသည်။ (ဝါဆိုလဆန်း ၁၄ ရက်၊ ၁၀-၇-၂၀၁၄ ရက်) ညနေ ၄း၀၀နာရီအရောက် ကြွရောက်ပါရန်အသိပေးအပ်ပါသည်။

ယခုလို (သီလ-သမာဓိ-ပညာ) ကုသိုလ်ပွဲကြီးတွင် သဒ္ဓါကြည်လင်ပါရမီ ကုသိုလ်ရှင်များသည် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ အအေးများကို ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြပါသည်။

**အကျိုးတော်ဆောင်အဖွဲ့**

**လယ်တီစံမဟာစည်သာသနာ့ရိပ်သာ**

**ပုဇွန်တောင်၊ ဖုန်း-၀၁-၂၀၁၆၃၄**

## ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ နယ်မြေ ၃၊ အိမ်နံပါတ် ၇၈နေ ကျွန်တော်ဦးဟန်မောင်ရင် ၁၃/လရန(နိုင်)၀၃၀၃၅၁၏ ဇနီးဖြစ်သူ ဒေါ်အောင်မေ ၁၃/လရန(နိုင်)၀၁၂၈၃၆သည် ၂၅-၆-၂၀၁၀ ရက်တွင် မိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားရာ ယခုအချိန်ထိ ပြန်လည်ဆက်သွယ်လာခြင်းမရှိပါ၍ ၎င်းအားယင်းနေ့မှပင် ကျွန်တော်၏ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စရပ်များအား လုံးဝတာဝန်ယူမည်မဟုတ်ပါကြောင်း။ မေးမြန်းစုံစမ်းခြင်းသည်းခံပါ။

**ဦးဟန်မောင်ရင်**

### ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း

## ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်း-၂၂)**

**မန္တလေးခရိုင်တရားရုံးတော်၌**

**၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၈၁ နှင့်ဆက်သွယ်သည့်**

**၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၆၀**

၁။ ဒေါ်ဝင်း **နှင့်** ဦးစိုးသိန်း

၂။ ဦးအောင်ကျော်ထွန်း

**ဒီကရီအနိုင်ရသူများ** **တရားရှုံး**

ဦးစိုးသိန်း အကွက် ၃၆၂၊ သူရဲကျော်ရပ်၊ စိန်ပန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၃၈၁တွင် ရရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ဝင်း ပါ(၂)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြနိုင်သည့် အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင် ၇ရက် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဇွန် ၁၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ခင်မြင့်မြင့်**

**တွဲဖက်ခရိုင်တရားသူကြီး(၄)**

**မန္တလေးခရိုင်တရားရုံး**

**ပြည်တွင်းသတင်းနှင့်ကြော်ငြာ**

# ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ ပြည်သူ့ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေး

**ပြင်ဦးလွင် ဇွန် ၁၇**

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနများဖြင့် ပါဝင်ဖွဲ့စည်းထားသော ပို့ဆောင်ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးကော်မတီသည် ပြည်သူများ၏ဆန္ဒ၊ လိုအပ်ချက်များ၊ ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကိုသိရှိပြီး ပိုမိုထိရောက်အောင်မြင်စွာ အမြန်ဆုံးဖြေရှင်းဆောင်ရွက်သွားနိုင်ရန်ရည်ရွယ်၍ ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည့် ပြင်ဦးလွင်ခရိုင်အတွင်းရှိ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲကို ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ ဇွန် ၁၆ ရက်က ကျင်းပခဲ့သည်။

ဆပ်ကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့်၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် မန္တလေးတိုင်းဒေသကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းတို့က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ ပြင်ဦးလွင်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီအဖွဲ့ဝင် ဦးလူတင်၊ မတ္တရာမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်း၊ စဉ့်ကူးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ မိုးကုတ်မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းရွှေနှင့် သပိတ်ကျင်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌတို့က မြို့နယ်များအတွင်း ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းဆိုင်ရာများ၊ ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်းသည့် လိုအပ်ချက်များကိုတင်ပြကြရာ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းကျေလည်သည်အထိ ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး ဆပ်ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို ဆပ်ကော်မတီသို့ မေးမြန်းနိုင်ပြီး မေးမြန်းလိုပါက ရုံးအမှတ် (၁၁) နေပြည်တော် တယ်လီဖုန်းအမှတ် ဝ၆၇-၄ဝ၇၃၅၉ သို့ စာဖြင့်လည်းကောင်း၊ အီးမေးလ်ဖြင့်လည်းကောင်း၊ ပို့ဆောင်ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆပ်ကော်မတီ (Delivery Unit ) လူမှုကွန်ယက် facebook စာမျက်နှာသို့လည်းကောင်း ပေးပို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(၄၃၂)

# ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးကွင်းဆင်းဆောင်ရွက်

**ဟားခါး ဇွန် ၁၇**

ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဦးဟုန်းငိုင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဖလမ်း၊ တီးတိန်၊ တွန်းဇံမြို့နယ်များ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဇွန် ၁၂ ရက်မှ ၁၄ ရက်အထိ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

**ဖလမ်းမြို့နယ်**

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇွန် ၁၂ ရက်က ဖလမ်းမြို့နယ်၊ လုံပီးကျေးရွာသို့ရောက်ရှိပြီး ကျောင်းဆောင်ဟောင်း ပြန်လည်ပြုပြင်ရေးနှင့် အလယ်တန်းကျောင်းအဆင့်တိုးမြှင့်ရေး ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေး၍ လိုအပ်သည်များ မှာကြားသည်။ ထို့နောက် တီးတိန်မြို့သို့ဆက်လက်ထွက်ခွာပြီး တီးတိန်မြို့၌တိုးချဲ့တည်ဆောက်မည့် ရိပ်သာမြေနေရာကို ကြည့်ရှု၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

**တွန်းဇံမြို့နယ်**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တွန်းဇံမြို့နယ်သို့ ရောက်ရှိပြီး မီးလောင်ကျွမ်းဆုံးရှုံးခဲ့သည့် မြို့နယ်ပညာရေးမှူးရုံး မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇွန် ၁၃ ရက်က ခြောက်ခန်းတွဲရိပ်သာ တည်ဆောက်မည့်မြေနေရာကို ရွေးချယ်သတ်မှတ်ပြီး ဒေသခံမြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲကျင်းပရာ ဝန်ကြီးချုပ်က မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်မတီသုံးရပ်အား အစိုးရကိုယ်စား တာဝန်လွှဲအပ်ပြီးဖြစ်ရာ ကော်မတီများအနေဖြင့် မဖြစ်မနေ ပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များမှာကြားသည်။ ထို့နောက် မြို့မိမြို့ဖများ၏ မေးမြန်းတင်ပြချက်အပေါ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆွေးနွေးဖြေကြားသည်။

**တီးတိန်မြို့နယ်**

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တီးတိန်မြို့နယ် ဆိုင်းဇန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ပွဲသို့ တက်ရောက်ချီးမြှင့်သည်။ ရှေးဦးစွာ ပြည်နယ်လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ကျောင်းအဆင့်တိုးမြှင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က အခြေခံပညာအထက်တန်းကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်လူမှုရေးဝန်ကြီးဒေါက်တာဘမောင်၊ ပြည်နယ်ဘဏ္ဍာအခွန်ဝန်ကြီး ဦးနန်ဇမုန်နှင့် ပြည်နယ်ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးအွန်တွာလ်တို့က ပညာရေးဆိုင်ရာများ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တီးတိန်မြို့နယ် မွာလ်ဇန်ကျေးရွာကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုကို သွားရောက်စစ်ဆေးသည်။

**တွန်းဇံမြို့နယ်**

ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇွန် ၁၄ ရက်တွင် တွန်းဇံမြို့နယ် ဆွောင်းပက်ကျေးရွာအုပ်စု တွီးခါလ်ကွင်းရှိ ပေါင်းစည်းလယ်ယာကို ကြည့်ရှုစစ်ဆေးပြီး လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော တွန်းဇံမြို့နယ် ခွန်နွေးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသို့ သွားရောက်စစ်ဆေးကာ ပျက်စီးသွားသော အမိုး၊ အကာ၊ သွပ်ပြားများ ပြုပြင်ရန်အတွက် အလှူငွေကျပ် ၁၂ သိန်းပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချင်းပြည်နယ် ခိုင်ကမ်းကျေးရွာရှိဘက်စုံမွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

# ဝက်လက်၌ နယ်လှည့်စာကြည့်တိုက်နှင့် စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲ ဆောင်ရွက်

**ဝက်လက် ဇွန် ၁၇**

ရွှေဘိုခရိုင် ဝက်လက်မြို့နယ်အတွင်းရှိ ကျေးရွာပြည်သူများ စာပေဖတ်ရှုနိုင်ရန်နှင့် အသိပညာဗဟုသုတများရရှိစေရန်အတွက် နယ်လှည့်စာကြည့်တိုက်နှင့် စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲကို ဇွန် ၁၁ ရက်က ဝက်လက်မြို့နယ် ရွှေတောင်ကျေးရွာ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဝက်လက်မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းမြင့်နှင့် ဝန်ထမ်းများက ကျေးရွာပြည်သူများ စာပေဖတ်ရှုနိုင်ရန်အတွက် သုတရသစာအုပ်များကို ကျေးရွာအရောက်သွားရောက်ငှားရမ်းပေးပြီး မြို့နယ်ဦးစီးမှူးက စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာပေ၏အကျိုးကျေးဇူး၊ စာပေဖတ်ရှုခြင်းအားဖြင့် မိမိတို့ဘဝ၊ မိမိတို့ကျေးရွာ တိုးတက်လာနိုင်သည်များကို ရှင်းလင်းပြောကြားခဲ့သည်။

**နန်းမြင့်**

# စိုက်ပျိုးရေအတွက် ရေတွင်း ၅၂၈ တွင်း တူးဖော်မည်

**မြင်းခြံ ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်တွင် စိုက်ပျိုးရေရရှိရေးအတွက် စက်ရေတွင်းပေါင်း ၅၂၈ တွင်းကို တင်ဒါစနစ်ဖြင့်ခေါ်ယူပြီး တူးဖော်ပေးသွားရန် စီစဉ်နေကြောင်း သိရသည်။

စက်ရေတွင်းများကို မြင်းခြံမြို့နယ်တွင် တွင်း ၁၀၀၊ တောင်သာမြို့နယ်တွင် တွင်း ၁၃၀၊ နွားထိုးကြီးမြို့နယ်တွင် တွင်း ၁၀၀၊ ငါန်းဇွန်မြို့နယ်တွင် ၁၉၈ တွင်း တူးဖော်ပေးမည်ဖြစ်ကြောင်း သိရသည်။ မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်သည် မိုးနည်းပါးသောဒေသဖြစ်ရာ ယခုနှစ်တွင် ထိုအခက်အခဲများကို နိုင်ငံတော်အစိုးရက ကူညီဖြေရှင်းပေးသည့်အနေဖြင့် မြေအောက်ရေကို အသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နိုင်ရန် စက်ရေတွင်းများကိုတူးဖော်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# သွေးလွန်တုပ်ကွေးကာကွယ်ရေးဆောင်ရွက်

**ငါးသိုင်းချောင်း ဇွန် ၁၇**

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ဇွန် ၁၄ရက်က ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့နယ်ခွဲတွင် ကျန်းမာရေးဌာနက ကြီးမှူး၍ မြို့ပေါ်ရှိ မြို့သစ်အောင်ဆန်းနှင့် ရှေ့ဆောင်ရပ်ကွက်များရှိ လူနေအိမ်များသို့လှည့်လည်၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများဖြစ်သော ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**


## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၁/၁၊ မြေကွက်အမှတ် ၄၁ဝကို မူလအမည်ပေါက် ဒေါ်နော်ဘီဘီ ကိုယ်စား ဒေါ်နီနီမာမှ မြေပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် မြေချပါမစ် (အိမ်ရာဆောက်လုပ်ခွင့်၊ မီးခိုသူစာရင်း) ထုတ်ပေးပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ၁၅ ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**မြေယာရုံးခွဲ(၅)**
**မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဂ/၉၁၆၇ DONG FENG DUMP TRUCK (6x4) L.H.D ယာဉ်လက်ဝယ်ရှိသူ ဧရာရွှေဝါကုမ္ပဏီလီမိတက်မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)**
**ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၈၊ မြေကွက်အမှတ် ၇၅၆၊ မြေကွက်တည်နေရာအမှတ် ၇၅၆၊ ပုလဲကျွန်းလမ်း၊ (၁၈/စီ)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဒေါ်သူဇာဝင်း MYGN-ဝဝ၂၄၆၃အမည်ပေါက် နှစ် ၆ဝ ဂရန်မြေအား အမည်ပေါက် ဒေါ်သူဇာဝင်း ထံမှSp၁၃၇၁၃(၂၉-၁၁-၁ဝ)ရသူ ဒေါ်ကေသွယ်စိုး ၁၂/သဃက(နိုင်)ဝ၈၈၂ဝ၆မှ နှစ် ၆ဝ ဂရန် ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာများတင်ပြပြီး ဂရန်မိတ္တူလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/အနောက်၊ မြေကွက်အမှတ် ၂၃၃/က၊ မြေကွက်တည်နေရာအမှတ် ၂၃၃/က၊ ဇမ္ဗူသီရိ ၈ လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ် ဦးမြအုန်း၊ ဒေါ်ရင်မြအမည်ပေါက် နှစ် ၆ဝ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးမြအုန်း(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူဒေါ်ရင်မြ KYN-ဝ၁၉၅၄၃မှ သေစာရင်း၊ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ

## လျှောက်ထားကြောင်း အကြောင်းကြားစာ

**(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ-၃၇၃)**
**မန္တလေးခရိုင်တရားရုံးတော်၌**
**၂၀၁၄ ခုနှစ်၊ တရားမအသေးအဖွဲ့မှုအမှတ်-၅၉**

ကွယ်လွန်သူ ဦးကျော်သူလွင်(ခ)ဦးကျော်စိုး ၉/မရတ(နိုင်)ဝ၀၃၇၆၆ (ဘ)ဦးသိန်းလွင်၌ ကျန်ရှိရစ်သော ပစ္စည်းများအကြောင်း

**ဒေါ်ခင်မျိုးဟန် ၅/ဟမလ(နိုင်)ဝဝဝဝ၅၂ လျှောက်ထားသူ**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်(တ-၅/၉ဝ)၊ ခတ္တာလမ်း၊ ၆၃×၆၄ လမ်းကြားနေ ဒေါ်ခင်မျိုးဟန်က ကွယ်လွန်သူ ဦးကျော်သူလွင်(ခ)ဦးကျော်စိုး၏ ဇနီးအရင်းဖြစ်သည်ဟူ၍ ဖော်ပြပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဦးကျော်သူလွင်(ခ)ဦးကျော်စိုးမှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံ လက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာကို ရလိုကြောင်း ဤရုံး၌ လျှောက်ထားချက် ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးကျော်သူလွင်(ခ)ဦးကျော်စိုးမှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးတော်သို့ ၂၀၁၄ ခုနှစ် ဇွန်လ ၂၇ရက် (၁၃၇၆ ခုနှစ် ဝါဆိုလဆန်း ၁ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်ခင်မျိုးဟန်၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့်မရသင့် သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ်တွင် ဇွန် ၁၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုးစိုး)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မန္တလေးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မန္တလေးခရိုင်တရားရုံးတော်၌**
**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၂၀၅**

ဒေါ်မေရီ **နှင့်** ဦးညွန့်မင်း(ခ)ဦးတင်ငွေ
**တရားလို** **တရားပြိုင်**

ဦးညွန့်မင်း(ခ)ဦးတင်ငွေ (ဘ)ဦးလီယုတ်ဖန်(ခ)ဦးတင်ရွှေ ၂၆×၂၇ လမ်းကြား၊ ၇၅×၇၆ လမ်းကြား၊ စော်ဘွားကြီးဝင်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့နေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မေရီက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင်၇ရက်(၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဇွန် ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မြင့်မြင့်)**
**တွဲဖက်ခရိုင်တရားသူကြီး(၄)**
**မန္တလေးခရိုင်တရားရုံး**

## လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

# လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်နေ
ဒေါက်တာ ဦးသိန်းအောင် - ဒေါ်ခင်ကြည်ကြည်တို့၏သားငယ်၊
ကိုသူရ-မမေဇော်ချိုထွန်းအောင်တို့၏ညီငယ်
**မောင်ကျော်စွာ**
**B.C.Sc(Hons:)UCSY**
**Director(Myanmar Finest Automobile)**
**နှင့်**
ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ
ဦးစိုးမြင့်သန်း-ဒေါ်မြသီတာတို့၏ သမီးငယ်၊
ကိုရန်နိုင်စိုး-မအိုပြည့်စုံတို့၏ညီမငယ်
**မလေးစိုးသက်(ခ)ဝါဆို**
**Diploma in Quality Engineering & Management**
**(Temasek Polytechnic Singapore)**
**Machanical Engineering(Final Year, University of South Australia)**

တို့သည် ၁၂-၆-၂၀၁၄ ရက်တွင် ရန်ကုန်မြို့ Dusit Inyalake Hotel ၌ နှစ်ဖက်သောမိဘများ၊ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ကမာရွတ်မြို့နယ် တရားသူကြီး ဦးခင်ဇော်ဦးတို့၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးလက်ထပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ကျော်စွာ-မလေးစိုးသက်(ခ)ဝါဆို**

# သင်္ဘောသားများနေ့ Day of the Seafarer 2014 အခမ်းအနားကျင်းပတော့မည်

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ် (Myanmar Seamen's Federation)နှင့် မြန်မာနိုင်ငံရှိ ရေကြောင်းဘက်ဆိုင်ရာ အဖွဲ့အစည်းများပူးပေါင်း၍ သင်္ဘောသားများနေ့ (Day of the Seafarer 2014)အထိမ်းအမှတ်ပွဲကို အောက်ပါအစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

သင်္ဘောသားမိသားစုဝင်များအားလုံး ပျော်ရွှင်စွာလာရောက်ဆင်နွှဲနိုင်ရေးအတွက် သင်္ဘောသားမိသားစုများအနေဖြင့် တက်ရောက်မည့် မိသားစုအမည်စာရင်းကို အဖွဲ့ချုပ်ရုံးတည်ရှိရာ အမှတ် ၅၃၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၁-၃၇၅၈၂၀၊ ၀၁-၃၉၂၀၇၆၊ ၀၁-၃၈၁၅၉၂တို့သို့ ဆက်သွယ်၍ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ၁၉-၆-၂၀၁၄ ရက် နောက်ဆုံးထား၍ ဖိတ်စာများ လာရောက်ထုတ်ယူနိုင်ပါကြောင်း လေးစားစွာဖိတ်ကြားအပ်ပါသည်။ အထိမ်းအမှတ်ပွဲနေ့တွင် ကြွရောက်လာသည့် သင်္ဘောသားမိသားစုများအတွက် ဖျော်ဖြေရေးအစီအစဉ်များ၊ ကံစမ်းမဲအစီအစဉ်များ၊ နေ့လယ်စာအကျွေးအမွေးများဖြင့် တည်ခင်းဧည့်ခံပါမည်။

**အခမ်းအနားအစီအစဉ်**

**ရက်စွဲ** - ၂၀၁၄ ခုနှစ် ဇွန် ၂၂ ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၁၀း၀၀နာရီမှ ၁၄း၀၀ နာရီအထိ
**နေရာ** - Lion City Restaurant၊ အမှတ် F/9 ရွှေမာလာရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး
မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်(အရှေ့)

**မှတ်ချက် - တက်ရောက်မည့်သူများအနေနှင့် စီဒီစီမိတ္တူ၊ သင်္ဘောသားမိသားစုဝင်ဖြစ်ကြောင်း အထောက်အထားယူဆောင်၍ ဖိတ်စာများ လာရောက်ထုတ်ယူနိုင်ပါသည်။**

**သင်္ဘောသားနေ့အခမ်းအနားအလှူရှင်စာရင်း**

| စဉ် | ကုမ္ပဏီအမည် | အလှူငွေ |
|---|---|---|
| (၁) | Uniteam Marine Co.,Ltd. | ကျပ်ငွေ သိန်း ၂၀ |
| (၂) | Class NK (Japan) | အမေရိကန်ဒေါ်လာ ၂၀၀၀ |
| (၃) | ကပ္ပတိန်ကိုကိုနိုင် PGI MTC (JOKOMO) | ကျပ်ငွေ ၅ သိန်း |
| (၄) | ကပ္ပတိန်ထွန်းဦး (Bernhard Schulte Co;) | ကျပ်ငွေ ၅ သိန်း |
| (၅) | လူမှုထူးချွန်ဒေါက်တာရဲအောင်(တွဲဖက်ဘဏ္ဍာရေးမှူး) | ကျပ်ငွေ ၃ သိန်း |
| (၆) | မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း(သင်တန်းဌာန) | ကျပ်ငွေ ၃ သိန်း |
| (၇) | Monsoon Co; | ကျပ်ငွေ ၃ သိန်း |
| (၈) | ကပ္ပတိန်ဆန်းဦး Trade Wind | ကျပ်ငွေ ၃ သိန်း |
| (၉) | Miraco's Marine Co.,Ltd. | ကျပ်ငွေ ၃ သိန်း |
| (၁၀) | ဦးညီညီနိုင် Wealth Ocean International Co.,Ltd. | ကျပ်ငွေ ၃ သိန်း |
| (၁၁) | ကပ္ပတိန်သန်းနိုင်ထွန်း (MTM Co;) | ကျပ်ငွေ ၃ သိန်း |
| (၁၂) | ဦးခင်မောင်သန်း (Ray Shipping) | ကျပ်ငွေ ၃ သိန်း |
| (၁၃) | ကပ္ပတိန်ငွေးမြင့် | ကျပ်ငွေ ၂ သိန်း |
| (၁၄) | ဦးတင်မောင်ခင် (Mariner Enterprises Ltd | ကျပ်ငွေ ၂ သိန်း |
| (၁၅) | SAMHO SHIPPING CO.,LTD. | ကျပ်ငွေ ၂ သိန်း |
| (၁၆) | ကပ္ပတိန်ဘညာဏ် (Kyawt Chan Khant., Seafarer Recruitment & Placement Service Provider)., | ကျပ်ငွေ ၁ သိန်း |
| (၁၇) | ကပ္ပတိန်ထွတ်ထွတ်(အထွေထွေအတွင်းရေးမှူး MSF) | ကျပ်ငွေ ၁ သိန်း |
| (၁၈) | ဦးစိုးနိုင်(တွဲဖက်အထွေထွေအတွင်းရေးမှူး MSF) | ကျပ်ငွေ ၁ သိန်း |
| (၁၉) | ကပ္ပတိန်ဝင်းနိုင်ညွှန့် (MSF) | ကျပ်ငွေ ၁ သိန်း |
| (၂၀) | ကမ္ဘာ့သင်တန်းကျောင်း | ကျပ်ငွေ ၁ သိန်း |
| (၂၁) | ဦးခင်စော (Image Training Center) | ကျပ်ငွေ ၁ သိန်း |
| (၂၂) | ဦးတင်ဇော်အောင် (Sea Crown Co;) | ကျပ်ငွေ ၁ သိန်း |
| (၂၃) | ဦးအောင်ကျော် (Saint. Johns Shipmanagement Ltd.) | ကျပ်ငွေ ၁ သိန်း |
| (၂၄) | ဦးဝင်းငွေ (Myanma Ocean Win Services Co.,Ltd.) | ကျပ်ငွေ ၁ သိန်း |
| (၂၅) | ကပ္ပတိန်မျိုးချစ် (Fellow Seafarers' Welfare Group) | ကျပ်ငွေ ၁ သိန်း |
| (၂၆) | PISCES Maritime Services Co; & REEDEREI NORD GROUP | ကျပ်ငွေ ၁ သိန်း |
| (၂၇) | ဦးရဲသီဟထွန်း (Young Top Tycoon International Co.,Ltd.) | ကျပ်ငွေ ၄၅၀၀၀ |

**အခမ်းအနားကျင်းပရေးဦးစီးကော်မတီ**

# ရောင်းရန်ကြော်ငြာစာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**မိတ္ထီလာခရိုင်တရားရုံး**
**၂၀၁၃ ခုနှစ် ဇာရီမှုအမှတ်-(၃၅)**

မန်နေဂျာ နှင့် ၁။ ဦးမျိုးဦး
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်တင်နွဲ့
သာစည်မြို့။
**တရားနိုင်** **တရားရှုံးများ**

၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၄၂တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းများကို ၂၀၁၄ခုနှစ် ဇူလိုင် ၁၈ရက် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော်၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းများစာရင်း**

၁။ သာစည်မြို့၊ ရွာကြီးကျေးရွာ၊ ကွင်းအမှတ် (၁၈၁၀/ရွာကြီးအနောက်)၊ ဦးပိုင်အမှတ် ၆၉၊ မြေကွက်အမှတ် ၆၉၊ ဧရိယာ ၀ ဒသမ ၂၈၈ ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ (၃၁×၂၈)ပေ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း၊ လူနေနှစ်ထပ်တိုက်၊ (၂၀×၂၀)ပေ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း၊ မီးဖိုချောင်၊ (၇၀×၁၆)ပေ သွပ်မိုး၊ အုတ်နံကပ်၊ ကွန်ကရစ်ခင်း၊ ရက်ကန်းစက်ရုံ၊ (၃၅×၂၂)ပေ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း ရဟတ်ရုံ၊ (၂၀×၁၂)ပေ သွပ်မိုး၊ အုတ်ကာ၊ ပျဉ်ခင်းဂိုဒေါင်နှင့် စက်ပစ္စည်းများအားလုံး။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၇၀၀**

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင် ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၄ ခုနှစ် ဇွန် ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ငွေးဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မိတ္ထီလာခရိုင်တရားရုံး**

# ရောင်းရန်ကြော်ငြာစာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**မိတ္ထီလာခရိုင်တရားရုံး**
**၂၀၁၃ ခုနှစ် ဇာရီမှုအမှတ်-၃၃**

မန်နေဂျာ နှင့် ၁။ ဦးစံထွန်း
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်ဝင်းတင်
သာစည်မြို့။
**တရားနိုင်** **တရားရှုံးများ**

၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၄၃ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းများကို ၂၀၁၄ခုနှစ် ဇူလိုင် ၁၈ ရက် (၁၃၇၆ ခုနှစ် ဝါဆိုလပြည့်ကျော်၇ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းများစာရင်း**

သာစည်မြို့၊ ရွာကြီးကျေးရွာ၊ကွင်းအမှတ်(၁၈၁၀/ရွာကြီးတောင်)၊ဦးပိုင်အမှတ်-၁၈၊ မြေကွက်အမှတ်၁၉၊ ဧရိယာ၀ဒသမ ၂၅ဧကရှိမြေနှင့်ယင်းမြေပေါ်ရှိအကျိုးခံစားခွင့်အားလုံး။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၇၀၀။**

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင် ရောင်းချမည့်ရက်မတိုင်မီရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၄ ခုနှစ် ဇွန် ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ငွေးဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မိတ္ထီလာခရိုင်တရားရုံး**

## ဖခင်အမည်မှန်

အထက ပေါက်ခေါင်း တက္ကသိုလ်ဝင်တန်း(ခ)မှ မဆွေဇင်သက်၏ ဖခင်အမည်မှန်မှာ ၇/ပခတ(နိုင်)၀၆၁၂၃၆အရ ဦးအောင်ဆွေဦး ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ လွယ်ဂျယ်မြို့နယ်ခွဲ အထကကျောင်း ဒုတိယတန်း(B)မှ မောင်ဝေါ်ဝါးဆယ်၏ ဖခင်အမည်မှန်မှာ ဦးချိုင်ပေါ် ၁/မမန(နိုင်)၀၃၈၀၉၁ဖြစ်ပါသည်။ **ဦးချိုင်ပေါ်**
**လွယ်ဂျယ်မြို့နယ်ခွဲ**

## ဖခင်အမည်မှန်

အထက(၂)၊ မြောက်ဥက္ကလာပ၊ တက္ကသိုလ်ဝင်တန်း(D)မှမောင်ဝင်းထွန်းသန်းနှင့် အမှတ်(၂၂) မူလွန်၊ မင်္ဂလာဒုံ ပဉ္စမတန်းမှ မောင်အောင်သူတို့၏ဖခင်အမည်မှန်မှာဦးလွင်ဦး ၁၂/လကန(နိုင်)၀၂၅၆၂၃ဖြစ် ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၅၀၂၈၃ Kenbo-125 ယာဉ်လက်ဝယ်ရှိသူ ဦးခိုင်စိုးဟန် ၉/ပမန(နိုင်)၁၇၃၅၇၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (နေပြည်တော်)**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၆/ရှေ့၊ မြေကွက်အမှတ်၁၀၃၁/က၊ မြေကွက်တည်နေရာအမှတ် ၁၀၃၁/က၊ အောင်သုခလမ်း၊ (၆)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ချောအမည်ပေါက် နှစ်၆၀ဂရန်မြေအားအမည်ပေါက် ဒေါ်ချော(အပိုကြီး) ဘ၀ဖြင့် ကွယ်လွန်သဖြင့် ကျန်မောင်နှမများဖြစ်ကြသော ဒေါ်ဝင်းကြည် ၁၂/သကတ(နိုင်)၀၀၈၆၃၆နှင့် ဦးစိုးသိန်း ၁၂/သကတ(နိုင်)၀၁၃၇၀၈တို့က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄၊မြေကွက်အမှတ် ၁၀၅၄၊ မြေကွက် တည်နေရာအမှတ် ၁၀၅၄၊ စာဂ ၂၂လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးမောင်မောင်အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးမောင်မောင် (ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်တင်ကြည် ၁၂/ဥကတ(နိုင်)၀၃၃၈၉၅က တစ်ဦးတည်းသောတရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းများ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်တရားရုံး**
**၂၀၁၄ခုနှစ် တရားမကြီးအမှုအမှတ်-(၁၉/၂၀၁၄)**

ဦးလှငွေ နှင့် ၁။ ဒေါ်အေးမြိုင် ၂။ ကိုအောင်ကြီး
၃။ မခိုင် ၄။ မမြင့်မြင့်ခိုင်
၅။ ကိုစိုင်း ၆။ မဘိုမ
၇။ ဒေါ်စန်းနု ၈။ ဒေါ်စိန်ထွေး
၉။ ဒေါ်မြစိန် ၁၀။ ဒေါ်မြင့်မြင့်စိန်
**တရားလို** **တရားပြိုင်များ**

အထက်အမည်ပါ(၄) တရားပြိုင် မမြင့်မြင့်ခိုင်၊ (၅)တရားပြိုင် ကိုစိုင်း၊ (၆) တရားပြိုင် မဘိုမ နတ်တလင်းမြို့နယ် ကံသာအုပ်စု၊ မြို့ခြံရှမ်းစုရွာ၊ ယခုလိပ်စာမသိ သိစေရမည်။

တရားလို ဦးလှငွေမှ သင်တို့အပေါ်၌ အမွေပုံအားအုပ်ထိန်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇွန် ၃၀ရက် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူက တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းနှင့်သင်တို့ကတင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်တကွယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ ကိုယ်စားလှယ်ရှေ့နေလက်တွင်းသို့ ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်ခင်လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇွန် ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးပေးလိုက်သည်။

**(မာမာစိုးရင်) တွဲဖက်မြို့နယ်တရားသူကြီး၊ နတ်တလင်းမြို့**

**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်**

# အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ပဲခူးမြို့ နယ်တရားမရုံးတော်၌**
**၂၀၀၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၅ နှင့်ဆက်သွယ်သည့်**
**၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၅၃**

မန်နေဂျာ နှင့် ၁။ ဦးငွေးအောင်
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်ငွေးငွေးဝင်း
ပဲခူးမြို့။
**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ပဲခူးမြို့၊ အလင်းရောင်(၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ သုခိတာအရက်ပြန်ချက်စက်ရုံ၊ အမှတ် ၂၉၄၊ ၂၉၇နေ (၁) ဦးငွေးအောင်၊ (၂) ဒေါ်ငွေးငွေးဝင်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၅ခုနှစ် တရားမကြီးမှုအမှတ်-၇၅တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်း တစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင် ၂ရက် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၆ရက်) မွန်းမတည့်မီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဇွန် ၁၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သက်ထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပဲခူးမြို့နယ်တရားရုံး**

**ပျောက်ဆုံးကြောင်း**

ကျွန်မ ခင်နှင်းနွယ် ၁၁/မပန(နိုင်)၀၇၉၉၉၂၏ နိုင်ငံကူးလက်မှတ်အမှတ် M၂၄၂၈၄၃မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။
**ထွန်းလင်း ဖုန်း-၀၉-၄၂၀၇၄၁၀၄၉**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်၂၁/အလောင်းဘုရား၊ ဦးပိုင်အမှတ် ၉၅၊ ၉၇၊ ဧရိယာ ၀ ဒသမ ၂၁၁ဧကရှိအစိုးရမြေမျိုးမြေကွက်အား ဦးမြင့်စိုး၉/တကန(နိုင်)၀၀၄၉၂၄ (ဘ) ဦးမောင်မောင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၁/အလောင်းဘုရား၊ ဦးပိုင်အမှတ် ၁၀၈၊ ဧရိယာ ၀ ဒသမ ၁၁၀ဧကရှိ ဦးတင်လှိုင်(ခ)ဦးမောင်လှိုင် အမည်ဖြင့် ပိုင်ဆိုင်သောအစိုးရမြေမျိုး မြေကွက်အား ဦးတင်လှိုင် ၉/တကန (နိုင်)၀၀၇၇၅၉ (ဘ)ဦးကျင်မောင်မှ ပိုင်ဆိုင်ကြောင်းအထောက်အထားများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## စီးပွားရေးနှင့် လူမှုရေးကြော်ငြာ

## ရောင်းရန်ကြော်ငြာစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**

**ပဲခူးခရိုင် နယ်တရားမရုံးတော်၌ ၂၀၁၃ ခုနှစ် ဇာရီအမှတ် ၂၈**

မန်နေဂျာ နှင့် ၁။ ဦးစိန်ဝင်းမောင်
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်နန်းနွမ်းဖြူ
ပဲခူးမြို့။
**ဒီကရီရသူ** **တရားရှုံးများ**

ပဲခူးခရိုင်နယ်တရားရုံးတော်က ၂၀၀၈ခုနှစ် တရားမမှုအမှတ် ၆၅ တွင် စရိတ်များအပါအဝင် ငွေကျပ် ၂၉၆၂၀၇၀၄ ကျပ် ၄၇ ပြားအတွက် ဒီကရီအတည်ဇာရီပြုရာစာရင်း၌ ဖော်ပြထားသောပစ္စည်းများတွင် တရားရှုံးအကျိုးသက်ဆိုင်ခြင်းကို ၂၀၁၄ခုနှစ် ဇူလိုင် ၁၇ရက် (၁၃၇၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်နေရာ လေလံတင်၍ ရောင်းချလိမ့်မည်။

ရောင်းချခြင်းမှာ အများပြည်သူတို့ရှေ့ လေလံတင်ရောင်း၍ ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အစုအပုံများပြုပြီးလျှင် ပစ္စည်းကို ရောင်းချလိမ့်မည်။ ထိုစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အထက်အမည်ပါ တရားရှုံး၏ပစ္စည်းကို ရောင်းချလိမ့်မည်။ အဆိုပါပစ္စည်းပေါ်တွင် တင်ရှိသည့်ကြွေးမြီကစိပတ်တာဝန်များမှာ စုံစမ်းသိသာသမျှ အစုအသီးသီးနှင့်ဆိုင်ရာတည့်တည့် ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်းဖြစ်သည်။

ရောင်းချရာတွင် အများပြည်သူတို့မှာ ကိုယ်တိုင်သော်လည်းကောင်း၊ နေရာတကျအခွင့်အရေးလွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း ဆွဲဝယ်စေရန် ဆင့်ဆိုကြော်ငြာလိုက်သည်။ သို့သော်လည်း အထက်အမည်ပါ တရားနိုင်သော်လည်းကောင်း၊ တရားနိုင်အတွက်သော်လည်းကောင်း ဆွဲဝယ်သည်ကို လက်ခံမည်မဟုတ်သည်သာမက၊ ၎င်းတို့ကို တစ်စုံတစ်ရာရောင်းချခြင်းသည် ရုံးတော်အခွင့်အမိန့်တင်ရင်၍ အတည့်အလင်းမရမရှိလျှင် ခိုင်မာလိမ့်မည်မဟုတ်၊ ရောင်းချရန် နောက်ထပ်စည်းကမ်းချက်များမှာ အောက်၌ဖော်ပြထားသည်။

**ရောင်းချသည့်ပစ္စည်းစာရင်း**

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး ၅၊ မြေတိုင်းအမှတ် ၁၇၊ ဦးပိုင်အမှတ် ၄၁၈/၄၂၀၊ မြေဧရိယာ ၀ ဒသမ ၁၂၄ဧကရှိမြေနှင့် နှစ်ထပ်တိုက်ဟုခေါ်တွင်သော အမှတ် ၄၁၈/၄၂၀၊ သမိန်ဗရမ်းလမ်းသွယ်၊ (၁၇)ရပ်ကွက်၊ ရပ်ကွက်ကြီး ၅၊ ဥဿာမြို့သစ်၊ ပဲခူးမြို့။

**ကြမ်းခင်းဈေး ကျပ်သိန်း ၃၅၀ (ကျပ်သိန်းသုံးရာ့ငါးဆယ်တိတိ)။**

**ရောင်းချရန်နောက်ထပ်စည်းကမ်းချက်များ**

၁။ စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ ရုံးတော်က သတင်းစကားရရှိသိသာနိုင်သမျှဖြစ်သည်။ သို့သော်လည်း ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် ရုံးတော်က တာဝန်ခံမည်မဟုတ်။

**တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်ယူမည့်သူတို့အား အထူးသတိပြုကြရန် နှိုးဆော်လိုက်သည်။**

၂။ လေလံဆွဲတက်ရာ မည်မျှမည်ရွေ့တိုးတက်ရမည်ကို ရောင်းချသူအရာရှိက ဆုံးဖြတ်လိမ့်မည်။ ဆွဲတက်သည့်ငွေအတွက်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ မည်သူကဆွဲတက်သည်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ တစ်ခုခုအငြင်းအခုံဖြစ်ပွားသည့်အချက်တွင် ၎င်းပစ္စည်းစုကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၃။ အများဆုံးတိုးတက်ဆွဲဝယ်ယူသူမှာ ၎င်းပစ္စည်းတစ်ခုခုကို ဆွဲဝယ်ယူသူဖြစ်ကြောင်း ပြဋ္ဌာန်းလိမ့်မည်။ သို့သော်လည်း ၎င်းလူမှာ တရားဥပဒေနှင့်အညီ တိုးတက်ဆွဲဝယ်ရန် အရည်အချင်းနှင့် ပြည့်စုံသူဖြစ်စေရမည့်အပြင်၊ အမြင့်ဆုံးတိုးတက်ဆွဲဝယ်သည့်အဖိုးမှာ နည်းပါးကြောင်းထင်ရှား၍ လက်ခံရန်မသင့်လျော်ကြောင်း လေလံရောင်းချသည့်အရာရှိက သို့တည်းမဟုတ် ရုံးတော်ကထင်မြင်လျှင် လက်မခံငြင်းပယ်ရန် ရုံးတော်က သို့တည်းမဟုတ် ၎င်းအရာရှိက ချင့်ချိန်တိုင်းထွာ၍ ဆောင်ရွက်ခွင့်ရသည်။

၄။ အမိန့်နံပါတ် ၂၁၊ နည်းဥပဒေ ၆၉ပါ ပြဋ္ဌာန်းချက်များကို အမြဲအထောက်အထားပြု၍ ရောင်းချမှုကို ဆောင်ရွက်သူအရာရှိက စဉ်းစားဆင်ခြင်၍ အကြောင်းဖော်ပြရေးမှတ်ပြီးလျှင် ရောင်းချခြင်းကို ရွှေ့ဆိုင်းခွင့်ရသည်။

၅။ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းဖြစ်သည့်အချက်တွင် ပစ္စည်းစုအသီးသီး၏အဖိုးငွေကို ရောင်းချသည့်အခါတွင် ပေးချေရမည်။ သို့တည်းမဟုတ် ရောင်းချသူအရာရှိက ဆင့်ဆိုသည့်အတိုင်း ရောင်းချပြီးနောက် မြန်နိုင်သမျှ အချိန်အခါတွင် ပေးချေရမည်။ ပေးချေမပြုပျက်ကွက်လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၆။ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဖြစ်သည့်အချက်တွင် ဆွဲဝယ်သူအဖြစ် ပြဋ္ဌာန်းခံရသူမှာ ရောင်းချသည့်အရာရှိထံသို့ ဝယ်ငွေတစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကျသည့်ကဲ့သို့ ပြဋ္ဌာန်းပြီးသည်နှင့် တစ်ပြိုင်နက်ပေးသွင်းရမည်။ သည့်ကဲ့သို့ ပေးသွင်းမပြု ပျက်ကွက်ခဲ့လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၇။ ဆွဲဝယ်သည့်ငွေအလုံးကို ဆွဲဝယ်သူက ပစ္စည်းရောင်းချသည့်ရက်ကိုပယ်၍ ပစ္စည်းကို ရောင်းပြီးနောက် ၁၅ ရက်မြောက်တွင် ရုံးမဆင်းမီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်နေ့မှာ တနင်္ဂနွေနေ့သော်လည်းကောင်း၊ တခြားရုံးပိတ်ရက်သော်လည်းကောင်းဖြစ်လျှင် ၎င်း ၁၅ရက်မြောက်နေ့နောက် ရုံးပထမဖွင့်သည့်ရက်တွင် ပေးဆောင်ရမည်။

Teaching& Guide

အိမ်ဝိုင်းများ လက်ခံသင်ကြားပေးသည်။

**ဖုန်း-၀၉-၅၀၈၁၀၂၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဂ/၉၁၆၆၊ DONGFENG DUMP TRUCK(6x4) LHD ယာဉ်လက်ဝယ်ရှိသူ ဧရာရွှေဝါကုမ္ပဏီလီမိတက်က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/နွယ်အေး၊ မြေကွက်အမှတ် ၃၂၇၊ မြေကွက်တည်နေရာအမှတ် ၃၂၇၊ သစ္စာနွယ်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးတင်ဝင်း P/RGM-၀၀၁၁၈၁၊ ဒေါ်စိန်ရှင် ISN-၃၆၉၁၉၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးတင်ဝင်း(ခင်ပွန်း)ကွယ်လွန်သဖြင့် ၎င်း၏ အစုအား တစ်ဦးတည်းသောဇနီး ဒေါ်ခင်ဆွေဝင်း ၁၂/ဒပန(နိုင်)၀၃၂၁၈၀ နှင့် ကျန်ပူးတွဲအမည်ပေါက် ဒေါ်စိန်ရှင် ISN-၃၆၉၁၉၄ တို့ ကိုယ်စားအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၃၂၄၃/၁၃(၁၉-၁၁-၁၃) ရရှိသူ ဦးဇော်ဝင်း ၁၂/သကတ(နိုင်)၁၃၄၈၂၅ က ကျမ်းကျိန်လွှာနှင့်သေစာရင်းများ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက် အမှတ်၂၆၄၊ မြေကွက်တည်နေရာ အမှတ် ၂၆၄၊ (၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒေါ်ခင်သက်တင် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား ဒေါ်ခင်သက်တင် ကွယ်လွန်သဖြင့် ဦးခင်ဦး ၁၂/ရကန(နိုင်)၀၀၆၁၈၁က တရားဝင်တစ်ဦးတည်းသော ခင်ပွန်းဖြစ်ကြောင်း ကျမ်းကျိန်လွှာနှင့်သေစာရင်း တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၂၇၄၊ မြေကွက်တည်နေရာအမှတ် ၂၇၄၊ (၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒေါ်ခင်သက်တင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဒေါ်ခင်သက်တင် ကွယ်လွန်သဖြင့် ဦးခင်ဦး ၁၂/ရကန(နိုင်)၀၀၆၁၈၁က တရားဝင် တစ်ဦးတည်းသော ခင်ပွန်းဖြစ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်း တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၂၇၅၊ မြေကွက်တည်နေရာ အမှတ် ၂၇၅၊ (၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒေါ်ခင်သက်တင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဒေါ်ခင်သက်တင် ကွယ်လွန်သဖြင့် ဦးခင်ဦး ၁၂/ရကန(နိုင်)၀၀၆၁၈၁က တရားဝင် တစ်ဦးတည်းသော ခင်ပွန်းဖြစ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်း တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

ကြော်ငြာကဏ္ဍ

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၅၆၁၊ မြေကွက်တည်နေရာအမှတ် ၅၆၁၊ မာဃ ၁၀လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဒေါ်တင်လှ၊ ဦးမြအေး၊ ဦးသန်း) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးမြအေး ကွယ်လွန်သဖြင့် ဒေါ်ခင်တင့် ၁၂/ဥကတ(နိုင်)၁၁၃၄၁၄ က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်တင်လှ HGU-၀၀၅၈၀၀ တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၅၂၃၉(၂၁-၂-၁၄)၊ ၅၁၇၃(၂၀-၂-၁၄)တို့ဖြင့် အထွေထွေကိုယ်စားလှယ် ဒေါ်စိုးသီတာ ၁၂/သဃက(နိုင်)၁၄၀၁၇၄က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ-၄၇၄၂(၉-၆-၁၄)နှင့် ၉၇၉၇(၂၆-၃-၁၄)တို့ တင်ပြ၍ အမည်ပေါက်သုံးဦးအနက် နှစ်ဦးပိုင်ဆိုင်သည့် (၂၆'၁သမ ၈''×၆၀') Portion ကို မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဂ/၉၁၆၄ DONGFENG DUMP TRUCK(6x4) LH D ယာဉ်လက်ဝယ်ရှိသူ ဧရာရွှေဝါကုမ္ပဏီလီမိတက်က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ်၆ဂ/၉၁၆၅ DONGFENG DUMP TRUCK (6x4) LHD ယာဉ်လက်ဝယ်ရှိသူ ဧရာရွှေဝါကုမ္ပဏီလီမိတက်က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)**
**ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ်၆ဂ/၉၁၇၄ DONGFENG DUMP TRUCK (6x4) LHD ယာဉ်လက်ဝယ်ရှိသူ ဧရာရွှေဝါကုမ္ပဏီလီမိတက်က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)**
**ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ဦးဘမောင်၏သား ဦးရှိန်(ကွယ်လွန်) ၁၂/မရက(နိုင်)၀၀၈၂၃၅ အမည်ပေါက်ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကျောက်ရေတွင်း၊ တပင်ရွှေထီးလမ်း၊ အမှတ်(ခ/၃၁)၊ မြေအကျယ်အဝန်း(အလျားပေ ၁၀၀×အနံ ပေ ၁၀၀)တွင် လက်ရှိပိုင်ဆိုင်နေထိုင်လျက်ရှိကြသော ဦးရှိန်၏ သားသမီး ငါးဦးအနက် သားဖြစ်သူ ဦးမြတ်ရှိန် ၁၂/မရက(နိုင်)၀၀၈၂၂၇၊ ဦးသန်းရှိန် ၁၂/မရက(နိုင်) ၁၃၄၅၉၆နှင့် သမီးဖြစ်သူ ဒေါ်နီနီရှိန် ၁၂/မရက(နိုင်)၀၀၈၂၂၉တို့က မိဘများ ကွယ်လွန်ပြီးနောက် ၎င်းတို့ မောင်နှမငါးဦး အမွေအဖြစ် အညီအမျှခွဲဝေရရှိခဲ့သော တစ်ဦးလျှင်ရရှိသည့် မြေအကျယ်အဝန်းပေ(၂၀×၁၀၀)စီကို ၎င်းတို့မောင်နှမ သုံးဦးပေါင်း၍ မြေအကျယ်အဝန်း စုစုပေါင်းပေ(၆၀×၁၀၀) မြေကွက်နှင့် မြေပေါ်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြေအညီအမျှခွဲဝေမှု စာချုပ်စာတမ်း(မူရင်း)များ၊ တရားရုံးတော်တွင် တစ်ဦးချင်းပိုင်ဆိုင်မှုအတွက် ကျမ်းကျိန်လွှာ(မူရင်း)များ ပြသ၍ ရောင်းချမည်ဖြစ်ကြောင်း ကျွန်ုပ်၏မိတ်ဆွေထံသို့ ကမ်းလှမ်းလာ၍ ကျွန်ုပ်၏ မိတ်ဆွေက ၎င်းတို့အပေါ်ယုံကြည်မှုဖြင့် ရောင်းချသည့်မြေနှင့် မြေပေါ်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ရောင်းမည့်သူများလက်ဝယ်သို့ လက်ရောက်ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အိမ်ခြံမြေရောင်းချမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေဘောင်အတွင်းမှ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ကြီး(အထက်တန်းရှေ့နေ-၃၇၀၂၉)**
**B.A(Eco),D.A,R.L,DBL,DML,DIL,M.A(Business Law P1), WIPO(Switzerland)**
**အမှတ် ၄၈၇၊ ဒူးယား ၄လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၈၀၁၉၆၉၇**

**၁၃-၆-၂၀၁၄ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာပါ ဒေါ်ကြင်မြင့် (၁၂/မဂဒ (နိုင်) [illegible]) နှင့် ၎င်း၏ တရားလွှတ်တော်ရှေ့နေ [illegible] ကျွန်ုပ်မိတ်ဆွေများ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း သတိပေး ကြေညာခြင်း**

[illegible]

ကြော်ငြာကဏ္ဍ

ကြော်ငြာကဏ္ဍ

ကြော်ငြာကဏ္ဍ

## တစ်ဦးတည်းဖြစ်ပါကြောင်း

သီပေါမြို့၊ အထက(၁) အဋ္ဌမတန်း(A) မှ မောင်နေကျမ်း ၁၃/သပန(နိုင်) ၁၀၃၅၈၃ နှင့် မောင်နိုင်ဆုအောင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

လှိုင်မြို့နယ်၊ အထက(၂) G-11(D) တက္ကသိုလ်ဝင်တန်း(စ)မှ မခင်နှင်းယု၏ ဖခင်အမည်မှန်မှာ ဦးမြင့်တင် ဖြစ်ပါသည်။

## ရောင်းရန်ကြော်ငြာစာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**မိတ္ထီလာခရိုင်တရားရုံး**
**၂၀၁၃ ခုနှစ် ဇာရီမှုအမှတ်-၃၈**

| | | |
|---|---|---|
| မန်နေဂျာ | **နှင့်** | ၁။ ဦးစန်းနိုင် |
| မြန်မာ့စီးပွားရေးဘဏ် | | ၂။ ဒေါ်ခင်လင်း |
| သာစည်မြို့။ | | |
| **တရားနိုင်** | | **တရားရှုံးများ** |

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ် ၄၅ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၁၄ခုနှစ် ဇူလိုင် ၁၈ရက် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းများစာရင်း**

၁။ သာစည်မြို့၊ ရွာကြီးကျေးရွာ၊ ကွင်းအမှတ်(၁၈၁၀/ရွာကြီးတောင်)၊ ဦးပိုင်အမှတ် ၅၆/က၊ မြေကွက်အမှတ် ၅၆/က၊ ဧရိယာ ဝ.ဒသမ၁၂၆ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ ပေ(၂၇×၁၈) သွပ်မိုး၊ ကွန်ကရစ်ခင်း လူနေနှစ်ထပ်တိုက်တွဲလျက်၊ ပေ(၁၈×၁၂) မီးဖိုဆောင်၊ ပေ(၂၄×၁၆) သွပ်မိုး၊ ကွန်ကရစ်ခင်း၊ ရက်ကန်းစက်ရုံ။

၂။ သာစည်မြို့၊ ရွာကြီးကျေးရွာ၊ ကွင်းအမှတ်(၁၈၁၀/ရွာကြီးတောင်)၊ မြေကွက်အမှတ်(၂၄)၊ မြေချိန်ဧရိယာ ဝ.ဒသမ၃၂ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ ပေ(၁၇×၁၈) လူနေတစ်ထပ်တိုက်(တွဲလျက်)ပေ(၃၇×၈) မီးဖိုဆောင်နှင့် စက်ပစ္စည်းများအားလုံး။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၇၀၀**

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည် မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၄ခုနှစ် ဇွန် ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဌေးဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မိတ္ထီလာခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၅၊ မြေကွက်အမှတ် ၃၃၅၊ မြေကွက်တည်နေရာ အမှတ် ၃၃၅၊ (၁၄၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဒေါ်ခင်ဉ ၁၄/ကလန(နိုင်)၀၀၈၈၃၉ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ခင်ဉက ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်ထောက်ခံချက်များ၊ ဌာနဝန်ခံချက်နှင့် ကျမ်းကျိန်လွှာတို့တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ် ဂရန်သစ်လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၊ မြေကွက်အမှတ် ၁၀၂၀/ခ၊ မြေကွက်တည်နေရာအမှတ် ၁၀၂၀/ခ၊ ဧည့်မထလမ်း၊ ရွှေပြည်သာမြို့နယ်၊ မြေအမျိုးအစား ပါမစ်မြေ အမည် ပေါက် ဦးငြိမ်းလွင် ၁၂/လမန(နိုင်)၀၇၇၆၀၆ ကိုယ်တိုင်က ပါမစ်ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာတို့ တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ် ဂရန်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၃၂၈၊ မြေကွက်တည်နေရာအမှတ် ၃၂၈၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (ဗိုလ်မှူးမြင့်ထွန်း)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဗိုလ်မှူးမြင့်ထွန်း တရားရှုံးကိုယ်စား ဘီလစ် ဒေါ်လဲ့လဲ့ခိုင် ၁၃/တကန(နိုင်)၀၀၃၄၁၉ က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မြို့နယ်တရားရုံးတရားမကြီးမှုအမှတ်-၁၈၂/၁၃ (၂၀-၁၂-၁၃)နှင့် တရားမဇာရီမှုအမှတ်-၁၀၂/၁၃(၆-၁-၁၄)တို့ တင်ပြ၍အရောင်းအဝယ် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃၊ မြေကွက်အမှတ် ၂၅၄/က၊ မြေကွက်တည်နေရာအမှတ် ၂၅၄/က၊ နီလာလမ်း၊ ရွှေပြည်သာမြို့နယ်၊ မြေအမျိုးအစားနှစ် ၆၀ဂရန် အမည်ပေါက် ဒေါ်စန်းစန်းဝင်းထံမှ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်နော်အယ်ဖော ၁၂/မရက(နိုင်)၀၂၇၇၄၈က ၂၀၁၃ခုနှစ် ဘဏ်ချေးမြေပုံနှင့် ၂၀၁၀ခုနှစ်အရောင်း မြေပုံမြေရာဇဝင်များ ပျောက်ဆုံးကြောင်း ကတိသစ္စာပြုလွှာ တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉က+၂၉ခ+၃၃က၊လူနေရပ်ကွက်-မေခအိမ်ရာ၊မြေကွက်အမှတ် ၅၁၊ မေခဝတီကျောင်းလမ်း၊ ခြံအမှတ် (စီ/၈)၊ အကျယ်အဝန်း စတုရန်းပေ ၇၁၆၇ ၊ ဧရိယာ ဝ.ဒသမ၁၆၄ ဧကရှိ နှစ် (၆၀)ဂရန် မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာခြင်း

အထက်ဖော်ပြပါ လိပ်စာဖြစ်သည့် မြေကွက်အား ဂရန်အမည်ပေါက်များဖြစ်ကြသော ဦးခင်ဇော် ၁၂/ရကန(နိုင်)၀၅၄၃၁၄နှင့် ဒေါ်မီမီကျော်လွင် ၁၂/ရကန(နိုင်)၀၅၄၃၁၄တို့ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇)၊ ဒေါ်နှင်းပွင့်သန်း(LL.B)(စဉ်-၂၇၀၇၅)**
**လင်း အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း အကျိုးဆောင် အထက်တန်းရှေ့နေများ**
**အမှတ် ၅/၁၁၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၅၅၁၆၅၉၊၀၉-၅၁၁၈၀၀၇၊၀၉-၄၀၂၅၉၄၃၄၇၊၀၉-၂၅၄၂၇၈၃၃၆**




## လမင်းသာ ပညာရိပ်မွန်အား အထူးကျေးဇူးတင်လွှာ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲကြီးတွင်

| | | | |
|---|---|---|---|
| ၁။ မောင်ဆက်နိုင် | ဆဒဂ-၂၅၃ | မ၊အ၊သ၊ဓ၊ရု၊ဇ(6 D) |
| ၂။ မောင်ထွဋ်အိမ်လင်း | ဆဒဂ-၃၉၆ | မ၊အ၊သ၊ဓ၊ရု၊ဇ(6 D) |
| ၃။ မနှင်းဝတ်ရည်အောင် | ဆဗဟ-၄၉၈ | မ၊အ၊သ၊ဓ၊ရု၊ဇ(6 D) |
| ၄။ မမေသင်းခိုင် | ဆတမ-၄၆၀ | မ၊အ၊ဓ၊ရု၊ဇ (5 D) |
| ၅။ မောင်ဘုန်းသီဟနိုင် | ဆဒဂ-၂၅၅ | အ၊သ၊ဓ၊ရု၊ဇ(5 D) |
| ၆။ မထက်ထက်အောင် | ဆတမ-၅၄၁ | အ၊သ၊ဓ၊ရု၊ဇ(5 D) |

လေးဘာသာဂုဏ်ထူးရှင် ၁၁ ဦး၊ သုံးဘာသာဂုဏ်ထူးရှင်ရှစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင်လေးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ငါးဦးတို့နှင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူအားလုံးတို့အား အောင်မြင်စွာ သင်ကြားပေးခဲ့ကြသော လမင်းသာပညာရိပ်မွန်မှ ဆရာကြီး၊ ဆရာမကြီးများနှင့် လိုအပ်ချက်မရှိအောင် ဆောင်ရွက်ပေးခဲ့ကြသော လမင်းသာပညာရိပ်မွန်မှ ဝန်ထမ်းများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**မိဘများ**

**လမင်းသာ ပညာရိပ်မွန်**
**အမှတ် ၃၄(သုံးလွှာ)၊ မလွှကုန်းလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊**
**ဖုန်း-၀၉-၅၄၁၇၃၁၂၊ ၀၉-၄၃၁၃၈၅၁၂**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်(၂)၊ မြေကွက်အမှတ် ၈၆၅၃/၂၊ မြေကွက်တည်နေရာအမှတ် ၈၆၅၃/၂၊ သုမာလာလမ်း၊ (၂)ရပ်ကွက်၊ ဒေါ်ကြည် AD-၀၀၃၀၃၅ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် မိခင်ဒေါ်ကြည်၊ ဖခင်ဦးကြိုင်၊ သမီးဒေါ်စန်းစန်းမြင့်(အပျိုကြီး) တို့ ကွယ်လွန်သဖြင့် ဦးတင်ဝင်း ၁၂/ဥကမ(နိုင်)၀၄၈၁၇၉က တစ်ဦးတည်းသောသား/မောင်တော်စပ်ကြောင်း သေစာရင်း၊ ကျမ်းကျိန်လွှာနှင့် ၄င်းကိုယ်စား (GP)၁၀၇၄၀/၂၀၁၄ဖြင့် ရရှိသူ ဒေါ်ညိုညိုစန်းက ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

[illegible]

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီးဖြစ်သူ မခင်စောယု ၁၂/စခန(နိုင်)၀၀၉၇၈၂သည် မိခင်ဖြစ်သူနှင့် ညီအစ်ကို မောင်နှမများအပေါ်တွင် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သည့်အပြင် မိဘဆွေမျိုးညီအစ်ကိုမောင်နှမများတားမြစ်ထားသည့် ကိစ္စအားလုပ်ဆောင်၍ ၁၅-၆-၂၀၁၄ရက်တွင် မိမိသဘောဆန္ဒအလျောက်ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းနိုင်ပါသည်။)**

**မိခင်-ဒေါ်သန်းအေး ၁၂/စခန(နိုင်)၀၁၀၃၀၂**
**အမှတ် ၁၀၊ ကျိုက်လတ်လမ်း၊ လင်းလွန်း(တောင်)ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၆စီ၁၊ မြေကွက်အမှတ် ၂၅၇၊ မြေကွက်တည်နေရာအမှတ် ၃၄၊ ရတနာပုံလမ်း၊ ကြည့်မြင်တိုင်မြို့နယ်(ဦးအောင်ကြီး၊ ဒေါ်ဖွားခင်) အမည်ပေါက်စက္ကူတာမြေအား အမည်ပေါက်များနှင့် တစ်ဦးတည်းသောသားဖြစ်သူ ဦးဘကျော်နှင့်ဇနီး ဒေါ်သိန်းမေတို့ ကွယ်လွန်သဖြင့် ဒေါ်အေးအေးသိန်း ၁၂/မရက(နိုင်)၀၆၂၂၅၆က တစ်ဦးတည်းသော မြေးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၂၈၊ မြေကွက်အမှတ် ၈၅၃၊ မြေကွက်တည်နေရာ အမှတ် ၈၅၃၊ (၂၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဒေါ်တင်တင်ရီ ၁၂/ဒဂန(နိုင်)၀၀၄၀၃၇ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်တင်တင်ရီထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၈၄၉၆/၁၁ (၁၇-၁၀-၁၁)ဖြင့် ကိုယ်စားလှယ်ရရှိသူ ဒေါ်မေဘယ်လ် ၁၂/သကတ(နိုင်)၀၀၄၀၃၈ က ၂၀၁၂ခုနှစ် အရောင်းမြေပုံမူရင်း ပျောက်ဆုံးကြောင်းနှင့် ပါဝါရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ၅-၆-၂၀၁၄ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ (စာမျက်နှာ-၁၂)တွင် ဦးကျော်မြင့်၊ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်(ငြိမ်း)တို့၏ ကြေညာချက်အပေါ် မှန်ကန်မှုမရှိကြောင်း ပြန်လည်ရှင်းလင်းကြေညာခြင်း

၁။ ကရင်ပြည်နယ်၊ ဘားအံမြို့၊ (၁)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းရှိအကွက်အမှတ် ၁၀၊ သရက်တောအလယ်၊ ဦးပိုင်အမှတ် ၁၇၊ ၁၉/၂တို့မှာ ယနေ့အချိန်အထိ ဦးနေဝင်း၏မိခင် ဒေါ်တင်မေအမွေခွဲဝေရရှိပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ ၁၉၄၉ ခုနှစ်တွင် မိခင်ဒေါ်ဇာယုနှင့် သားသမီးများသည်မိသားတစ်စုအမွေစီမံမှုပြုခဲ့ကြရာ ဦးပိုင်အမှတ် ၁၉/၁အား ဦးဌေးအောင်၏ မိခင်ဒေါ်ငွေခင်ကလည်းကောင်း၊ ဦးပိုင်အမှတ် ၁၉/၂ နှင့် ဦးပိုင်အမှတ် ၁၇အားဦးနေဝင်း၏ မိခင်ဒေါ်တင်မေကလည်းကောင်း၊ ဦးပိုင်အမှတ် ၁၈မြေကွက်ကြီးနှင့် မိဘများနေထိုင်ခဲ့သော နေအိမ်အား ဦးကျော်မြင့်၏ ဖခင်ဦးဘထွန်းအားလည်းကောင်း၊ ဦးထွန်းတင်၏ဇနီး (သို့မဟုတ်)ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်(ငြိမ်း)၏ မိခင်ဒေါ်ထားတင်အား ဘားအံမြို့၊ (၃)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းရှိ ဦးပိုင်အမှတ် ၆၀(ယခင်ဦးပိုင်အမှတ် ၂၅) မြေကွက်အားလည်းကောင်း၊ အသီးသီး ဒေါ်ဇာယုနှင့်သားသမီးများအမွေခွဲဝေယူသော မြေကွက်များဖြစ်ပါသည်။ ကွယ်လွန်သူ အဘွားဒေါ်ဇာယု၏ ကျန်ရစ်သောအမွေပုံမြေကွက်များ မရှိတော့ပါ။

၂။ ဦးကျော်မြင့်နှင့်ဦးထွန်းတင်တို့ ဦးနေဝင်း၏မိခင်ဒေါ်တင်မေအပေါ်စွဲဆိုခဲ့သော ကရင်ပြည်နယ်တရားရုံး၏တရားမကြီးမှုအမှတ် ၃/၂၀၀၁နှင့် တရားမကြီးမှုအမှတ် ၂/၂၀၀၁တို့၏ စီရင်ချက်တွင် ၁၉၄၉ခုနှစ် မိသားတစ်စုစီမံမှုနှင့် ၁၉၇၀ခုနှစ် ဦးကျော်မြင့်၊ ဦးထွန်းတင်တို့ တင်ပြသည့် အမွေစီမံမှုနှစ်ရပ်လုံးသည် တရားဝင်ခိုင်မာသော မိသားစုစီမံခန့်ခွဲမှုမဟုတ်ကြောင်း သုံးသပ်ပြီးအမှုများအားပလပ်ခဲ့သည်မှာ မှန်ကန်သော်လည်း တရားရုံးချုပ်၏ တရားမပထမအယူခံမှုအမှတ် ၅/၂၀၀၄တွင် ၁၉၄၉ခုနှစ် မိသားတစ်စု အမွေစီမံမှုမှာ ဥပဒေနှင့်အညီတည်မြဲခိုင်မာသည့်စီမံမှုဖြစ်သည်။ ယင်းစီမံမှုအရဆိုလျှင် အယူခံတရားလို (ဦးကျော်မြင့်)သည် အချင်းဖြစ်ပစ္စည်းနှင့်စပ်လျဉ်း၍ အခွင့်အရေးတစ်စုံတစ်ရာမရှိ ယင်းပစ္စည်း၏အခွင့်အရေးနှင့်စပ်လျဉ်းသောမြွက်ဟ ကြေညာပေးစေလိုမှုဒီကရီကိုလည်း ရနိုင်မည်မဟုတ်ချေ။ သို့ဖြစ်၍ မူလကရင်ပြည်နယ်တရားရုံးက ၁၉၄၉ခုနှစ် မိသားစုအမွေစီမံမှုသည် တရားဝင်ခိုင်မာခြင်းမရှိဟု ဆုံးဖြတ်ချက်အားပယ်ဖျက်ပြီး ၁၉၄၉ခုနှစ် မိသားစုအမွေစီမံမှုသည် တရားဝင်ခိုင်မာသော မိသားစုအမွေစီမံမှုဖြစ်ကြောင်း ပြင်ဆင်ဆုံးဖြတ်ခဲ့သည်။ ထိုသို့ဆုံးဖြတ်ထားပါလျက် ဦးကျော်မြင့်နှင့်ဦးထွန်းတင်၏သား ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်(ငြိမ်း)တို့သည် ဒေါ်တင်မေပိုင်ဆိုင်သော ဖော်ပြပါမြေကွက်များအား ၄င်းတို့၏အမွေဆိုင်ပစ္စည်းအဖြစ် တည်ရှိလျက်ရှိကြောင်း မမှန်မကန်ဖော်ပြကြေညာခဲ့ခြင်းသာ ဖြစ်ပါသည်။

တရားရုံးချုပ်၏တရားမပထမအယူခံမှုအမှတ် ၅/၂၀၀၄၏စီရင်ချက်နှင့်ဒီကရီအား ၂၀၀၄ခုနှစ် တရားမအထွေထွေလျှောက်လွှာ(အထူး)အမှတ် ၁၆၈၏အထူးခုံရုံးအဖွဲ့မှ လည်း အတည်ပြုခဲ့သည်။

ထို့ကြောင့်တရားရုံးအဆင့်ဆင့်က အတည်ပြုဆုံးဖြတ်ခဲ့ပြီးသော ဒေါ်တင်မေ၏မြေပိုင်ဆိုင်မှုကို ဦးကျော်မြင့်နှင့် ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်(ငြိမ်း)တို့က လာရောက်ဟန့်တားခြင်း၊ နှောင့်ယှက်နေခြင်းသာ ဖြစ်ပါသည်။

၃။ ၁၉၄၉ခုနှစ် အမွေစီမံမှုအရ ဒေါ်တင်မေရရှိပိုင်ဆိုင်ခဲ့သော ဦးပိုင်အမှတ် ၁၉/၂၊ ဦးပိုင်အမှတ် ၁၇နှင့်ပတ်သက်၍ မိခင်ပိုင်မြေကွက်များအားသားဖြစ်သူ ဦးနေဝင်းက ခြံစည်းခတ်ရန်တိုင်းတာခြင်း၊ သက်ဆိုင်ရာကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ရုံးချုပ်)မှ မြေတိုင်းတာခြင်းကို ခွင့်ပြုချက်ရရှိပြီး ဥပဒေနှင့်အညီ ဆောင်ရွက်နေခြင်းကို ဦးကျော်မြင့်နှင့် ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်(ငြိမ်း)တို့က ပိုင်ဆိုင်ခွင့်တစ်စုံတစ်ရာမရှိဘဲ မနှောင့်ယှက်ရန်နှင့် အကယ်၍ ဆက်လက်နှောင့်ယှက်နေပါက ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ဦးကျော်မြင့်၊ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်(ငြိမ်း)နှင့်တကွအများအား ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**ဦးနေဝင်း**
**၃/ဘအန(နိုင်)၀၁၂၃၉၃**
**၁/၇၀၊ ဗိုလ်ချုပ်လမ်း၊ (၁)ရပ်ကွက်၊**
**ဘားအံမြို့၊ ကရင်ပြည်နယ်**

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

# မွေးမြူရေးရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန
## ကျေးလက်ဒေသ ရေရရှိရေးဆောင်ရွက်ပြီးစီးမှု အခြေအနေ

**ပြည်ထောင်စုချုပ်**
(ကျေးရွာပေါင်း – [illegible] ရွာ)

| ဆောင်ရွက်ပြီး | ဆောင်ရွက်ဆဲ | ဆောင်ရွက်ရန်ကျန် |
|---|---|---|
| [illegible] | [illegible] | [illegible] |

**စစ်ကိုင်းတိုင်းဒေသကြီး**
- ကျေးရွာစုစုပေါင်း [illegible]
- ဆောင်ရွက်ပြီးရွာ [illegible]
- ဆောင်ရွက်ဆဲရွာ [illegible]
- ဆောင်ရွက်ရန်ကျန် [illegible]

**ချင်းပြည်နယ်**
- ကျေးရွာစုစုပေါင်း [illegible]
- ဆောင်ရွက်ပြီးရွာ [illegible]
- ဆောင်ရွက်ဆဲရွာ [illegible]
- ဆောင်ရွက်ရန်ကျန် [illegible]

**မကွေးတိုင်းဒေသကြီး**
- ကျေးရွာစုစုပေါင်း [illegible]
- ဆောင်ရွက်ပြီးရွာ [illegible]
- ဆောင်ရွက်ဆဲရွာ [illegible]
- ဆောင်ရွက်ရန်ကျန် [illegible]

**ရခိုင်ပြည်နယ်**
- ကျေးရွာစုစုပေါင်း [illegible]
- ဆောင်ရွက်ပြီးရွာ [illegible]
- ဆောင်ရွက်ဆဲရွာ [illegible]
- ဆောင်ရွက်ရန်ကျန် [illegible]

**ဧရာဝတီတိုင်းဒေသကြီး**
- ကျေးရွာစုစုပေါင်း [illegible]
- ဆောင်ရွက်ပြီးရွာ [illegible]
- ဆောင်ရွက်ဆဲရွာ [illegible]
- ဆောင်ရွက်ရန်ကျန် [illegible]

**ရန်ကုန်တိုင်းဒေသကြီး**
- ကျေးရွာစုစုပေါင်း [illegible]
- ဆောင်ရွက်ပြီးရွာ [illegible]
- ဆောင်ရွက်ဆဲရွာ [illegible]
- ဆောင်ရွက်ရန်ကျန် [illegible]

**မွန်ပြည်နယ်**
- ကျေးရွာစုစုပေါင်း [illegible]
- ဆောင်ရွက်ပြီးရွာ [illegible]
- ဆောင်ရွက်ဆဲရွာ [illegible]
- ဆောင်ရွက်ရန်ကျန် [illegible]




**အငွေ့ပိုင်းနဲ့ရေရရှိရေး**

| တိုင်းအလိုက် | ဆောင်ရွက်ပြီး | ဆောင်ရွက်ဆဲ | ဆောင်ရွက်ရန်ကျန် |
|---|---|---|---|
| စစ်ကိုင်း | [illegible] | [illegible] | [illegible] |
| မကွေး | [illegible] | [illegible] | [illegible] |
| မန္တလေး | [illegible] | [illegible] | [illegible] |
| စုစုပေါင်း | [illegible] | [illegible] | [illegible] |

**ကချင်ပြည်နယ်**
- ကျေးရွာစုစုပေါင်း [illegible]
- ဆောင်ရွက်ပြီးရွာ [illegible]
- ဆောင်ရွက်ဆဲရွာ [illegible]
- ဆောင်ရွက်ရန်ကျန် [illegible]

**မန္တလေးတိုင်းဒေသကြီး**
- ကျေးရွာစုစုပေါင်း [illegible]
- ဆောင်ရွက်ပြီးရွာ [illegible]
- ဆောင်ရွက်ဆဲရွာ [illegible]
- ဆောင်ရွက်ရန်ကျန် [illegible]

**ရှမ်းပြည်နယ်**
- ကျေးရွာစုစုပေါင်း [illegible]
- ဆောင်ရွက်ပြီးရွာ [illegible]
- ဆောင်ရွက်ဆဲရွာ [illegible]
- ဆောင်ရွက်ရန်ကျန် [illegible]

**နေပြည်တော်**
- ကျေးရွာစုစုပေါင်း [illegible]
- ဆောင်ရွက်ပြီးရွာ [illegible]
- ဆောင်ရွက်ဆဲရွာ [illegible]
- ဆောင်ရွက်ရန်ကျန် [illegible]

**ကယားပြည်နယ်**
- ကျေးရွာစုစုပေါင်း [illegible]
- ဆောင်ရွက်ပြီးရွာ [illegible]
- ဆောင်ရွက်ဆဲရွာ [illegible]
- ဆောင်ရွက်ရန်ကျန် [illegible]

**ပဲခူးတိုင်းဒေသကြီး**
- ကျေးရွာစုစုပေါင်း [illegible]
- ဆောင်ရွက်ပြီးရွာ [illegible]
- ဆောင်ရွက်ဆဲရွာ [illegible]
- ဆောင်ရွက်ရန်ကျန် [illegible]

**ကရင်ပြည်နယ်**
- ကျေးရွာစုစုပေါင်း [illegible]
- ဆောင်ရွက်ပြီးရွာ [illegible]
- ဆောင်ရွက်ဆဲရွာ [illegible]
- ဆောင်ရွက်ရန်ကျန် [illegible]

**တနင်္သာရီတိုင်းဒေသကြီး**
- ကျေးရွာစုစုပေါင်း [illegible]
- ဆောင်ရွက်ပြီးရွာ [illegible]
- ဆောင်ရွက်ဆဲရွာ [illegible]
- ဆောင်ရွက်ရန်ကျန် [illegible]

[illegible]

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ကျေးရွာပေါင်း | ဆောင်ရွက်သည့်လုပ်ငန်းများ | | | | | | | | [illegible] ဆောင်ရွက်ပြီးစီးသည့်ကျေးရွာ | [illegible] ဆောင်ရွက်ဆဲကျေးရွာ | ဆောင်ရွက်ရန်ကျန်ကျေးရွာ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | [illegible] | [illegible] | [illegible] | [illegible] | [illegible] | အခြား | လုပ်ငန်းစုစုပေါင်း | | | | | |
| ၁ | ကချင် | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | |
| ၂ | ကယား | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | |
| ၃ | ကရင် | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | |
| ၄ | ချင်း | [illegible] | | | | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | |
| ၅ | စစ်ကိုင်း | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | |
| ၆ | တနင်္သာရီ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | |
| ၇ | ပဲခူး | [illegible] | [illegible] | [illegible] | [illegible] | [illegible] | | [illegible] | [illegible] | [illegible] | [illegible] | [illegible] | |
| ၈ | မကွေး | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | |
| ၉ | မန္တလေး | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | - | |
| ၁၀ | မွန် | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | |
| ၁၁ | ရခိုင် | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | |
| ၁၂ | ရန်ကုန် | [illegible] | [illegible] | [illegible] | [illegible] | [illegible] | | [illegible] | [illegible] | [illegible] | [illegible] | [illegible] | |
| ၁၃ | ရှမ်း | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | |
| ၁၄ | ဧရာဝတီ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | | [illegible] | [illegible] | [illegible] | [illegible] | [illegible] | |
| ၁၅ | နေပြည်တော်ပြည်ထောင်စုနယ်မြေ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | | [illegible] | [illegible] | [illegible] | [illegible] | |
| | စုစုပေါင်း | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | |

ကျေးလက်ဒေသ မီးလင်းရေးနှင့်ရေရရှိရေးကော်မတီ

AIR KBZ

# စိတ်အခြေခံအပေါ်မူတည်နေသည့်

## ဟော်လန်အသင်းရဲ့ လားရာ. . . .




ဟော်လန်။ အားလုံးကို အံ့အားသင့်စေခဲ့တဲ့အသင်း။ ပြောရရင် အဖွင့်ပွဲစဉ်မှာ ကမ္ဘာ့ချန်ပီယံစပိန်ကိုတောင် အပြတ်အသတ် အနိုင်ယူပြနိုင်ခဲ့တဲ့အသင်း။ ၅-၁ ဆိုတဲ့ရလဒ်က အဆင့်တူ၊ အလုံးအရပ်တူတဲ့ကြားမှာ ပေါ်ထွက်ဖို့ခက်တဲ့ ရလဒ်တစ်ခု။ ဒီတော့ သူတို့ဟာ အများလုပ်မပြနိုင်တာကို လုပ်ပြနိုင်တယ်။ တော်ရုံတန်ရုံအနေအထားနဲ့ လုပ်ဆောင်ဖို့မဖြစ်နိုင်တာကို လုပ်ပြခဲ့တဲ့အသင်း။ ပြောရရင် အဲဒီ၊ အဲဒီတွေနဲ့အတူ သူတို့ လျှောက်လမ်း ဘယ်ရွေ့ဘယ်မျှဆိုတာကိုပါ တွက်လာကြတယ်။ တွေးလာကြတယ်။

အထူးသဖြင့် သူတို့မှာ တွန်းအားခပ်ပြင်းပြင်းတစ်ခုရှိတယ်လို့ ကျွမ်းကျင်သူတွေက လက်ခံယုံကြည်တယ်။ သူတို့ဟာ ၂၀၁၀ တုန်းကလည်း ဗိုလ်လုပွဲတက်တယ်။ ဗိုလ်စွဲနိုင်လောက်တဲ့အထိလည်း ခြေရည်ခြေသွေးရှိခဲ့တဲ့ကြားက ဗိုလ်လုပွဲမှာ အချိန်ပိုရောက်မှ ကပ်ရှုံးကလေးရှုံးတယ်။ ၁၀၉ မိနစ်မှာ ဟိုင်တင်ဂါ အထုတ်ခံရပြီး ၁၁၆ မိနစ်မှာ ဂိုးပေးရတယ်။ လေးမိနစ်သာလိုတော့တဲ့ အချိန်ရောက်မှ အိပ်မက်တွေရပ်တန့်ခဲ့ရတဲ့အဖြစ်။ ဒါကို သူတို့ခံနိုင်ရည်ရှိပါ့မလား။ အဲဒီလို တော့လွဲလွဲခဲ့ရတဲ့အောင်မြင်မှုကို ရအောင်ပြန်ပြီး ယူပြမယ်ဆိုတဲ့စိတ်ပိုင်းဖြတ်မှု ခပ်ပြင်းပြင်းမရှိနိုင်ဘူးလား။ အဲဒါကို ဦးစားပေးစစ်ကြောတယ်။ အဓိကထားအဖြေရှာတယ်။

အဲဒီမှာမှ သူတို့ရဲ့ နောက်ဆုတ်ဖို့မြေမရှိတဲ့ အခြေအနေကိုတွေ့ကြတယ်။ အဓိကအရ ဒီတစ်ကြိမ်ဟာ သူတို့ရဲ့ ပင်မဒေါက်တိုင်ကစားသမားတွေအတွက် နောက်ဆုံးအခွင့်အရေးဖြစ်နေမှု။ ဒါကို ရှင်းရှင်းလင်းလင်းမြင်ကြတယ်။ ပြောရရင် ဗန်ပါစီ၊ ရော်ဘင်၊ စနိုက်ဒါ၊ ဒီဂျောင်၊ ရွန်ဗယ်လာတို့က အားလုံးအလန်းတွေချည်းပဲ။ ကမ္ဘာ့ဖလားဆိုတာက လေးနှစ်မှတစ်ကြိမ်ပွင့်တာ။ အဲဒီအတွက် နောက်တစ်ကြိမ်ဆိုရင် သူတို့ဟာ ၃၄ နှစ်ဝန်းကျင်တွေဖြစ်ကြတော့မယ်။ အခုလိုမျိုး ဟော်လန်နဲ့အတူ သူတို့ပါဝင်ခွင့်ရပါဦးမလား။ ပြီးတော့ ၂၀၁၀တုန်းက ကပ်ပြီး ထိချက်နာခဲ့တဲ့အထဲမှာ အဲဒီကစားသမားတွေက ထိပ်ဆုံးက။ ဒီတော့ အဲဒီအချက် နှစ်ချက်ကို ပေါင်းပြီး အဖြေထုတ်ကြည့်။ သူတို့ရဲ့ နောက်ဆုံးအချိန်မှာ ရှေ့ကမဖြစ်ခဲ့တာကို နာကြည်းချက်နဲ့ မဖြစ်ဖြစ်အောင်လုပ်ယူ၊ တိုက်ယူမယ့် စိတ်ဓာတ်အခြေခံ ခပ်ပြင်းပြင်း ရှိကိုရှိမယ်လို့တွက်ကြတယ်။ ပြောရရင် စပိန်နဲ့ပွဲက အဲဒီအခြေအနေဟာ အဲဒီစိတ်အခြေခံရဲ့ ပြယုဂ်တစ်ခုအဖြစ် ရှုမြင်သုံးသပ်ကြတယ်။ အထူးသဖြင့် သူတို့ဟာ စိတ်ဓာတ်အခြေခံတစ်ခုတည်းကောင်းမွန်နေတာမျိုးမဟုတ်ဘူး။ သူတို့ရဲ့ အဲဒီစိတ်ဓာတ်အခြေခံကို ထိန်းကွပ်မြှင့်တင်ပေးမယ့် ခြေစွမ်း၊ ခြေစကလည်း ရှိတယ်။ ဗန်ပါစီ၊ ရော်ဘင်၊ စနိုက်ဒါ၊ ဒီဂျောင် အားလုံးက ခြေရည်၊ ခြေသွေး၊ အတွေ့အကြုံ၊ ရင့်ကျက်မှု။ အရာအားလုံးမှာ အရင့်မှည့်ဆုံးအချိန်။ အကျဘက်ရောက်လုလုမှာ အမြင့်ဆုံးမှာတင်နေဆဲကာလ။ ပြီးတော့ အဲဒါကို ပေါင်းကူးပေးမယ့် လူငယ်ကစားသမားတွေရဲ့တက်ကြွတဲ့အား။ အတွေ့အကြုံလည်း အတော်အတန်ရှိ၊ ခြေကလည်းမနိမ့်တဲ့ အလတ်ပိုင်းအရွယ်ကစားသမားတွေရဲ့ လုပ်အားနှုန်းအားလုံး ပေါင်းလိုက်တဲ့အခါ ဟော်လန်ဟာ စိတ်ဓာတ်၊ ခြေစွမ်း၊ စုဖွဲ့မှုမှာ အားလုံးပြည့်စုံသွားတယ်။




အဲဒီနေရာမှာ ထပ်ပြီး ပေါင်းထုပ်လာတာက ဗန်ဟားလ်ရဲ့ အခြေအနေ။ အထူးသဖြင့် ဒီပြိုင်ပွဲဟာ ဟော်လန်နဲ့ ဗန်ဟားလ်ရဲ့ နောက်ဆုံးပေါင်းထုပ်မှု။ ဒီပွဲပြီးတာနဲ့ ဟော်လန်နည်းပြဘဝကနေ မန်ယူမန်နေဂျာဖြစ်တော့မယ့်သူ။ သူ့မှာလည်း အခြေအနေနှစ်ရပ်အတွက် စိတ်ပိုင်းဖြတ်မှုတစ်ခုရှိတယ်။ အထူးသဖြင့် သူဟာ ဟော်လန်ကို ၂၀၀၀ ကနေ ၂၀၀၂ အထိ ပထမအကြိမ် တာဝန်ယူဖူးတယ်။ အဲဒီမှာ ဟော်လန်ဟာ ၂၀၀၂ ကမ္ဘာ့ဖလားခြေစစ်ပွဲမအောင်ဘူး။ အဲဒါက သူ့အတွက် သမိုင်းကြွေး။ ပထမတစ်ချက်အနေနဲ့ ဒါက ပထမဆုံး ပြန်ပြီးပေးဆပ်ရမယ့် သူရဲ့တာဝန်။ ဒုတိယအချက်ကျတော့ ပြောခဲ့ပြီးသလို ဒီပြိုင်ပွဲပြီးတာနဲ့ သူနဲ့ ဟော်လန်ကတစ်ခန်းရပ်ပြီ။ နယ်မြေသစ်ကို ခြေချရမယ်။ အဲဒီမှာ နယ်မြေသစ်ကို ခေါင်းမော့ရင်ကော့ပြီး ဝင်ချင်တဲ့စိတ် သူ့မှာရှိတယ်။ အရှင်းဆုံးပြောရရင် အဲဒီအရာနှစ်ခုစလုံးအတွက် ပစ်မှတ်ကတစ်ခုတည်း။ အဲဒါက ဒီ ၂၀၁၄ မှာ ဟော်လန်နဲ့အတူ အောင်ပွဲရရေး။ အဲဒီအတွက် အောင်ပွဲမရမဖြစ်ဆိုတဲ့စိတ်လည်း သူ့မှာရှိမယ်။ အောင်ပွဲရဖို့ ဉာဏ်ကုန်သုံးမယ့် အခြေအနေလည်းရှိမယ်။ ဒီတော့ ဟော်လန်ကို ပိုင်းဖြတ်ကြည့်ရင် နည်းပြကအစ ကစားသမားအဆုံး။ စိတ်အခြေခံကောင်းကောင်းရှိတယ်။ အဲဒီစိတ်အခြေခံကောင်းကို ပေါင်းသင်ပြုပြင်စုဖွဲ့မှု ကောင်းလည်းရှိတယ်။ ဒီတော့ဘာလိုသလဲ။ ပြောရရင် သူတို့မှာလိုနေတာ တစ်ခုပဲရှိတယ်။ အဲဒါက အဖျားမရှူးဖို့။ ပြောရရင် သူတို့သာ အဲဒီ အဖျားရှူးတတ်တဲ့ အစဉ်အလာကို အရင်ကတည်းကပြုပြင်နိုင်ခဲ့ရင် ကမ္ဘာ့ချန်ပီယံဆုဆိုတာ သူတို့အတွက် ရပြီးသားဆုတံဆိပ်တစ်ခုဖြစ်နေပြီ။ ထပ်ပြောရရင် သူတို့ဟာ ၂၀၁၀ တုန်းကလည်း ဗိုလ်လုပွဲရောက်တယ်။ ဒါပေမယ့် အဲဒီမှာ ရှုံးတယ်။ ၁၉၇၄ နဲ့ ၁၉၇၈ တို့မှာလည်း ဗိုလ်လုပွဲရောက်တယ်။ ဒါပေမယ့် အဲဒီမှာရှုံးတယ်။ ၁၉၉၈ တုန်းကလည်း အကောင်းဆုံးခြေစွမ်းနဲ့ ဆီမီးတက်ခဲ့ပေမယ့် ဆီမီးမှာရှုံးတယ်။ ဒီတော့ ဒီတစ်ကြိမ်မှာရော အဲဒီလိုဖြစ်မဖြစ် ပြောဖို့တော့ခက်တယ်။ အထူးသဖြင့် သူတို့ရဲ့ စိတ်ပိုင်းဖြတ်မှုဟာ အဆုံးစွန် ခိုင်မာမှု ရှိ မရှိ။ အဲဒီအချက်ဟာ အဲဒီအဖျားရှူးမှုအပေါ် ကြီးကြီးမားမား အကျိုးသက်ရောက်မှုရှိတယ်။

ပြောချင်တာက အခုအဖွင့်မှာ စပိန်ကိုနိုင်တယ်။ နိုင်တာမှ အပြတ်အသတ်ကိုနိုင်တာ။ စပိန်ဆိုတာက ပြီးခဲ့တဲ့ တစ်ကြိမ်ဗိုလ်လုပွဲမှာ သူတို့ကို အနိုင်ယူ ဗိုလ်စွဲသွားတဲ့အသင်း။ ဒီတော့ အဲဒီအနိုင်ပွဲဟာ သူတို့အတွက် လက်စားချေမှုပြီးမြောက်ပြီလို့ ခံယူမလား။ တကယ်လို့ အဲဒီလိုသာခံယူခဲ့ရင်တော့ သူတို့ဟာ အစဉ်အလာအတိုင်း အဖျားရှူးဖို့ ပိုနီးစပ်မယ်။ ဒါမှမဟုတ် ပြိုင်ပွဲပြီးဆုံးတဲ့အထိ အဲဒီစိတ်အခြေခံအတိုင်း ဆက်သွားမလား။ ဒါဆိုရင်တော့ ခပ်မြင့်မြင့် မျှော်လင့်နိုင်မယ်။ ဒီတော့ သူတို့ရဲ့စိတ်အခြေခံ ဘယ်လိုရှိမလဲ။ အုပ်စုဒုတိယပွဲဖြစ်တဲ့ ဩစတြေးလျနဲ့ပွဲကစလို့ စောင့်ကြည့်ရုံမှတစ်ပါး အခြားမရှိနိုင်ဘူး။




အရှင်းဆုံးပြောရရင် ဩစတြေးလျကိုနိုင်ရင် အုပ်စုဗိုလ်ဖြစ်နိုင်မယ်။ အုပ်စုပထမဖြစ်ရင် ဘရာဇီးကို ရှောင်နိုင်မယ်ဆိုတော့ ဟော်လန်ရဲ့လားရာကို သူတို့ရဲ့ စိတ်ပိုင်းဖြတ်မှုနဲ့ ချင့်ချိန်ရုံကလွဲလို့ အခြားမရှိဘူး။

== ဝေမိုးဆက် ==

ချီလီနဲ့ပွဲမှာ အပြောင်းအလဲတွေပြုလုပ်ဖို့ရှိနေတယ်လို့ ဆိုလိုက်တဲ့

# စပိန်နည်းပြ ဒဲလ်ဘောစကေး

စပိန်အသင်းနည်းပြ ဒဲလ်ဘောစကေးတစ်ယောက်ဟာ အသင်း ရဲ့ပွဲဦးထွက်မှာ ဟော်လန်အသင်းကို ၅-၁နဲ့ ရှုံးနိမ့်ခဲ့တာကြောင့် ဒုတိယပွဲစဉ်ဖြစ်တဲ့ ချီလီအသင်းနဲ့ ပွဲမှာတော့ အသင်းရဲ့ လူစာရင်းကိုအပြောင်းအလဲ ပြုလုပ်သွားဖို့ကို စဉ်းစားထားတယ်လို့ဆိုပါတယ်။

ဒဲလ်ဘောစကေးက သူ့အနေနဲ့ ရှုံးနိမ့်ခဲ့သည့် ပွဲအပေါ် အပြစ်တင်မှုမရှိပေမယ့် အရှုံးကို အကောင်းဆုံး လေ့လာမှုများ ပြုလုပ်ထားတယ်လို့လည်း ဆိုလိုက်ပါတယ်။

ဒါ့အပြင် အသင်းနဲ့ပတ်သက်ပြီး ဒဲလ်ဘောစကေးက "ကျွန်တော့်အနေနဲ့ အနည်းငယ်ပြောင်းလဲမှုတွေတော့ လုပ်သွားဖို့ရှိနိုင်ပါတယ်။ ဒါပေမယ့် ဘယ်အရာကိုမှ အလောတကြီးနဲ့ ပြုလုပ်သွားဖို့တော့မရှိပါဘူး။ အခုဟာက ကာလတိုပြိုင်ပွဲဖြစ်တဲ့အတွက် အကောင်းဆုံးရလဒ်တစ်ခုရဖို့ကို ကြိုးစားသွားမှာပါ"လို့လည်း ပြောဆိုခဲ့ပါတယ်။

ဒါ့အပြင် ဟော်လန်အသင်းကို ရှုံးနိမ့်ခဲ့တဲ့ပွဲမှာ လက်စွမ်းညံ့ဖျင်းမှုရှိသည်ဟု ဝေဖန်မှုများခံနေရသည့် ကာဆီးလက်စ်နဲ့ပတ်သက်ပြီးလည်း ဒဲလ်ဘောစကေးက "ကာဆီးလက်စ်ဟာ အမြဲတမ်းအသင်းကို ဦးဆောင်နိုင်တဲ့သူတစ်ဦးပါ။ သူဟာအသင်းအတွက် အကောင်းဆုံး ကစားပေးနေတဲ့သူလည်းဖြစ်ပါတယ်"ဟုလည်းပြောဆိုခဲ့ပါတယ်။

အခုလက်ရှိအချိန်မှာတော့ စပိန်အသင်းမှာ အရန်ကစားသမားအဖြစ် လိုက်ပါလာတဲ့ မန်ယူအသင်းဂိုးသမား ဒီဂီယာကလည်း လေ့ကျင့်ရေးကွင်းမှာရရှိခဲ့တဲ့ ဒဏ်ရာကြောင့် အသင်းရဲ့အုပ်စုပွဲစဉ်တွေမှာ ပါဝင်ကစားနိုင်ဖို့ အခြေအနေမရှိတာကြောင့် လက်ရှိစပိန်အသင်းမှာတော့ ဂိုးသမားအနေနဲ့ ကာဆီးလက်စ်နဲ့ ပီပီရေးနာတို့သာရှိပါတယ်။

ဒီဂီယာနဲ့ပတ်သက်ပြီး စပိန်အသင်းက" ဒီဂီယာရဲ့ ဒဏ်ရာကို ဆေးစစ်မှုတွေပြုလုပ်ခဲ့ပြီးတဲ့အခါမှာတော့ သူဟာအသင်းအုပ်စုအဆင့်ပွဲတွေမှာ ပါဝင်ကစားနိုင်ဖို့ မရှိဘူးလို့ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။ သူဟာအသင်းနဲ့ အတူလေ့ကျင့်ခန်းဆင်းရင်း ခြေထောက်ကြွက်သား ဒဏ်ရာရရှိသွားခဲ့တာပါ"လို့လည်း ထုတ်ပြန်ပြောဆိုထားခဲ့ပါတယ်။

ဒါ့အပြင် စပိန်အသင်းရဲ့ အနေအထားနဲ့ပတ်သက်ပြီးလည်း နည်းပြဒဲလ်ဘောစကေးက "ကျွန်တော်တို့ဟာ ကမ္ဘာ့ဖလားမှာ ကစားဖို့အတွက် ကစားသမား ၂၃ ယောက်ခေါ်ယူခဲ့ပါတယ်။ သူတို့ဟာ ကမ္ဘာ့ဖလားခြေစစ်ပွဲတုန်းကလည်း အကောင်းဆုံးပါဝင်ကစားတဲ့ ကစားသမားတွေလည်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သူတို့ကို အကောင်းဆုံးထိန်းချုပ်ပြီး အပြောင်းအလဲတွေ ပြုလုပ်ထားနိုင်ပါတယ်။ ကျွန်တော်တို့အသင်းရဲ့ ကစားသမားတိုင်းဟာ ပြည့်ဝတဲ့အရည်အချင်းတွေရှိပါတယ်။ ချီလီအသင်းနဲ့ပွဲမှာ အကောင်းဆုံးရလဒ်တွေရယူသွားဖို့အတွက် အဆင်သင့်ဖြစ်နေပါတယ်။

■ အောင်က

အယ်တီဒေါ

# အမေရိကန်တိုက်စစ်မှူး အယ်တီဒေါ ဒဏ်ရာကြောင့် လက်ကျန်ပွဲများ လွဲချော်ရဖွယ်ရှိနေ

ယမန်နေ့တွင် ကစားခဲ့သည့် အမေရိကန်အသင်းနှင့် ဂါနာအသင်းတို့၏ အုပ်စု (H) ၏ အုပ်စုအဖွင့်ပွဲစဉ်တွင် အမေရိကန်တိုက်စစ်မှူး အယ်တီဒေါသည် တံကောက်ကြောဒဏ်ရာရရှိခဲ့သည့်အတွက် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အမေရိကန်အသင်း၏ လက်ကျန်ပွဲများကို ပါဝင်မကစားနိုင်တော့မည့်အခြေအနေသို့ ရောက်ရှိသွားသည်။

ပရီမီယာလိဂ်ကလပ် ဆန်းဒါးလန်းတိုက်စစ်မှူး အယ်တီဒေါသည် ဒဏ်ရာရရှိခဲ့သည့်အတွက် ပွဲချိန် ၂၃ မိနစ်တွင် ဂျိုဟန်ဆင်နှင့် လူစားလဲခဲ့ရသည်။ အကယ်၍ အမေရိကန်အသင်း၏ အဓိကတိုက်စစ်မှူး အယ်တီဒေါသာ ယခုရရှိခဲ့သည့် ဒဏ်ရာကြောင့် အသင်း၏လက်ကျန်ပွဲများကို ပါဝင်နိုင်မည်မဟုတ်ခဲ့လျှင် အမေရိကန်အသင်းနည်းပြ ကလင်းစမန်းအတွက် အဓိကထိုးနှက်ချက်တစ်ခုဖြစ်ရဖွယ်ရှိနေသည်။

၂၀၁၃ ခုနှစ်တွင် ဟော်လန်ကလပ် အယ်ခမာအသင်းမှ ဆန်းဒါးလန်းသို့ပြောင်းရွှေ့လာခဲ့သည့် အယ်တီဒေါသည် ပြီးခဲ့သည့်နှစ်ဘောလုံးရာသီက အသင်းအတွက် ပရီမီယာလိဂ် သွင်းဂိုးတစ်ဂိုးသာသွင်းယူထားနိုင်သော်လည်း အမေရိကန်လက်ရွေးအသင်းအတွက်မူ ပွဲ ၇၀ ကစားအပြီးတွင် ၂၃ ဂိုးအထိ သွင်းယူပေးထားသူလည်းဖြစ်သည်။

အယ်တီဒေါဒဏ်ရာကြောင့် လူစားလဲခဲ့စဉ်တွင် အမေရိကန်အသင်းသည် ဂါနာကို ၁-၀ ဖြင့် အနိုင်ရရှိနေပြီး ပွဲပြီးဆုံးချိန်တွင် အမေရိကန်က ဂါနာကို ၂-၁ ဖြင့် အနိုင်ရရှိခဲ့သည်။

ဖြိုးဒေါ်လာ

# ကမ္ဘာ့ဖလားအိပ်မက်တွေ ပျက်ပြယ်သွားတဲ့ ဩစတြေးလျခံစစ်မှူး ဖရန်ဂျစ်

ဩစတြေးလျရဲ့အဓိကအားကိုးရတဲ့ ခံစစ်မှူးတစ်ဦးဖြစ်တဲ့ ဖရန်ဂျစ်တစ်ဦးကတော့ တံကောက်ကြောဒဏ်ရာကြောင့် ကမ္ဘာ့ဖလားမှာကစားမယ့် ဩစတြေးလျအသင်းနဲ့အတူ ပါဝင်ကစားနိုင်တော့မှာ မဟုတ်ဘူးလို့လည်း ပြောဆိုလိုက်ပါတယ်။ ဒါဟာ သူ့အတွက် ကြီးမားတဲ့ဆုံးရှုံးမှုတစ်ခုဖြစ်သလို အသင်းအတွက်လည်း ကြီးမားတဲ့ဆုံးရှုံးမှုဖြစ်ပါတယ်။

ဩစတြေးလျရဲ့ ခံစစ်မှူးတစ်ဦးဖြစ်တဲ့ ဖရန်ဂျစ်ဟာ ဩစတြေးလျက ချီလီအသင်းကို ၃-၁နဲ့ ရှုံးနိမ့်ခဲ့တဲ့ပွဲမှာ တံကောက်ကြောဒဏ်ရာကြောင့် ကွင်းထဲကနေလူစားလဲပြီး ထွက်ခွာခဲ့ရပါတယ်။ အသေးစိတ်ဆေးစစ်မှုတွေ ပြုလုပ်ခဲ့ပြီးတဲ့နောက်မှာတော့ သူဟာ အသင်းနဲ့အတူ ပါဝင်ကစားနိုင်ဖို့ လုံးဝမရှိတော့ဘူးဆိုတာဟာ ပိုမိုသေချာလို့သွားခဲ့ရပါတယ်။ ဒါပေမယ့် ဒီဒဏ်ရာဟာ သူ့အတွက်တော့ ဒုတိယအကြိမ်ရရှိခဲ့တဲ့ ဒဏ်ရာဖြစ်ပြီး ပြီးခဲ့တဲ့လ တောင်အာဖရိကအသင်းနဲ့ ခြေစမ်းပွဲကစားတုန်းကလည်း အလားတူဒဏ်ရာမျိုးရရှိခဲ့ပါသေးတယ်။

ဖရန်ဂျစ်ရဲ့ဒဏ်ရာနဲ့ပတ်သက်ပြီးလည်း ဩစတြေးလျနည်းပြပိုစတီကိုဂလူးက "ဖရန်ဂျစ်ရဲ့ ဒဏ်ရာဟာ လုံးဝမကောင်းသေးပါဘူး။ သူ့ရဲ့ဒဏ်ရာကို ဆေးစစ်မှုတွေ ပြုလုပ်ကြည့်တော့လည်း တံကောက်ကြောဒဏ်ရာရရှိသွားတာက သေချာပါတယ်။ သူဟာအသင်းနဲ့အတူ ကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ ပါဝင်နိုင်တော့မှာမဟုတ်ပါဘူး။ ဒါဟာ တကယ်ကို စိတ်ပျက်စရာ ကောင်းတဲ့အရာလည်းဖြစ်ပါတယ်"လို့လည်း ပြောဆိုခဲ့ပါတယ်။

ဩစတြေးလျအသင်းနဲ့အတူ ကိုးပွဲသာ ပါဝင်ကစားခွင့်ရရှိထားတဲ့ ဖရန်ကီကလည်း"ကျွန်တော့်အနေနဲ့ ကမ္ဘာ့ဖလားမှာပါဝင်ကစားနိုင်ဖို့ကို အကောင်းဆုံး ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် မိနစ်၅၀လောက်ကစားပြီးတဲ့အခါမှာတော့ ဒဏ်ရာရရှိသွားခဲ့ပြီး ကျွန်တော့်ရဲ့ ကမ္ဘာ့ဖလားအိပ်မက်ဟာလည်း ပြီးဆုံးသွားပါတယ်။ ကျွန်တော့်ရဲ့ ဒဏ်ရာနဲ့ပတ်သက်ပြီး စိတ်ပျက်မိပေမယ့် အသင်းရဲ့ကစားသမားတွေကိုတော့ အကောင်းဆုံး အောင်မြင်မှုတွေ ရယူနိုင်ဖို့အတွက် ၁၀၀ရာခိုင်နှုန်းအပြည့် အားပေးထောက်ခံနေမှာပါ"လို့လည်း ပြောဆိုခဲ့ပါတယ်။

ဩစတြေးလျတိုက်စစ်မှူး လက်ကီးက အသင်းအနေနဲ့ ပထမဦးဆုံးပွဲမှာ ချီလီအသင်းကို ရှုံးနိမ့်ခဲ့ပေမယ့် စပိန်အသင်းကို ဂိုးပြတ်ဖြင့် နိုင်ခဲ့သော ဟော်လန်အသင်းကို အကောင်းဆုံး အနိုင်ကစားနိုင်လိမ့်မယ်လို့လည်း ယုံကြည်မိကြောင်းကိုလည်း ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။

ထို့အပြင် ဩစတြေးလျတိုက်စစ်မှူးလက်ကီးက"ကျွန်တော်တို့အသင်းဟာ ဟော်လန်အသင်းကို အကောင်းဆုံး အနိုင်ကစားနိုင်မယ်ဆိုတာ သေချာပါတယ်။ ကျွန်တော်တို့ အသင်းအနေနဲ့ ချီလီအသင်းနဲ့ ကစားခဲ့တဲ့နေ့ကထက် ပိုမိုကောင်းမွန်စွာ ကစားနိုင်မယ်ဆိုရင်တော့ ဟော်လန်အသင်းကို အနိုင်ရရှိဖို့အတွက် အခွင့်အရေးတွေရရှိလာမှာ သေချာပါတယ်"လို့လည်းပြောဆိုခဲ့ပါတယ်။

အောင်က

# ရွှေဖိနပ်ဆုနဲ့ အကျိုးပေးမှာလား သောမတ်မူလာ

၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စု(G)က ဂျာမနီနဲ့ ပေါ်တူဂီအသင်းတို့ ဇွန် ၁၇ ရက် နံနက်ကစားတဲ့ပွဲမှာ ဂျာမနီတိုက်စစ်မှူး သောမတ်မူလာက သုံးဂိုးသွင်းယူပြီး ဟက်ထရစ်ရရှိခဲ့သလို ဂိုးအများဆုံးသွင်းယူနိုင်သူတွေအနက် ထိပ်ဆုံးနေရာကို ရပ်တည်နိုင်ခဲ့ပါတယ်။

သောမတ်မူလာဟာ ဒီပွဲမှာ ဂျာမနီအတွက် အဖွင့်ဂိုးကို ပွဲချိန် ၁၂မိနစ်မှာ ပယ်နယ်တီမှတ်ဆင့် ဂိုးသွင်းယူခဲ့တာဖြစ်ပြီး ဒုတိယဂိုးကို ပွဲချိန် ၇၈ မိနစ်မှာ သွင်းယူခဲ့တာဖြစ်ပါတယ်။

သောမတ်မူလာရဲ့ သွင်းဂိုးတွေကိုကြည့်ရင် တစ်ဂိုးသွင်းနှုန်းကြာချိန် ၂၇ မိနစ်ခန့်ရှိခဲ့တယ်လို့ဆိုပါတယ်။ ဒါကြောင့် ဒီနှစ်ဂိုးအများဆုံးသွင်းယူထားတဲ့ ဘောလုံးသမားတွေအနက် သောမတ်မူလာဟာ ထိပ်ဆုံးကို ရောက်ရှိသွားတာဖြစ်ပါတယ်။

ဒါ့အပြင် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ သောမတ်မူလာဟာ ပထမဆုံး ဟက်ထရစ်သွင်းယူနိုင်တဲ့ ကစားသမားအဖြစ် မှတ်တမ်းဝင်သွားခဲ့ပြီဖြစ်ပါတယ်။ ဂျာမနီ နဲ့ ပေါ်တူဂီအသင်းတို့ပွဲမှာ သောမတ်မူလာဟာ အပိုင် ဂိုးသွင်းခွင့် လေးကြိမ်ရရှိခဲ့ပြီး သုံးဂိုးရရှိအောင် သွင်းယူနိုင်ခဲ့ပေမယ့် ဂိုးသွင်းနိုင်မှုအနေအထားအရကြည့်ရင် ၇၅ ရာခိုင်နှုန်းရှိခဲ့တယ်လို့ ဆိုပါတယ်။

အခုဆိုရင် သောမတ်မူလာရဲ့ နောက်ဒုတိယနေရာမှာတော့ နယ်သာလန်တိုက်စစ်မှူး ဗန်ပါစီ၊ ဘရာဇီးတိုက်စစ်မှူး နေမာ၊ ပြင်သစ်တိုက်စစ်မှူး ဘင်ဇီမာ၊ နယ်သာလန်တောင်ပံတိုက်စစ်မှူး ရော်ဘင်တို့ အစဉ်လိုက်ရပ်တည်နေကြပါတယ်။

သောမတ်မူလာဟာ ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ်တွေကစားခဲ့တဲ့ နောက်ဆုံးပွဲစဉ်လေးပွဲမှာ အခုသုံးဂိုးသွင်းယူနိုင်တာနဲ့ပေါင်းရင် စုစုပေါင်းသွင်းဂိုး ခြောက်ဂိုးအထိ ဂျာမနီအသင်းအတွက် သွင်းယူပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။

"ဒီပွဲမှာ သုံးဂိုးသွင်းယူနိုင်တဲ့အတွက် ကိုယ်တိုင်လည်း ကျေနပ်အားရပါတယ်။ ကစားဖော်တွေရဲ့ ပံ့ပိုးကူညီမှုတွေလည်း အများကြီးပါဝင်တယ်။ ကျွန်တော်ဟာ ပွဲကစားတိုင်း ဖိအားကင်းကင်းနဲ့ကစားခဲ့လို့ အခုလို ဂိုးတွေသွင်းယူနိုင်တယ်လို့ ယူဆပါတယ်"ဟု သောမတ်မူလာက ပြောကြားပါတယ်။

သောမတ်မူလာဟာ ပြီးခဲ့တဲ့ ၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ရွှေဖိနပ်ဆု ရရှိခဲ့သူတစ်ဦးဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲမှာ သောမတ်မူလာဟာ စုစုပေါင်း ငါးဂိုးသွင်းယူခဲ့ပြီး ကစားဖော်တွေ သုံးဂိုးသွင်းယူနိုင်အောင်လည်း ပံ့ပိုးဖန်တီးပေးနိုင်ခဲ့သူဖြစ်ပါတယ်။

ဒါကြောင့် အခု ၂၀၁၃ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ သောမတ် မူလာရဲ့ အဖွင့်ပွဲစဉ် ဂိုးသွင်းမှုကတော့ ရွှေဖိနပ်ဆုကို ချိန်ရွယ်လိုက်ပြီဖြစ်ပါတယ်။

ကိုဝ

# ချီလီနဲ့ပွဲကို ဗိုလ်လုပွဲသဖွယ်ကစားရမည်ဟု စပိန်တိုက်စစ်မှူး ပက်ဒရိုပြောဆို

စပိန်အသင်းတိုက်စစ်မှူး ပက်ဒရိုက အဖွင့်ပွဲတွင် ဟော်လန်ကို ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့်အတွက် အုပ်စုဒုတိယပွဲစဉ်ဖြစ်သည့် ချီလီနှင့်ကစားရမည့်ပွဲမှာ ဗိုလ်လုပွဲသဖွယ်ဖြစ်သွားသည်ဟု ပြောဆိုလိုက်သည်။ စပိန်အသင်းသည် ချီလီနှင့်ပွဲတွင် ရှုံးနိမ့်သွားပြီး ဟော်လန်အသင်းက ဩစတြေးလျနှင့်ပွဲတွင် ရမှတ်ရရှိခဲ့ပါက စပိန်အသင်းသည် အုပ်စုမှပင်လှည့်ပြန်ရမည့်အခြေအနေသို့ ရောက်ရှိသွားမည်ဖြစ်သည်။ ပက်ဒရိုကမူ သူအပါအဝင် စပိန်အသင်းသားများသည် ချီလီနှင့်ပွဲအတွက် စိုးရိမ်စိတ်များဝင်နေသည်ဟု ပြောဆိုမသွားခဲ့သော်လည်း စပိန်နှင့် ချီလီတို့ကစားရမည့်ပွဲမှာ သူတို့၏ နောက်ဆုံးအခွင့်အရေးဖြစ်နေသည်ကို နားလည်ထားသည်။

ပက်ဒရိုက "ဒီပွဲဟာ ကျွန်တော်တို့အတွက် စိုးရိမ်စရာဖြစ်နေတယ်လို့ ကျွန်တော်မထင်မိပေမယ့် ကျွန်တော်တို့အတွက် တစ်ခုတည်းသော အခွင့်အရေးပါ။ ဒါဟာ ကျွန်တော်တို့အတွက် ဗိုလ်လုပွဲဖြစ်သလို ဒီအတွက်လည်း ပြင်ဆင်မှုတွေပြုလုပ်ထားပြီးဖြစ်ပါတယ်။ ဒီပွဲကို ရှုံးလို့မဖြစ်ပါဘူး။ ကျွန်တော်တို့ဟာ စုစည်းမှုကောင်းပြီး ကစားရခက်တဲ့ ချီလီအသင်းနဲ့ ကစားရမှာမို့ ဒီပွဲဟာ ပွဲကောင်းတစ်ပွဲဖြစ်မှာပါ။ ကျွန်တော်တို့မှာ နောက်ထပ်အခွင့်အရေးမရှိတော့လို့ ဒီပွဲအတွက် အကောင်းဆုံးပြင်ဆင်ပြီး အနိုင်ရသွားအောင် ကစားဖို့လိုပါတယ်"ဟု ပြောသွားသည်။

ဖြိုးဒေါ်လာ

## သတင်းတိုများ

- ပေါ်တူဂီသည် ယခုအချိန်ထိ ကမ္ဘာ့ဖလားပွဲစဉ်ပေါင်း ၁၅ ပွဲ ကစားခဲ့ရာတွင် အနီကတ် ခြောက်ကတ်ထိခဲ့သည်။
- ပေါ်တူဂီအသင်းအတွက် ကမ္ဘာ့ဖလား သမိုင်း၌ တစ်ပွဲတည်း လေးဂိုးအသွင်း ခံရသည်မှာ ပထမဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့သည်။
- ၂၀၁၄ ကမ္ဘာ့ဖလားပွဲ၌ ပေါ်တူဂီကစားသမား ပီပီသည်အနီကတ်ပြ အထုတ်ခံရသည့် တတိယမြောက် ကစားသမား ဖြစ်လာသည်။

# စပိန်အသင်း နိုင်ပွဲရဖို့ ရုန်းကန်ရနိုင်ပြီး ဟော်လန်အသင်း နိုင်ပွဲဆက်မယ်

စပိန်ကို ဂိုးပြတ်အနိုင်ယူပြီး ကမ္ဘာ့ဘောလုံးလောကကို အံ့အားသင့်စေခဲ့တဲ့ ဟော်လန်အသင်းဟာ အုပ်စုဒုတိယပွဲအဖြစ် ခြေစွမ်းသာမန်သာရှိတဲ့ ဩစတြေးလျနဲ့ ရင်ဆိုင်ရမှာမို့ ရလဒ်ကောင်းရရှိဖို့ အလားအလာများတယ်။ စပိန်ကတော့ ချီလီနဲ့ ကစားရမှာဖြစ်ပြီး အနိုင်ရလဒ်ရရှိရေးအတွက် ခြေကုန်ထုတ်ရုန်းကန်ရမှာပါ။

**ဩစတြေးလျ Vs ဟော်လန်**

| | |
|---|---|
| ကစားမည့် ရက်၊ အချိန်နှင့် ကွင်း | ၁၈-၆-၂၀၁၄၊ ည ၁၀း၃၀ Estadio Beira-Rio |
| နောက်ဆုံးဆုံတွေ့မှုရလဒ် | ဩစတြေးလျ ၀-၀ ဟော်လန် (၁၀-၁၀-၂၀၀၉) |

ကမ္ဘာ့ဖလား အုပ်စုအဖွင့်ပွဲမှာ ချီလီအသင်းကို အရေးနိမ့်ခဲ့ရတဲ့ ဩစတြေးလျအသင်းဟာ အသင်းလိုက်ခြေစွမ်းပိုင်းမှာလည်း မယှဉ်နိုင်ခဲ့ဘူး။ အပိုင်ဂိုးကန်သွင်းခွင့် တစ်ကြိမ်သာရရှိခဲ့တဲ့ ဩစတြေးလျတိုက်စစ်ဟာ ဟော်လန်ခံစစ်ကို ဖိအားပေးနိုင်ဖို့ အခွင့်အရေးနည်းပါးလွန်းတယ်။ ဒ့ါအပြင် ဩစတြေးလျအသင်းရဲ့ အဓိကဘယ်တောင်ပံကွင်းလယ်ကစားသမား အိုင်ဗန်ဖရန်ဂျစ်ကလည်း ဒဏ်ရာကြောင့် ပါဝင်နိုင်မှာမဟုတ်လို့ ဩစတြေးလျရဲ့ ခံစစ်တည်ငြိမ်မှု ပိုမိုအားနည်းသွားနိုင်တာကို သတိပြုရမယ်။ ဩစတြေးလျဟာ ဟော်လန်နဲ့ သုံးကြိမ်ဆုံတွေ့မှုမှာ တစ်ပွဲသာ ရှုံးနိမ့်ပြီး နှစ်ပွဲသရေကစားနိုင်ခဲ့တဲ့ မှတ်တမ်းကောင်းရှိပေမယ့် အခုပွဲမှာတော့ ဟော်လန်ကို ခြေရည်တူ ယှဉ်နိုင်မှာမဟုတ်ဘူး။ အဖွင့်ပွဲမှာ လက်ရှိချန်ပီယံ စပိန်ကို ဂိုးပြတ်အနိုင်ရရှိခဲ့လို့ စိတ်ဓာတ်ပိုင်း တက်ကြွနေမယ့် ဟော်လန်အသင်းဟာ နည်းပြ ဗန်ဟားလ်ရဲ့ ဗျူဟာမှာ အကောင်းဆုံးလှုပ်ရှားနေနိုင်တဲ့အသင်းမို့ ဩစတြေးလျကို ဖိအားပေးနိုင်မှာပါ။ ဗန်ပါစီ၊ ရော်ဘင်တို့ကလည်း ဂိုးသွင်းခြေရနေလို့ အားနည်းမှုရှိနေတဲ့ ဩစတြေးလျခံစစ်အနေနဲ့ ဟော်လန်တိုက်စစ်ကို ထိန်းချုပ်ဖို့ခက်တယ်။ ဟော်လန်အသင်းပဲ နိုင်ပွဲရမှာဖြစ်သလို ဂိုးလည်း ပြတ်နိုင်တယ်။

**ဖြစ်နိုင်ဖွယ်ရလဒ် ၀-၃**

**စပိန် Vs ချီလီ**

| | |
|---|---|
| ကစားမည့် ရက်၊ အချိန်နှင့် ကွင်း | ၁၉-၆-၂၀၁၄၊ နံနက် ၁း၃၀ Estadio do Maracana |
| နောက်ဆုံးဆုံတွေ့မှုရလဒ် | စပိန် ၂-၂ ချီလီ (၁၁-၉-၂၀၁၃) |

ကမ္ဘာ့ဖလား လက်ရှိချန်ပီယံ စပိန်အသင်းအနေနဲ့ အုပ်စုတက်ရေး မျှော်လင့်ချက်အတွက်သာမက အဖွင့်ပွဲမှာ ဟော်လန်ကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ရလို့ ကျဆင်းခဲ့ရတဲ့ ဂုဏ်သိက္ခာအတွက် အခုပွဲမှာ နိုင်ပွဲရှာဖွေနိုင်ဖို့ အားစိုက်လာမှာပါ။ ဒါပေမယ့် စပိန်ခံစစ်ပိုင်းအားနည်းသလို ဂိုးသမား ကာဆီးလက်စ်ကလည်း အမှားအယွင်းများနေတယ်။ ဂိုးသမား ဒီဂီယာကလည်း ဒဏ်ရာရနေလို့ ကာဆီးလက်စ်ကို မသုံးဘူးဆိုရင် ပီပီရေနာကိုသာ သုံးရမယ့် စပိန်နောက်တန်းရဲ့ လုံခြုံမှုက ရာနှုန်းပြည့် စိတ်ချရမှုမရှိဘူး။ ကွင်းလယ်ပိုင်းစုဖွဲ့မှုကောင်းပေမယ့် စပိန်တိုက်စစ်မှူးတွေရဲ့ လက်ရှိခြေစွမ်းက အကျပိုင်းရောက်နေလို့ ချီလီခံစစ်ကို ပွဲချိန်ပြည့် ဖိအားပေးနိုင်ဖို့ မလွယ်ဘူး။ စပိန်နဲ့ နောက်ပိုင်းဆုံတွေ့မှုတွေမှာ ရုန်းအားကောင်းမွန်ခဲ့တဲ့ ချီလီက ခြေစွမ်းပိုင်းကောင်းမွန်နေပြီး နောက်တစ်ဆင့်တက်ရေးမျှော်လင့်ချက်အတွက် အားထည့်ကစားလာမှာပါ။ ချီလီရဲ့ ခံစစ်ပိုင်းကစားပုံ မဆိုးသလို အလက်ဇီဆန်းချက်ဇ်၊ ဗာဂက်စ်တို့ ဦးဆောင်တဲ့ ချီလီတိုက်စစ်ကလည်း ရရှိလာတဲ့အခွင့်အရေးတွေကို အပြည့်အဝ အသုံးချနိုင်တဲ့ တိုက်စစ်မို့ အားနည်းတဲ့ စပိန်ခံစစ်ရုန်းကန်ရမှာပါ။ စပိန်အသင်း အနိုင်ရနိုင်ပေမယ့် ဂိုးပြတ်ဖို့တော့ ခက်တယ်လို့ သုံးသပ်မိတယ်။

**ဖြစ်နိုင်ဖွယ်ရလဒ် ၂-၁**

**ကင်မရွန်း Vs ခရိုအေးရှား**

| | |
|---|---|
| ကစားမည့် ရက်၊ အချိန်နှင့် ကွင်း | ၁၈-၆-၂၀၁၄၊ နံနက် ၄း၃၀ Arena da Amazonia |
| နောက်ဆုံးဆုံတွေ့မှုရလဒ် | မရှိ |

ကင်မရွန်းအသင်းရဲ့ ခြေစွမ်းပိုင်း တည်ငြိမ်မှုအားနည်းနေတယ်။ အန်ကိုလူ၊ အက်စ်ကော်တိုတို့ ဦးဆောင်တဲ့ ကင်မရွန်းခံစစ်ကလည်း ကစားပုံသာမန်သာရှိတယ်။ ကင်မရွန်းတိုက်စစ်က အားနည်းချက်တွေရှိနေသလို အဓိက တိုက်စစ်မှူး အီတူးကလည်း ဒဏ်ရာကြောင့် ဒီပွဲကိုလွဲချော်ရမှာမို့ ကင်မရွန်းအသင်း တိုက်စစ်ပိုင်း ပိုမိုအားနည်းနိုင်တာကို သတိပြုရမယ်။ ခရိုအေးရှားအသင်းက အဖွင့်ပွဲစဉ်မှာ အိမ်ရှင်ဘရာဇီးအသင်းကို အရေးနိမ့်ခဲ့ရတယ်ဆိုပေမယ့် လျင်မြန်တဲ့ကစားနှုန်းနဲ့ ကစားတတ်တဲ့အသင်းမို့ ကင်မရွန်းအသင်းကို အကောင်းဆုံးရင်ဆိုင်နိုင်စွမ်းရှိတယ်။ ခရိုအေးရှားအသင်းရဲ့ခံစစ်ပိုင်းဟာ အကောင်းဆုံးပုံစံ မရှိသေးပေမယ့် ကင်မရွန်းရဲ့ တိုက်စစ်ပိုင်း အားနည်းမှုကြောင့် ဒီပွဲမှာ ခရိုအေးရှားခံစစ်အနေနဲ့ ကြီးမားတဲ့အခက်အခဲနဲ့ ရင်ဆိုင်ရဖို့မရှိဘူး။ ဒါပေမယ့် ခရိုအေးရှားအသင်း တိုက်စစ်ကတော့ အဆုံးသတ်ပိုင်း အားနည်းနေတာကြောင့် ဂိုးရရှိရေးအတွက် ရုန်းကန်ရနိုင်တယ်။ နှစ်သင်းစလုံး အနိုင်ရလဒ်ရရှိဖို့ အားစိုက်လာမှာကြောင့် အကြိတ်အနယ်ရှိမယ့်ပွဲဖြစ်ပြီး ခြေစွမ်းပိုင်းကွာဟမှု ကျဉ်းမြောင်းလို့ သရေရလဒ်သာ ထွက်ပေါ်လာနိုင်တယ်။

**ဖြစ်နိုင်ဖွယ်ရလဒ် ၁-၁**

ထက်အောင်

အင်နီယေစတာ